

# တမာရွက်လှည်းတန်းနှင့် အနီးတစ်ဝိုက်

ခင်ဆွေဦး
တက္ကသိုလ်ခင်မောင်အေး
ဟိန်းလတ်
မောင်ဝဏ္ဏ
အောင်ဘညို
သော်ဒီဝေ
မျိုးမြတ်သူ
မျိုးမြင့်အုန်း
မိုးကျော်သူ
ရာသက်ပန်(တောင်ငူဆောင်)
မျိုးငြိမ်းဆွေ
သော်ဒါရွှေ
တော်တီဆွေ

ကြည်လင်ရေအား စီစဉ်သည်။

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ကမာရွတ်လှည်းတန်းနှင့် အနီးတစ်ဝိုက်

ကြည်လင်အေး
စီစဉ်သည်။

ပထမအကြိမ်၊ ၂၀၂၂

ကမာရွတ်လှည်းတန်းနှင့် အနီးတစ်ဝိုက်၊ တက္ကသိုလ်ခင်မောင်အေးနှင့် အခြား
မျက်နှာဖုံးနှင့် အတွင်းသရုပ်ဖော် - တော်တီဆွေ
စာမျက်နှာ ၁၃၇ မျက်နှာ၊ ၁၃. စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၂၊ ဇန်နဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

# မာတိကာ

## ကမာရွတ်လှည်းတန်းနှင့်အနီးတစ်ဝိုက်


| | | |
|---|---|---|
| ၁။ တစ်ခါက ပြည် တကောင်းဝန်းကျင် | တက္ကသိုလ် ခင်မောင်အေး | ၃ |
| ၂။ တက္ကသိုလ်စာမျက်နှာများ | ခင်ဆွေဦး | ၁၁ |
| ၃။ အလည်လာသူများ | ဟိန်းလတ် | ၃၃ |
| ၄။ လှည်းတန်းရဲ့ ရော့ခ်ဒိုင်ယာရီ | သော်ဒီဝေ | ၄၂ |
| ၅။ သီတင်းကျွတ်တော့မည် | မျိုးမြတ်သူ | ၄၈ |
| ၆။ ရေဒီယိုလှည်းတန်း | မျိုးမြင့်အုန်း | ၅၃ |
| ၇။ ကမာရွတ်လှည်းတန်း/၉၆ | အောင်ဘညို | ၇၃ |
| ၈။ ကမာရွတ်သားတစ်ယောက်ရဲ့ ဘဝဇာတ်ကြောင်းအစ | သော်ဒါရွှေ | ၇၉ |
| ၉။ နှလုံးသားတစ်မြွာ ဖြာခနဲ | မောင်ဝဏ္ဏ | ၈၅ |
| ၁၀။ ပြက္ခဒိန်ဟောင်းများဆီ ခရီးသွားခြင်း | ရာသက်ပန် (တောင်ငူဆောင်) | ၁၀၈ |
| ၁၁။ ကြေးရည်သောက်တဲ့ည | မျိုးငြိမ်းဆွေ | ၁၂၀ |
| ၁၂။ ပန်းချီခံစားမှု | တော်တီဆွေ | ၁၃၂ |
| ၁၃။ ထမင်းဖြူ သုံးရာဖိုး | မိုးကျော်သူ | ၁၃၄ |
| ၁၄။ ဖြတ်သွားတဲ့ကားထဲက ကျွန်တော် | မိုးကျော်သူ | ၁၃၆ |


■

# ကမာရွတ်လှည်းတန်းနှင့်
# အနီးတစ်ဝိုက်

ရန်ကုန်မြို့တွင် ဆူးလေရပ်ဝန်းပြီးလျှင် ကမာရွတ် လှည်းတန်းသည် ဒုတိယအစည်ကားဆုံးဆို၍ ရကောင်းပါသည်။

ကမာရွတ် လှည်းတန်းကို ဖွဲ့ဆိုသော စာပေလက်ရာများလည်း အမြောက်အမြားပင် ဖြစ်ပါသည်။ လှည်းတန်း၏ ရှုခင်း၊ လှည်းတန်း၏ အငွေ့အသက်အကြောင်းကို ပြောလျှင် မရန်းပင်ရိပ်၊ ကုံ့ကော်ပင်ရိပ်မှ ရန်ကုန်တက္ကသိုလ်ကြီးသည်လည်း မလွဲမသွေ ပါဝင်လာပါသည်။

ယခု စာပေလက်ရာကို စစည်းသည့်အခါ ဆောင်းပါးနှင့် အက်ဆေးလည်း ပါစေပြီး လှည်းတန်းရင်ခုန်သံ ပီသသည့် ဝတ္ထုတိုလည်း မချန် စာမွန်များဖြစ်စေဖို့ ရည်သန်ခဲ့ပါသည်။

ခေတ်ထဲက အသံ ခေတ်ပေါ်ကဗျာနှစ်ပုဒ်ဖြင့် စာစုကို အနားသတ်ပါသည်။

ကမာရွတ်လှည်းတန်းသည် အရောင်စုံ၊ အသံစုံ၊ ယဉ်

ကျေးမှုစုံ ဆုံရပ်ကြီးဖြစ်လေရာ ယခု **'ကမာရွတ်လှည်းတန်းနှင့် အနီးတစ်ဝိုက်'** စာစုများသည် ရှုထောင့်နှင့် ခံစားမှုစုံလင်ခြင်းကို ကြိုးစားထင်ဟပ်ထားခြင်း စာတစ်အုပ်သာ ဖြစ်ပါကြောင်း ပြောလိုပါသည်။ ။

## တစ်ခါက ပြည် တက္ကသိုလ်ကျောင်းဝန်းကျင်

▶ တက္ကသိုလ်ခင်မောင်အေး

ကျွန်တော်က အသက်ကြီး၍ အရွယ်ရင့်လာပြီ။ အရွယ်ရင့်ကာ အိုမင်းလာသူတို့အဖို့ ဘဝအနာဂတ် သိပ်မရှိတော့ပြီ။ မျှော်မှန်းတောင့်တ ရည်ရွယ်ချက်တို့လည်း နည်းပြီ။ ပစ္စုပ္ပန်၌ ဝင်ဆံ့မှုတို့လည်း မှေးမှိန်နေပြီ။ ထို့ကြောင့် အတိတ်ကာလ ငယ်ရွယ်စဉ်က ရွှန်းလက်တောက်ပခဲ့မှု၊ ဘဝရည်ရွယ်ချက်တို့ ပြည့်ဝထွန်းလင်းခဲ့စဉ်က အဖြစ်တို့ကို ပြန်လည်တသ သတိတရရှိနေရခြင်းသည်သာလျှင် ဘဝဖြစ်နေရပါပြီ။

ထို့ကြောင့် အတိတ်က ကြည်မွေ့စရာဘဝကိုပြန်လည်၍ စားမြုံ့ပြန်မိလျှင် ကျွန်တော်၏ တက္ကသိုလ်နေ့ရက်များသည် မမေ့နိုင်သည့်နေ့ရက်များအဖြစ်ဖြင့်သာလျှင် ရှိနေခဲ့ပြီ။ ထို့ကြောင့် ဆယ်ကျော်သက်အရွယ် နုပျိုစဉ်က တက္ကသိုလ်ကျောင်းသားဘဝကို သတိတရ ရှိရဆဲပင်ဖြစ်နေရသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ပထမဦးဆုံးသော လွတ်လပ်သော တက္ကသိုလ်ကျောင်းသားအဖြစ် ကျွန်တော်သည် တကောင်း

ကျောင်းဆောင်၌ နေခဲ့ဖူးသည်။ တကောင်းဆောင်သည် ပြည်ကျောင်းဆောင်နှင့် တစ်ဝင်းတည်းဖြစ်ကာ သစ်သားအဆောင်မည်းမည်းကြီးဖြစ်သည်။ ပြည်–တကောင်း အဆောင်ညီနောင်သည် မျက်နှာချင်းဆိုင်...။

ပြည်–တကောင်းကျောင်းဆောင်တို့၏အကြောင်းကို ကျွန်တော်တက္ကသိုလ်သို့ မရောက်သေးမီ၊ မမြင်ဖူးသေးမီကတည်းကပင် တက္ကသိုလ်ကျောင်းသားကြီး ဖြစ်နေပြီဖြစ်သော ကျွန်တော့်အစ်ကိုကြီးထံမှ ကြားသိဖူးခဲ့ရသည်။

အစ်ကိုသည် စစ်မဖြစ်မီကတည်းကပင် တက္ကသိုလ်သို့ရောက်ခဲ့သည်။ သူက ပြည်ကျောင်းဆောင်၌နေခဲ့သည်။ သူက အုတ်တိုက်အဆောက်အအုံကြီးများဖြစ်သော တက္ကသိုလ် ဗဟိုကျောင်းဆောင်များထက် သစ်သားအဆောင်များဖြစ်သော ပြည်–တကောင်းဆောင်နှင့် ပတ်ဝန်းကျင်ကို ပိုမိုနှစ်သက်၍ ပြည်ကျောင်းဆောင်၌နေသည်ဟု ဆိုပါသည်။ ပြည်–တကောင်းဝင်းနှင့် ဝန်းကျင်တို့၏အလှတို့ကိုလည်း သူ ကျွန်တော့်ကို ပြန်ပြောပြလေ့ရှိပါသည်။

ထို့ကြောင့် မြန်မာပြည်ကြီး လွတ်လပ်ရေးရသောနှစ်၌ ကျွန်တော်တက္ကသိုလ် တက်ရောက်သင်ကြားခွင့်ရသောအခါတွင် တကောင်းကျောင်းဆောင်၌ ကျွန်တော်နေခဲ့ပါသည်။ ကျွန်တော့်အရင် တစ်နှစ်စော၍ တက္ကသိုလ်သို့ ရောက်သွားကြသော ကျွန်တော့်သူငယ်ချင်းတော်တော်များများမှာလည်း ပြည်–တကောင်းဆောင်များ၌ နေကြသည်ဖြစ်၍ ကျွန်တော့်အဖို့ ပိုမိုအဆင်ပြေသွားခဲ့သည်။

ထိုစဉ်က ပြည်–တကောင်း ကျောင်းဆောင်များတွင် အင်ဂျင်နီယာကျောင်းသားကြီးများ၊ ဘီအယ်လ် ဥပဒေသင်တန်းတက်နေသော ကျောင်းသားကြီးများ၊ ဘီအီးဒီပညာရေး သိပ္ပံတက်နေသော ကျောင်း

သားကြီးများနှင့် ဆေးသိပ္ပံတက်နေသော ဆရာဝန်လောင်း ကျောင်းသားကြီးများလည်း ရှိနေကြပါသည်။ ထိုစဉ်က ဇွန်လ (၁) ရက်နေ့သည် ရန်ကုန်တက္ကသိုလ်ကျောင်းတော်ကြီး ပြန်လည်ဖွင့်လှစ်သည့်နေ့ဖြစ်၍ ကျွန်တော် တကောင်းကျောင်းဆောင်သို့ စတင်ရောက်ရှိ နေထိုင်သောအခါတွင် မိုးကလေးတဖွဲဖွဲ ကျစပြုနေပါပြီ။

ကျွန်တော်ကျောင်းဆောင်သို့ စတင်ရောက်ရောက်ချင်းမှာပင် ပြည်–တကောင်း ဝန်းကျင်၏အလှကို ကျွန်တော်ခံစားရသည်။ ပြည်ကျောင်းဆောင်နှင့် တကောင်းကျောင်းဆောင်မှာ မျက်နှာချင်းဆိုင် တည်ရှိနေကြပြီး အလယ်တွင် မြက်ခင်းပြင်ရှိသည်။ ကျောင်းဆောင်နှစ်ခု၏ ကတ္တရာလမ်းမှာ မြက်ခင်းပြင်နှစ်ခုကို ပတ်ဝိုင်းထားပြီး အလယ်တွင် ကျောင်းဆောင်နှစ်ခု ကူးသန်းရာ ကတ္တရာဖြတ်လမ်းရှိသည်။ မြက်ခင်းပြင်ကို ပုဏ္ဏရိက်ပင်တန်းဖြင့် အနားသတ်ထားပြီး ကံ့ကော်ပင်ပျိုများလည်း တန်းစီပတ်ဝိုင်း၍ ပေါက်နေကြသည်။

ပြည်–တကောင်း ကျောင်းဆောင်များ ကူးသန်းရာ ကတ္တရာဖြတ်လမ်းတစ်လျှောက်၌လည်း စိန်ပန်းပြာပင်တန်းရှိသည်။ စိန်ပန်းပြာတို့ပွင့်နေချိန်ကာလတွင် ပန်းကြွေပွင့်ပြာပြာကလေးများ ကတ္တရာလမ်းမပေါ်၌ ပြန့်ကျဲနေသည်။ ထိုလမ်းကလေးကို ကျွန်တော်တို့ဖြတ်၍သွားလျှင် ပွင့်ကြွေပန်းပြာပြာကလေးများကို နင်း၍ သွားကြရပါ၏။

ကျွန်တော်ကတော့ စိန်ပန်းပြာကလေးများကို ချစ်သည်ဖြစ်၍ ပွင့်ကြွေကလေးများကို မနင်းရက်ပါ။ လမ်းပေါ်၌ လဲလျောင်းနေသော သူတို့လေးတွေကို ကျွန်တော်က မနင်းမိအောင် ကွေ့ရှောင်၍ သွားလေ့ရှိပါသည်။ လသာသောညများဆိုလျှင် စိန်ပန်းပြာပင်တို့၏အောက်၌ ကျွန်တော်နှင့် ခင်မောင်တင့်(တက္ကသိုလ်ဘုန်းနိုင်)တို့ ဖိနပ်ဖင်ခု၍ ထိုင်ကာ စကားထွေရာ ပြောတတ်ကြပါသည်။ အများအားဖြင့်တော့

ကျောင်းစာများထက် အနုပညာရေးရာ၊ စာပေရေးရာ၊ သူနှင့်ကျွန်တော် ရေးကြမည့် ဝတ္ထုများအကြောင်းကိုသာ ပြောမိတတ်ကြပါသည်။ တစ်ခါတစ်ရံမှား ကျပြန်တော့လည်း ကျွန်တော်တို့သူငယ်ချင်းတစ်စု ထိုနေရာမှာပင် ဂီတဝိုင်းဖွဲ့တတ်ကြသည်။

ချွဲချွဲနွဲ့နွဲ့နှင့် ကြားရသူအပေါင်းကို ဖမ်းစားတတ်သော သူ့တယောလက်သံကြောင့် "တယောတစ္ဆေ" ဟု အမည်ပေးခံရသည့် မောင်ရှိန် (ကောင်းကင်မြေတိုင်းဌာန၊ ညွှန်ကြားရေးမှူး –ကွယ်လွန်) က တယော၊ တင်မောင်လတ် (ပြည်တွင်းသောင်းကျန်းမှုကာလက ရဲဘော်ဖြူဗိုလ်အဖြစ် ကျဆုံး) နှင့် မောင်မောင်တို့က မယ်ဒလင်၊ ကျန်ကျွန်တော်တို့ ဝိုင်းတော်သားများက အဆိုတော်များအဖြစ်နှင့် ကျွန်တော်တို့ ဂီတဝိုင်းမှာ စည်ကားခဲ့ပါသည်။

ထိုစဉ်က ကျွန်တော်တို့နေသော တကောင်းဆောင်၌ စားရိပ်သာ မရှိသေးသဖြင့် ပြည်ကျောင်းဆောင်သို့ ကျွန်တော်တို့သွား၍ ထမင်းစားရပါသည်။ ထို့ကြောင့် ကျွန်တော်တို့ အဆောင်သားများသည် ပြည်ကျောင်းဆောင်သားတို့နှင့်လည်း နှစ်ကိုယ့်တစ်ကိုယ်ဖြစ်ကာ ရင်းနှီးကြသည်။ ကျောင်းဆောင်နှစ်ခုစလုံး၏ အဆောင်မှူးမှာလည်း ပြည်ကျောင်းဆောင်အပေါ်ထပ် အလယ်ကောင် အခန်းကြီး၌ နေထိုင်သော အင်ဂျင်နီယာကောလိပ်မှ ဆရာဦးကျော်ထွန်းဖြစ်သည်။ ဆရာတို့ ဇနီးမောင်နှံမှာ သဘောကောင်းပြီး ကျောင်းသားများအပေါ်၌ ကြင်နာတတ်သူများဖြစ်၍ ကျွန်တော်တို့အဆောင်သားများမှာ ဆရာတို့ဇနီးမောင်နှံကို ချစ်ကြ၊ ခင်ကြ ရှိသေကြပါသည်။

ပြည်ကျောင်းဆောင်နှင့် တကောင်းဆောင်မှာ အမြွှာညီနောင် အဆောင်များအဖြစ် တည်ရှိနေသည်နှင့်အညီ တစ်ဆောင်နှင့်တစ် ဆောင် အပ်ကျတာကအစ အပြန်အလှန် သိကြပါသည်။ တစ်နေ့တွင် တော့

ဆရာ့အခန်းကို ဆရာကတော်၏ တူမဆိုသော ရှမ်းမကလေး ခပ်ချောချောတစ်ယောက် ရောက်ရှိလာသည်။ ထိုသတင်းမှာလည်း ချက်ချင်းလိုပင် အဆောင်နှစ်ခုလုံးရှိ ကျောင်းသားများထံသို့ သတင်းပျံ့သွားသည်။ ထိုအမျိုးသမီးကလေးမှာ ရှမ်းအမျိုးသမီးကလေးပီပီ ဖြူဖြူနွဲ့နွဲ့ ချောချောလှလှကလေးပင်ဖြစ်သည်။ သူကား နောင်သောအခါတွင် နာမည်ကျော် ရုပ်ရှင်မင်းသမီးချောဖြစ်လာမည့် မေရီမြင့်ပါပင်တည်း။

ဆရာ့အိမ်ခန်းသို့ သူရောက်လာပြီးနောက် ပြည်ကျောင်းဆောင်ရှမ်းလမ်းမပေါ်၌ ကျောင်းသားတွေ ဟိုလိုလို ဒီလိုလိုနှင့် ခေါက်တုံ့ခေါက်ပြန် လမ်းသလားသူတွေများလာသည်။ ဆရာ့အခန်းနှင့်တည့်တည့် ကျွန်တော်တို့ တီးဝိုင်းဖွဲ့ရာ စိန်ပန်းပြာပင်အောက်၌ အဆိုတော်များ ပို၍များလာသည်။ ထို့ပြင် ဆရာ့အခန်းနောက်ဘက်ရှိ အပေါ်ထပ်ရေချိုးခန်း၌လည်း ရေချိုးခန်း အဆိုတော်တွေ ပိုများလာရုံမျှမက နံနက်စောစောတွင်လည်း ရေချိုးခန်းဘက်သွားရာ စင်္ကြံလမ်းဝရန်တာလက်ရန်း၌ မျက်နှာသစ်၊ သွားတိုက် နေကြသူများမှာလည်း တန်းစီလျက်ရှိနေတတ်ကြပြန်သည်။ အဘယ်ကြောင့်ဆိုသော် ထိုနေရာမှနေ၍ကြည့်လျှင် ဆရာ့အခန်းထဲမှ မီးဖိုဘက်ဆီသို့ ပြတင်းပေါက်မှတစ်ဆင့် မြင်ရပြီး ချက်ရေးပြုတ်ရေးဆိုင်ရာ ကူညီလုပ်ကိုင်နေသော မေရီမြင့်ကို ရိုးတိုးရိပ်တိပ် မြင်နိုင်ကြသောကြောင့်ပင် ဖြစ်ပါသည်။

သို့သော်လည်း နောက်များမကြာမီမှာပင် မေရီမြင့် ဆရာတို့ဆီမှ ပြောင်းရွှေ့သွားပါတော့သည်။ ဤတွင် ကျောင်းသားတွေ ကြေကွဲဝမ်းနည်းဖြစ်ကြရသည်။ ဆရာ့အခန်းသို့ ဝင်နိုင်ထွက်နိုင်သော အင်ဂျင်နီယာကျောင်းသားကြီး ကိုကျော်ထွန်း (ယခုဆိပ်ကမ်း အင်ဂျင်နီယာအငြိမ်းစား) ၏ အဆိုအရမူ ကျောင်းသားတွေ ရတ်ရတ် ရတ်ရတ်ရှိနေ

လွန်းကြ၍ မျက်စိနောက်သဖြင့် ဆရာကတော်က သူ့တူမကို အခြားနေရာသို့ ပြောင်းခိုင်းလိုက်ခြင်းဖြစ်သည်ဟု ဆိုပါသည်။

ဤတွင် ရေချိုးခန်းမင်းသားတို့သည် ခေတ်ဟောင်းအဆိုတော် ဒေါ်စိန်ပါတီဆိုခဲ့သော 'ရှင်မွန်လှ' သီချင်းထဲမှ သီချင်းစာသားပိုဒ်ကို ဖျက်၍ ဆိုကြသည်မှာ စီစီညံသွားကြသည်။ သူတို့ဆိုကြသည်မှာ "ဆရာကတော်သည် ရှမ်းမကလေးကို အဝေးသို့ နှင်လေသည်" ဟူ၍ ဖြစ်ပါ၏။

ကျွန်တော်တို့ ပြည်–တကောင်းအဆောင်ဝင်းမှာ ပတ်လည်လမ်းရှိပြီး ပတ်ဝန်းကျင် သာယာသဖြင့် ညနေဆိုလျှင် လမ်းလျှောက်ကြသော ဆရာများကို မကြာခဏ မြင်ရတတ်ပါသည်။

မြန်မာစာပါမောက္ခ ဦးဧမောင်ဆိုလျှင် သူ့ဘေးတစ်ဖက်တစ်ချက်၌ ဆရာဦးမောင်မောင်ကြီးနှင့် ဆရာဦးလှမောင်တို့ခြံရံလျက် စကားတပြောပြောနှင့် အဆောင်ရှေ့လမ်းကိုပတ်၍ လမ်းလျှောက်တတ်ပါသည်။ ထို့ပြင် ကျွန်တော်တို့အဆောင်၏ ရှေ့ဘက်ရှိအိမ်၌ နေကြသော ဆရာဦးခင်မောင်လတ်နှင့် ဒေါ်ခင်မျိုးချစ်တို့ ညနေတွင် လမ်းလျှောက်ကြသည်ကိုလည်း တွေ့ရတတ်သည်။

ကျွန်တော်တို့ အဆောင်ဝင်းအတွင်း၌ ကုလားလက်ဖက်ရည်ဆိုင်တစ်ဆိုင်ရှိသည်။ ထိုဆိုင်ရှင်ကုလားကြီးမှာ အလွန်သဘောကောင်းသည်။ ကျွန်တော်တို့ တစ်ခါတစ်ရံ ဘိုင်ကျ၍ မြို့ထဲသွားစရာ ဘတ်(စ်)ကားခမရှိလျှင် သူ့စားပွဲရှေ့ရှိ ပိုက်ဆံသေတ္တာထဲမှ ကျွန်တော်တို့လိုသလောက် နှိုက်ယူသွား၍ရသည်။ လဆန်းရက် အိမ်ကငွေရောက်လာမှ တစ်လစာ စားထားသော အကြွေးနှင့်ရောပြီး ဆပ်လိုက်လျှင် ပြီးသည်။

ကျွန်တော်တို့အခန်းများမှ လှမ်းမှာလျှင်လည်း သူ့ဆိုင်က တမ္ဘီးဆိုသော ကုလားကလေးက လာပို့သည်။ ကျွန်တော်တို့အခန်းများက

တကယ်တော့ သူတို့ဆိုင်နှင့် မနီးပါ။ လှမ်းအော်ပြီးမှာ၍လည်း မရနိုင်ပါ။ ထို့ကြောင့် ကျွန်တော်တို့ ကျောင်းကပ်အခန်း၌ နေကြသော ကိုလေးမောင် (နိုင်ငံခြားရေးဝန်ကြီးဟောင်း၊ ကွယ်လွန်) နှင့် ကိုစောလွင် (ဒု-ဗိုလ်မှူးကြီး အင်္ဂလန်စစ်သံ ကွယ်လွန်) တို့က သူတို့အခန်းနှင့် ကာတာလက်ဖက်ရည်ဆိုင်ကို ဘက်ထရီနှင့် လက်လှည့်တယ်လီဖုန်း ဆက်သွယ်ထားပါသည်။ ထိုတယ်လီဖုန်းရှိနေ၍ ကျွန်တော်တို့ ဟန်ကျလှသည်။ စားချင်တာ လိုချင်တာများကို ကျွန်တော်တို့ဆီမှ လှမ်းမှာလိုက်ရုံဖြင့် အခန်းသို့ ရောက်လာပါသည်။

ယခုတော့ ထိုလက်ဖက်ရည်ဆိုင်ကလေး မရှိတော့ပါ။ သူ့နေရာ အုတ်အခင်းသာလျှင် ရှိပါတော့သည်။ သူ့ဆိုင်နေရာနံဘေးမှ သစ်ပင်ကလေးသည်သာ ယခုအချိန်၌ ခိုင်မတ်မြင့်မားစွာ ရှိနေသည်ကို တွေ့ရတော့သည်။ ကျွန်တော်တို့ ပြည်-တကောင်းဝန်းကျင်၏ ထိုသို့သော ပြောင်းလဲမှုတို့ကို မကြာသေးမီက တက္ကသိုလ်စိန်ရတုသဘင် အကြိုပွဲများ ပြုလုပ်ကျင်းပခဲ့ကြစဉ်က ပြည်-တကောင်းဆောင် မျိုးဆက်ဟောင်း မျိုးဆက်သစ်တို့ တွေ့ဆုံပွဲသို့ ကျွန်တော်ရောက်ခဲ့စဉ်က မြင်တွေ့ခဲ့ရခြင်းဖြစ်ပါသည်။

ကျွန်တော်တို့ ပြည်-တကောင်းဆောင်များ၏ ပြောင်းလဲမှုက အခြားအဆောင်များထက် ထူးခြားပါသည်။ ပြည်-တကောင်းဆောင်များသည် ယခုတော့ ပညာရေးတက္ကသိုလ်ကျောင်းသူတို့၏ အဆောင်များဖြစ်နေခဲ့သည်မှာ ကြာပါပြီ။ အဆောင်ဝရန်တာလက်ရန်းများ အပေါ်ဘက်ဆီ၌လည်း ဟာလာဟင်းလင်း မဟုတ်တော့ပါ။ သံဆန်ခါများ ကာရံပြီးပါပြီ။ အဆောင်လမ်းဘေးတစ်လျှောက်မှ ကုံကော်ပင်ပျိုကလေးတို့သည် ကြီးရင့်မြင့်မားနေကြပြီ၊ ကျွန်တော်တို့ခေတ်က မရှိခဲ့သော သရက်ပင်တို့သည်ပင်လျှင် ယခုတော့ မြင့်မားအုပ်ဆိုင်းနေပါပြီ။

ဆိတ်ငြိမ်လှပသာယာသော ပြည်–တကောင်းဝန်းကျင်ကို ကျွန်တော်မမေ့နိုင်ပါ။

ရန်ကုန်တက္ကသိုလ် စိန်ရတုစာစောင်

■

## တက္ကသိုလ်စာမျက်နှာများ

▶ ခင်ဆွေဦး

[က]

ကျွန်မ ငယ်စဉ်က စာတော်သောကျောင်းသူ လုံးဝမဟုတ်ခဲ့ပါ။ ကျောင်းသင်ရိုးပညာ အရည်အချင်း၌ မှန်တန်းမျှသာ ဖြစ်ခဲ့သည်။ ဥပမာအားဖြင့် ကျောင်းသား ၄၂ ယောက်တွင် အဆင့် (အမှတ်စဉ်– In Order of Merit) အလိုက် ၂၀ ဝန်းကျင်မျှသာ ရှိခဲ့သည်။ ၁၂၊ ၁၃၊ ၁၄ လောက် အဆင့်ရှိခဲ့လျှင် ကိုယ့်ကိုယ်ကိုယ် ကျေနပ်ခဲ့သည်။ ပထမ၊ ဒုတိယ၊ တတိယ အဆင့်တို့သည် ကိုယ်နှင့် လုံးဝ မသက်ဆိုင်သလိုပင်။ သည်အဆင့်ရှိနေသူများကို မနာလိုဝန်တိုခြင်း မရှိခဲ့ရုံမက ကျွန်မ သည်အဆင့်သို့ မရောက်ခဲ့သည့်အတွက် ဝမ်းနည်းဖွယ်ဟူ၍ ကိုယ့်ကိုယ်ကိုယ် တစ်ခါမျှ မထင်ခဲ့ပါ။ အတန်းထဲ ပထမရနေကျ မိန်းကလေးတစ်ဦး တတိယအဆင့်ရသဖြင့် ဝမ်းပန်းတနည်း ငိုနေသောအခါ ကျွန်မ နားမလည်ဖြစ်ခဲ့ရသည်။

တချို့သော မိဘတို့သည် သားသမီးများ စာမေးပွဲ၌ အဆင့်ကျလျှင် မုန့်ဖိုးလျှော့ခြင်း၊ ရိုက်နှက်ခြင်း၊ ဒဏ်ပေးခြင်း ပြုကြသည်။ ကျွန်မ

မိဘများကတော့ ရိုက်နှက်ဖို့ဝေးလို့ ဆူပူခြင်းပင် မပြုတတ်ကြပါ။ ကျွန်မ သိမ်ဖြူလမ်း၊ ကွန်ဗင့်ကျောင်းခွဲ (ပင်မစိန့်ဂျွန်းကွန်ဗင့် ယခု လသာ ၂) တွင် ၅ တန်း ရောက်သောနှစ်၊ နှစ်ဝက်စာမေးပွဲစစ်စဉ် အဆင့် ၇ ရှားရှား ပါးပါး ရဖူးပါသည်။ စာမေးပွဲကြီးတွင် ဘယ်မျှရသည်မသိ။ ကျောင်း သား ၄၀ အနက် အတန်းတင်ရာတွင် အတန်းကျော်၍ ၇ တန်းသို့ ရောက်လာကြသည်။ ဒုတိယကမ္ဘာစစ်၊ စစ်ဘေးဒဏ်ကြောင့် နှောင့်နှေး ခဲ့ရသော ပညာသင်နှစ်တွေ 'ကာ' မိအောင် ဆိုကြသည်။

ထိုစဉ်တုန်းက ၆ တန်းမျှနှင့်ပင် မက်ထရစ် (တက္ကသိုလ်ဝင်) စာမေး ပွဲ ဖြေခွင့်ရခဲ့ကြသည်။ ကျွန်မတို့ ကျောင်းကတော့ အခြေခံ ညံ့မည်စိုး သောကြောင့် သည်လိုဖြေခွင့် မပေးခဲ့ပါ။ ၉ တန်းရောက်မှသာ ၉ တန်း (High School Final) စာမေးပွဲနှင့် ၁၀ တန်း (တက္ကသိုလ်ဝင်ခွင့်ခေါ် မက်ထရစ်) စာမေးပွဲကို တစ်နှစ်တည်း ဖြေခွင့်ပြုခဲ့သည်။ စာမေးပွဲ အချိန်ကား ရှေ့ဆင့်နောက်ဆင့်။ ပြဿနာစာအုပ်များက အင်္ဂလိပ်ရော၊ မြန်မာရော ကွဲပြားသည့်အပြင် သမိုင်း၊ ပထဝီ ပြဿနာချက်များမှာလည်း အနည်းငယ် ကွဲပြားသည်။ ပင်ပန်းလိုက်သည့်ဖြစ်ခြင်း၊ ပေါင်ချိန် ၁၀၈ မျှသော ကျွန်မကိုယ် အလေးချိန်သည် ၁၀၀ အောက် ၉၀ ကျော်ကျော် မျှသာ ကျန်တော့သည်။

၉ တန်းအောင်သူများအတွက် အစိုးရဌာနများတွင် အလုပ်လုပ်နိုင် ပြီး ၁၀ တန်းအောင်သူတို့ တက္ကသိုလ်ဝင်ခွင့် ရကြသည်။ အကြမ်းဖျင်း အားဖြင့် ၉ တန်း အအောင်များကြသည်။ တက္ကသိုလ် ရောက်ချင်သူများ ဒိုပွဲဆင်ကြသည်။ ကံကောင်းစွာပင် ကျွန်မနှင့် သူငယ်ချင်းတစ်သိုက် နှစ်မျိုးစလုံး စိန့်မေရီဒိုင်အိုဆီဇင်ကျောင်းမှ အောင်ကြသဖြင့် ဆရာများ မျက်မှောက် မျက်နှာပန်း အလွန်လှကြသည်။ စာပေဝါသနာအိုး ဆရာမ ကြီး ကက်သလင်း ခင်ခင်က အင်္ဂလိပ်ဘာသာနှင့် စာအုပ်များ ကျွန်မ

တို့ကို ဆုချသည်။ ဆာရိုက်ဒါဟက်ဂက်၏ Golden City လုံးချင်းဝတ္ထု ကျွန်မ ရရာတွင် ဆရာကြီး ဒဂုန်ရွှေမျှားက ကျွန်မဆီမှ စာအုပ်ငှားပြီး 'ရွှေမြို့တော်' အမည်ဖြင့် ဘာသာပြန်သည်။

ကျွန်မ ရှစ်တန်းတုန်းက အဖြစ်အပျက်တစ်ခုကို သတိရနေမိပါသေးသည်။ လစဉ်စာမေးပွဲတွင် ထုံးစံအတိုင်း အဆင့် ၂၀ ဝန်းကျင်တွင် ကျင်လည်နေဆဲ၊ နှစ်ဝက်စာမေးပွဲကျမှ ထူးခြားစွာ အဆင့် ဒုတိယ ရပါသည်။ အတန်းပိုင်ဆရာမ တီချာမက်ဂီ Magie က ကျွန်မအား ပြုံးကြည့်ကာ–

"Olga (အော်လဂါ ကျွန်မကျောင်းနာမည်) လာစမ်း"

သူ့စားပွဲအနီး လက်ယပ်ခေါ်သဖြင့် ကျွန်မ ဝမ်းပန်းတသာ သွားပါသည်။ သူ့အနီးရောက်လျှင် ကျွန်မထိပ်ကို သူ၏ သစ်သားခေါက် ယပ်တောင်နှင့် နှစ်ချက်မျှရိုက်ကာ ဖိုက်ခေါက်ကို လိမ်ဆွဲပါသည်။

"သဘောပေါက်တယ်နော်"

ကျွန်မ နာလွန်းသဖြင့် မျက်ရည်တလည်လည်ဖြစ်ကာ ခေါင်းညိတ်ပြလိုက်ရသည်။ သူစိတ်ဆိုးမည်ဆိုလည်း ဆိုးစရာ၊ နောင် လစဉ် စာမေးပွဲများတွင် အဆင့် ၂၀ ကျော်အထိ ကျသွားပြန်သည်။ သူက လက်လျှော့သွားကာ ကျွန်မကို "ငပျင်းမ" ဟု နာမည်ပေးပါသည်။ ကျွန်မသည် နာမည်အတွက် နာရမှန်း ရှက်ရမှန်း မသိပါ။ အရိုက်လွတ်ရင် ပြီးရော။ ၁၀ တန်းတွင် ဆရာမများက ကျွန်မအား အင်္ဂလိပ်ဘာသာနှင့် မြန်မာဘာသာများ ဂုဏ်ထူးရရန် မှန်းကြသော်လည်း ဂုဏ်ထူးတစ်ဘာသာမျှ မရခဲ့ပါ။ သည်အတွက်လည်း ကျွန်မ ကိုယ့်ကိုယ်ကိုယ် မကျေမနပ် မဖြစ်ခဲ့ပါ။

ကျွန်မ၏အိမ် ကိုယ်ပိုင်စားပွဲပေါ်တွင် ကျောင်းသင်ရိုး ဘာသာရပ် စာအုပ်များအစား အခြားသော စာအုပ်များသာ ပြည့်နေတော့သည်။

အမေရိကန် စာရေးဆရာမကြီး ပါးလ်ဘတ်ခ်၏ Good Earth ဝတ္ထု နှင့် The Mother, သခင်ဘသောင်း၏ ပန်းသာမစာအုပ်၊ ဂျာနယ်ကျော် မမလေး၏ သူလိုလူ၊ ဒဂုန် မဂ္ဂဇင်းများ၊ အိုးဝေ မဂ္ဂဇင်းများ၊ ဗန်းမော် တင်အောင်၏ မုန်တိုင်းထဲကလူ စသည်များ ဖြစ်ပါသည်။

*

ကျောင်းပြဌာန်း ဘာသာရပ်များမှ 'စာ' များကို '၏' 'သည်' မလွဲ အလွတ်ကျက်ရခြင်း ကျွန်မ အလွန်ဝန်လေးခဲ့သည်။ ဘယ်လိုဘာသာ ရပ်မျိုးမှ ကျွန်မ '၏' 'သည်' မလွဲ အလွတ်ကျက်ရန် မကြိုးစားခဲ့ပါ။ ကျွန်မ သူငယ်ချင်းတချို့ စာစီစာကုံးကအစ 'အလွတ်' ကျက်နေသည် ကို မြင်တွေ့ရသောအခါ ကျွန်မ အံ့ဩကာ စိတ်တိုမိသည်။

"နင်က စာရေးဆရာရဲ့ သမီးကို၊ မကျက်ဘဲ ရေးတတ်ရောပေါ့"

"ဘာဆိုင်လို့လဲ"

ကျွန်မ မှတ်မိသမျှ စာကို သဘောပေါက် နားလည်အောင်ဖတ်ကာ အချက်အလက်တွေကို အကျဉ်းမျှ ပြန်ရေးပြီး ကိုယ်ပိုင်စကားလုံးနှင့် ပြန်ရေးတာ များပါသည်။ ထို့ကြောင့် ကျွန်မ တက္ကသိုလ် စာသင်နှစ် များတွင် အပတ်စဉ် လေ့ကျင့်ခန်းအတန်းများ (Tutorial Classes) တွင် ကျွန်မ အမှတ်တွေ မကောင်းလှပါ။ ၁၀ မှတ်ပေးရာတွင် ၄ မှတ်၊ ၅ မှတ် အနိုင်နိုင်။ စာကို အလွတ်ကျက်နိုင်သော ကျောင်းသားကျောင်း သူများကျတော့ ၆ မှတ်၊ ၇ မှတ်အထိ ရတတ်ကြသည်။ အိုင်အေပီ ပထမနှစ်၊ ဒုတိယနှစ်တို့တွင် ကျွန်မ ယူခဲ့သော ဘာသာတွဲမှာ စိတ်ကြိုက် မြန်မာစာ၊ နိုင်ငံသမိုင်းနှင့် လောဂျစ်ဘာသာရပ်တို့ ဖြစ်ပါသည်။ အားလုံး မှာ ကျက်စာချည်း။

"မိဦး နင် ဉာဏ်ကောင်းရဲ့သားနဲ့ စာကျက်ပါဟာ" သူငယ်ချင်း

တွေက သတိပေးကြသည်။ ကျွန်မ မေမေကလည်း ငယ်ငယ်တုန်းက မလုပ်ဆောင်ခဲ့သော်လည်း တက္ကသိုလ်ရောက်တော့ Scholar (စာထူးချွန် ကျောင်းသား) တစ်ဦး ဖြစ်စေလိုခဲ့သည်။ ကျွန်မသည် ကျွန်မရရှိသော အမှတ်တွေကို လေ့လာပြီး ကျွန်မမေမေ့ကို သနားနေမိသည်။

"သမီးတို့ ဖေဖေလည်း စာတော်တယ်။ နော်မန်ဆရာဖြစ်သင် ကျောင်းက သင်္ချာနဲ့ မြန်မာစာ ဂုဏ်ထူးနဲ့အောင်တယ်။ မြန်မာနိုင်ငံ တစ်နိုင်ငံလုံးက ဆရာဖြစ်သင်ကျောင်းတွေမှာ တတိယ"

"ဖေဖေက ကျောင်းတုန်းက စာတွေ အလွတ်ကျက်သလားဟင်"

"ကျက်တာလည်း ကျက်တာပေါ့။ ဒါပေမဲ့ အကုန်တော့ မကျက်ပါဘူး"

"အဲလို အကုန်မကျက်တော့"

"ဖေဖေ့ဘာသာ မှတ်မိတာတွေ ပြန်ရေးတာပေါ့"

ကျွန်မ စိတ်ပေါ့ပါးသွားသည်။

"ကိုယ်ပိုင် စကားလုံးနဲ့လား"

"ဒါပေါ့"

ကျွန်မမှာ စိတ်ကြိုက်မြန်မာစာတွင် ကိုးကားသော စကားပြေရော ကဗျာရော အလွတ်ကျက်မှတ်ဖို့လိုမှန်း သိပါသည်။ သည် ကိုးကားချက် (Quotations) များသည် စာတွေ အကဲဖြတ်ရာ၌ အရေးပါကြောင်း ဝန်ခံလိုပါသည်။ ထို့ကြောင့်လည်း သည်ကိုးကားချက်များ ကျက်မှတ်ရမှာ စိုးသောကြောင့် ဘီအေ (ဝိဇ္ဇာ) နှစ်များတွင် နိုင်ငံရေးသိပ္ပံ၊ ခေတ်သစ်နိုင်ငံသမိုင်းနှင့် ဒဿနဘာသာ (Political Science, Modern History နှင့် Philosophy) တို့ ယူခဲ့တော့ ဖေဖေက သဘောတူခဲ့သည်။ ဖီလော်ဆော်ဖီတွင်ပင် ကျွန်မ တွဲခဲ့သော ဘာသာတွဲမှာ အထွေထွေ စိတ်ပညာရပ် (General Psychology) နှင့် နီတိ (Ethics) တို့ ဖြစ်ပါ

သည်။

မှတ်မှတ်ရရ အမေရိကန်မှ ပြန်လာခါစ 'ဒေါက်တာစိန်တူ' အတန်းတွင် ကျွန်မ သူမေးသော မေးခွန်းကို ကိုယ်ပိုင်စကားလုံးဖြင့်သာ ရေးဖြေလိုက်ရာ ထူးထူးခြားခြား အမှတ် 'ဂ' မှတ် ရဖူးပါသည်။ သူမေးသော မေးခွန်းကိုရော ကျွန်မ ဖြေထားတာရော မမှတ်မိတော့၊ နှစ်ပေါင်းများစွာ သိမ်းထားသော်လည်း ခြကိုက်သည့်အထဲ ပါသွားသဖြင့် ပြန်မပြောပြနိုင်သော်လည်း နဂို အမှတ်ကောင်းကြသော သူငယ်ချင်းများက "မိဦး ပြစမ်း" ဟု ကျွန်မ အဖြေလွှာကို ယူကြည့်ကြပါသည်။

သို့သော် ကျွန်မ ရေရှည်ကံမကောင်းလှပါ။ 'ဒေါက်တာစိန်တူ' သည် ကျွန်မတို့အတန်း ယာယီမျှသာ သင်ကြားနိုင်ပြီး ဆရာပြောင်းသွားပါသည်။ ကျွန်မ ကျောင်းစာများကို ငြီးငွေ့လာသောအခါ မေမေ ဖြစ်စေချင်သော စကော်လာ (Scholar) အဖြစ်နှင့် ဝေးသည်ထက် ဝေး လာပါတော့သည်။

*

ကျွန်မ အမှတ်အမြင့်ဆုံးရပြီး မှတ်မိသော မေးခွန်းနှင့် အဖြေ ရှိခဲ့ဖူးပါသည်။

မန္တလေးတက္ကသိုလ် ဝိဇ္ဇာသင်တန်း နောက်ဆုံးနှစ်တွင် ဖြစ်ပါသည်။ ထိုစဉ်တုန်းက ကျွန်မတို့ တက္ကသိုလ်များတွင် ကိုလံဘို စီမံကိန်းဖြင့် နိုင်ငံခြားမှ ဆရာတွေ ရောက်လာသင်ကြားကြပါသည်။ မန္တလေးတက္ကသိုလ်သို့ ရောက်လာကြသော နိုင်ငံခြားဆရာများမှာ အင်္ဂလိပ်ဘာသာအတွက် အင်္ဂလန်မှ မစ္စတာ ဟယ်ရီဆန် (Mr. Harrison)၊ နိုင်ငံသမိုင်းအတွက် အိန္ဒိယမှ မစ္စ ဘရာဝါဂျာ (Barawaja)၊ မစ္စ ဂျော့(ချ်) (George)၊ နိုင်ငံရေးသိပ္ပံဆရာ မစ္စတာ အနန်ဒါဆင် (Anan-

dasin)၊ အထွေထွေ စိတ်ပညာဘာသာအတွက် မစ္စတာ ဝဒ်ဟော(လ်) (Mr. Wathall) တို့ ဖြစ်ပါသည်။

နိုင်ငံခြားမှ ဆရာတွေလည်း ကျွန်မတို့ မြန်မာနိုင်ငံမှ ဆရာတွေပမာ ဆရာတပည့် နွေးထွေးစွာ ရင်းနှီးမှု ရှိကြပြီး ဂရုတစိုက် သင်ကြားကြပါသည်။ မစ္စတာဝဒ်ဟော(လ်) က သူ စာသင်ပြီးတိုင်း သင်ခန်းစာလေ့ကျင့်ခန်း (Tutorial Class) ခေါင်းစဉ်ပေးပြီး ရေးခိုင်းလေ့ရှိသည်။ သူ ခေါင်းစဉ်တစ်ခု ပေးတိုင်း အနည်းဆုံး စာအုပ်သုံးအုပ်ခန့်မျှ စာကြည့်တိုက်မှ ငှားဖတ်ဖို့ ညွှန်ကြားပါသည်။ စာအုပ်ရည်ညွှန်းစာများတွင် စာမျက်နှာအခန်းကစ ကျွန်မတို့ ရေးပေးရကာ ဖြီးဖြန်းလို့လည်း မရပါ။ စာအုပ်သုံးအုပ်ဆိုတာ အနည်းဆုံး အထွေထွေ ဗဟုသုတအတွက် စာအုပ်များများ ညွှန်းနိုင်လေလေ ကောင်းလေလေ။

သူပေးသော ခေါင်းစဉ်တစ်ခုမှာ

"တတိယ ကမ္ဘာစစ်မဖြစ်ရန် တားဆီးဖို့ သင်မည်သို့သော အကြံဉာဏ်ပေးမည်နည်း"

What are your suggestions to hinder the third world War?

ထိုအချိန်ကား အဏုမြူလက်နက်များ တိုင်းနိုင်ငံကြီးတို့တွင် အပြိုင်အဆိုင် စမ်းသပ်နေချိန် ဖြစ်ပါသည်။

ဤမေးခွန်း၏ အဖြေတွင် ကျွန်မ မှတ်မိသမျှ စစ်၏ အနိဋ္ဌာရုံများကို စတင်ဖော်ပြခဲ့ပါသည်။ နောင်တွင် ကျွန်မရေးခဲ့သော 'ဒို့တိုင်းဌာနီ' လုံးချင်းဝတ္ထုထဲမှ အချက်အလက်များ မြေစမ်းခရမ်းပျိုးရာသည် အဖြေမှ စတင်ခဲ့ပါသည်။ ဂျပန်ပြည် ဟီရိုရှီးမားနှင့် နာဂါစကီသို့ အဏုမြူဗုံး မကြဲခင်ကတည်းကပင် 'စစ်' သည် လူသတ်လက်နက်ပေါင်းစုံဖြင့် ရန်ငြိုးမရှိသူများကို သတ်ခဲ့ကြရသည်။ လူသူအများစုသည် ငြိမ်းချမ်းရေးကို

မြတ်နိုးကြသည်ချည်း၊ ဒုတိယကမ္ဘာစစ် ဖြစ်ခဲ့ရသည့် အကြောင်းအချက်မှာ စစ်ရူးနိုင်ငံမှ ခေါင်းဆောင်များ ဟစ်တလာ၊ ဂျင်နရယ်တိုကျိုတို့ ပါမက စစ်နိုင်သော နိုင်ငံများမှ အင်္ဂလန် နန်းရင်းဝန် ချာချီ၊ အမေရိကန် သမ္မတ ရုစဗဲ့ထရူမင်းတို့သည်လည်း စစ်ကို ဦးစားပေး စဉ်းစားကြသော စစ်ဝါဒီများ ဖြစ်ခဲ့ကြသည်။ သူတို့၏ နှလုံးသားများသည် လူသားတွေကို ကြင်နာခြင်းကင်းသော ကျောက်ခဲ အသည်းနှလုံး (Stone Heart) များ ဖြစ်ကြသည်။

ဂျာမန်ဗိုလ်ချုပ် ရွှန်းမဲလ်နှင့် အင်္ဂလန်ဗိုလ်ချုပ် မွန်ဂိုမာရီတို့သည်လည်း စစ်စိတ် စစ်သွေးတွေ ကြွနေသူများ ဖြစ်ကြသည်။ သူတို့သည် အတိုင်းတိုင်း အပြည်ပြည်ကို စိုးမိုးခဲ့သော နပိုလီယံလက်သစ်များ ဖြစ်ကြကုန်သည်။ ရှေးအခါက ကျွန်မတို့ မြန်မာနိုင်ငံဘုရင်များသည် တိုင်းပြည် နစ်နာမှာ စိုးသည့်အတွက် ဘုရင်အချင်းချင်း စီးချင်းထိုးကြသည်။

"အရေးပါတဲ့ အချက်တစ်ခုဟာလည်း လူတွေ တစ်ဦးကိုတစ်ဦး ချစ်တတ်ဖို့ပဲ။ လူတွေဟာ အမြဲတမ်း ချစ်ချင်နေတဲ့ သတ္တဝါတွေဖြစ်တယ်။ ကျုပ်တို့ဟာ မြေကြီးရဲ့ သားသမီးတွေ ဖြစ်ပေမယ့် ချစ်တတ်လာတာနဲ့ တစ်ပြိုင်နက် မြေကြီးရဲ့ သားသမီး မဟုတ်တော့ဘူးဗျ။ ကောင်းကင်ဘုံက နတ်သမီး နတ်သားတွေ ဖြစ်လာကြပြီ"

အထက်ပါ စကားများသည် ရုရှား စာရေးဆရာကြီး တော့စတွိုင်း(လ်) ပြောခဲ့သော စကားများ ဖြစ်ပါသည်။ ကျွန်မတို့ ဗုဒ္ဓဘာသာအလိုတော့ မေတ္တာတရားပေါ့။ မေတ္တာခေါင်းပါးလို့သာ စစ်ဖြစ်ကြတာပါ။ ကျွန်မတို့ ရင်ထဲ (၁) ငြိမ်းချမ်းရေး၊ (၂) ငြိမ်းချမ်းရေး၊ (၃) ငြိမ်းချမ်းရေးဝိညာဉ် ကိန်းအောင်းနေဖို့ လိုပါသည်။ စစ်သည် ငြိမ်းချမ်းရေးဆိုတဲ့ ရေအလျဉ်မှာ အလိုလို ပျော်ဝင်သွားပါတော့မည်။

ဒါ စကားလုံးတွေ အတိအကျတော့ မဟုတ်ပါ။ သဘောကတော့

သည်သဘောပါပဲ။ အမြဲတမ်း သင်တန်းမှာ အမှတ်နည်းခဲ့သော ကျွန်မ ကို မစ္စတာ ဝဒ်ဟော(လ်) က "a+" ပင် ပေးခဲ့ပါသည်။ သူ့ရဲ့ အမှတ် ပေးစနစ်က c,c+, b,b+, a,a+ ဖြစ်ပါသည်။ တခြားသော သင်တန်း သားတွေမှာ b+ အထိသာ ရကြတာမို့ ကျွန်မကို အားကျသော်လည်း ကျွန်မအတွက် သည်တစ်ခါသာ ရဖူးသော အမှတ်ဖြစ်ပါသည်။

ခြွင်းချက်အနေနဲ့ ကျွန်မ ပြောရလျှင် ပရိယတ္တိသာသနာ ဗုဒ္ဓဘာသာ ဒေသနာမှာတော့ 'ဇ၏' 'သည်' မကွဲအာဂုံဆောင်ဖို့ လိုအပ်ပါသည်။ ဘုရားဟောကြားသော တရားများ အဓိပ္ပာယ်လွဲချော်၍ မရပါ။ သံသရာ ကိစ္စဖြစ်သောကြောင့်ပင်တည်း။ သို့သော်လည်း ကြက်တူရွေးစကား သင်သလို ဖြစ်မည့်အစား 'အသိ' ပါတွဲဖို့ လိုပါသည်။ ထိုအသိဆိုသော 'အသိ' မှာ ကျွန်မတို့ ဘဝအတွက် တန်ဖိုးအကြီးမားဆုံး ဖြစ်ပါသည်။

သိစရာ မှန်သမျှ တစ်စမကျန် သယမ္ဘူဉာဏ်ဖြင့် အမှန်တိုင်းသိမြင် တော်မူသော မြတ်စွာဘုရားဟူ၍ နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ဘုရားရှိခိုးအနက် အဓိပ္ပာယ်တွင် အကျုံးဝင်ခဲ့သည် မဟုတ်ပါလား။ ဂရိပညာရှင် ဆိုကရေးတီးပင် လူ့လောကတွင် သိဖို့ ရာ မိမိကိုယ်ကို ပထမဆုံးသိဖို့ ညွှန်ကြားခဲ့သည်။ Know Thyself တဲ့။ ဘုရားမြတ်စွာ 'အလို' နှင့် တစ်ထပ်တည်းပင်။ လောကသား တိုင်း 'အသိ' ကြီးထွားစေလိုသော ဆန္ဒနှင့် ကျွန်မ အမြဲ မျှော်မှန်းလျက် ရှိပါသတည်း။

[၈]

ကမ္ဘာ့တက္ကသိုလ် အရပ်ရပ်က ဆရာတွေ ကိုလံဘိုအစီအစဉ် (Columbo Plan) နဲ့ အလဲအလှယ်သင်ကြားကြတဲ့အကြောင်း ရေးခဲ့ပြီး ဖြစ်ပါတယ်။ ကျွန်မ ရန်ကုန်တက္ကသိုလ်ကနေ ဝိဇ္ဇာသင်တန်း နောက်ဆုံး

နှစ် မန္တလေးတက္ကသိုလ်ကိုအရွှေ့ အဲဒီနိုင်ငံခြားသားဆရာတွေနဲ့ ထိပ်တိုက် တွေ့ဆုံသင်ကြားခြင်း ခံခဲ့ရပါတယ်။ ကျွန်မတို့ မြန်မာပြည် ရန်ကုန်တက္ကသိုလ်နဲ့မန္တလေးတက္ကသိုလ်တွေမှာလည်း ဆရာကောင်းတွေ သမားရိုးကျသင်နည်းကနေ လမ်းခွဲထွက်လာခဲ့ပြီး သင်ကြားပို့ချကြတာ အများကြီးပါ။ ကျွန်မ အင်မတန်ကံကောင်းစွာ ဆရာမ ပါမောက္ခ ဒေါ်မြစိန် (သမိုင်း)၊ ပါမောက္ခ ဦးဘညွန့် (နိုင်ငံရေးသိပ္ပံ)၊ ပါမောက္ခ ဒေါက်တာလှဘူး (စိတ်ပညာ)၊ ဒေါက်တာစိန်တူ (စိတ်ပညာ)၊ ဒေါက်တာသန်းထွန်း (သမိုင်း)၊ မြန်မာစာဌာန ပါမောက္ခ ဦးမောင်မောင်ကြီး၊ ဦးကျော်ရင်၊ ဒေါ်သန်းဆွေ၊ ဆရာ ဦးလှမောင်၊ ဦးလှရွှေ၊ ဒေါ်မြင့်သန်းနှင့် ဒေါ်နုနု စသည်တို့ကို မီလိုက်ပါတယ်။

ရန်ကုန်တက္ကသိုလ် မောင်မယ်သစ်လွင်နေ့များ (Fresher Days) ကစလို့ မင်းတို့ဟာ သာမန် အထက်တန်းကျောင်းသား ကျောင်းသူတွေ မဟုတ်ကြတော့ဘူး။ လူကြီးမင်းများ ဖြစ်ကုန်ကြပြီ။ ကိုယ်ပိုင်အသိ၊ ကိုယ့်အလေ့အကျင့်နဲ့ကိုယ် သင်ခန်းစာတွေ နာယူကြ။ ဘာသာရပ် အသီးသီး၊ အင်္ဂလိပ်ဘာသာစကားနဲ့ သင်ကြားကြတာမို့ ကျွန်မတို့ကို Ladies And Gentlemen (လူကြီးသူမ) ရယ်လို့ ပြောဆိုဆက်ဆံကြပါတယ်။

မန္တလေးတက္ကသိုလ် ဝိဇ္ဇာနောက်ဆုံးနှစ်မှာ ကျွန်မ ယူထားတဲ့ ဘာသာရပ်အရ နိုင်ငံရေးသိပ္ပံ (Political Science) မှာ မစ္စတာ အနန်ဒါဆင် (Anada Singh)၊ ခေတ်သစ်နိုင်ငံသမိုင်းမှာ (Modern History) မှာ မစ္စတာဂျော့(ချ်) နဲ့ မစ္စဘာရာဝါဂျာ (Barawaja) တို့ ဖြစ်ကြပါတယ်။

ကျွန်မ မှတ်မိသလောက် မစ္စတာအနန်ဒါဆင်ဟာ ပိန်ပိန်သွယ်သွယ် အရပ်မနိမ့်မမြင့်၊ ရုပ်ရည်သနားကမားနဲ့ ဖျတ်လတ်တယ်။ ဖော်ရွေတဲ့

အပြုံးနဲ့မို့ ကျောင်းသားတွေ သူ့ကို ချစ်ကြတယ်။ သူဟာ ကာလကတ္တား တက္ကသိုလ်က အမ်အေ (M.A) ဘွဲ့ သုံးထပ်ကွမ်း (Triple M.A) ရထားသူတဲ့။ စာသင်တာ အင်မတန် စိတ်ရှည်တယ်။ အကြောင်းအရာ တိုင်း အသေးစိတ် ဆွေးနွေးလေ့ရှိပါတယ်။ သူ့သင်တန်းတက်ပြီးရင် စာထပ်ကျက်စရာ မလိုလောက်အောင် ခေါင်းထဲဝင်သွားပါတယ်။ သူ့ရဲ့ Lectures(သင်တန်းပို့ချမှုများ) ဟာ ရန်ကုန်တက္ကသိုလ်က ကျွန်မတို့ ဆရာ ဒေါက်တာသန်းထွန်းလိုပဲ ရှင်းတယ်။ လိုက်ရေးလို့ အင်မတန် ကောင်းပါတယ်။ လက်ရေးမြန်ရင်မြန်သလို အသေးစိတ် လိုက်ရေးနိုင် လေလေ အကျိုးများလေလေပဲ။ အချက်အလက်တွေ တစ်ခါတည်း ခေါင်းထဲ ဝင်သွားပါတယ်။

မစ္စတာ အနန်ဒါဆင်က ကျောင်းသင်ရိုးအပြင် တခြားစာတွေ အဖတ်များတယ်။ လစဉ်ထုတ် တိုင်း(မ်)၊ နယူး(စ်)ဝိခ်၊ ရီးဒါးစ်ဒိုင်ဂျက်စ် စတဲ့ အနောက်တိုင်းကထုတ်တဲ့ မဂ္ဂဇင်း၊ ဂျာနယ်များအပြင် နေ့စဉ် သတင်းစာများ၊ လန်ဒန်တိုင်း(မ်)၊ အိန္ဒိယ နယူးဒေလီ အစရှိတဲ့ သတင်း စာတွေဖတ်ပြီး အမြဲတမ်း ခေတ်နဲ့ ရင်ပေါင်တန်းနေပါတယ်။ သူလည်း အမေရိကန်ဘက်က မစ္စတာဝဒ်ဟော(လ်) (Mr. Wathall) လို ကိုယ့် ကိုယ်ပိုင် ဗဟုသုတလေ့လာအားထုတ်မှုနဲ့ သင်ခန်းစာတွေ လုပ်ရတာမို့ ကြက်တူရွေးလို အလွတ်ကျက်လေ့ရှိတဲ့ ကျောင်းသားတွေအဖို့ နည်းနည်း မှ မချောင်ပါဘူး။ သူ့သင်တန်းတက်ရင် အင်္ဂလိပ်ဘာသာရပ် လိုက်မီရုံ မက အပြင်ဗဟုသုတ (ဝမ်းစာလည်း လိုပါတယ်) ခွဲ့ကျွေးမှ စားတတ်တဲ့ ကျောင်းသားတွေကို လက်တွဲခေါ်သွားတာပါပဲ။

နိုင်ငံရေးအတွေးအခေါ် တစ်ဖက်စောင်းနင်း မဖြစ်ဘူး၊ ဘက်စုံ တယ်။ အရင်းရှင်စနစ်ကနေ ဆိုရှယ်လစ်ဇင် ကွန်မြူနစ်ဇင်အထိ သင် ကြားသွားတာ။ အဲဒီတုန်းက တတိယကမ္ဘာစစ် တားဆီးရေးနဲ့ ငြိမ်းချမ်း

ရေး အကြောင်းအရာ ကမ္ဘာမှာ ရှေ့တန်းရောက်နေတာမို့ ဖောင်းပေးသင် ရင်း ကျွန်မတို့ကို ပြန်ဆွေးနွေးခိုင်းပါတယ်။ သူက စာသင်ရင် ကျွန်မတို့ ဆရာ ဒေါက်တာသန်းထွန်းလိုပဲ မြေဖြူလေးတစ်ချောင်း၊ သင်ပုန်းဖျက် တစ်ခုကိုကိုင်ပြီး စင်ပေါ်တက်လာတာ။ တစ်ခါတည်း ခေါင်းစဉ်ပေးပြီး လက်တန်းသင်ချတာ၊ ကမ္ဘာ့မြေပုံ၊ ဥရောပမြေပုံ ဆွဲတာလည်း မြန်လည်း မြန် အချိုးစားလည်း ကျနတယ်။ ကျွန်မတောင် ဘွဲ့ရပြီးလို့ အထက် တန်း ဆရာအဖြစ် အနန်ဒါဆင်နဲ့ ဆရာဒေါက်တာသန်းထွန်းတို့ကို အတုခိုးပြီး မြေဖြူတစ်ချောင်း၊ ကျောက်သင်ပုန်းဖျက်ကိုင်ပြီး စင်ပေါ် တက် ခပ်တည်တည်သင်တာကို ကျွန်မတပည့်တွေ ပြောစမှတ်ပြု ကျန် ရစ်ကြပါတယ်။ ကျွန်မတို့ ဆရာသမားတွေ ကျေးဇူးပါပဲ။

ကျွန်မတို့အတွက် နိုင်ငံရေး သမိုင်းဆရာနဲ့ ဆရာမနှစ်ဦးကတော့ အိန္ဒိယတိုင်းသား ဆရာမစ္စတာဂျော့(ခ်) (George) နှင့် မစ္စဘာရာဝါဂျာ (Barawaja) တို့ ဖြစ်ပါတယ်။ မစ္စတာ ဂျော့(ချ်) က အရပ်မြင့်မြင့်၊ မျက်နှာလေးထောင့် နှုတ်ခမ်းပါးပါး၊ သူက မျက်နှာထား တည်ရုံမက ပါးစပ်ကို တင်းတင်းစေ့ထားတယ်။ အပြုံးအရယ်နည်းတယ်။ ဒါပေမဲ့ သဘောကောင်းမယ့်ပုံ ပေါ်ပါတယ်။ ကျောင်းသားတို့ထုံးစံ သဘော ကောင်းတဲ့ဆရာ လိုလားတာကိုး။ နောက်တန်းကနေ စာသင်တုန်း စကား များနေကြတာတို့၊ တစ်ခုခု ခိုးစားနေတာတို့ကို မမြင်ချင်ယောင်ဆောင်ပြီး သင်ကြားစရာရှိတာ ဆက်သင်နေတာပဲ။ ကြာတော့ ကျောင်းသားတွေက သူ့ကို အားနာလာပြီး စည်းကမ်း သေဝပ်လာကြတယ်။ ကျွန်မ ကြားဖူး တာက တပည့်တွေ အချိုးမပြေလို့ ဆရာစိတ်ထွက်လာရင် Duster (သင်ပုန်းဖျက်) တွေ ဘာတွေနဲ့ ကောက်ပေါက်တာတဲ့။ ဆရာဂျော့(ချ်) က စာသင်တော့ နည်းနည်းလေးတယ်။ ဆရာအနန်ဒါဆင်လို မသွက်ဘူး။

စာသင်တော့ ကောင်းပါတယ်။ အချက်အလက်တွေကို ဝေဖန်သုံး

သပ်တာ ကိုယ်ပိုင်ဟန် ရှိပါတယ်။ သူသင်တဲ့ အချက်အလက်ကို အတိအကျ လိုက်နာမှ ကြိုက်တယ်။ စာသင်ပုံ တိကျတယ်။ ကဗျာဆရာကြီး ရာဘင်ဒြာနတ်တဂိုးရဲ့ ရှန်တိန်ကေတန် ကျောင်းမျိုးကြိုက်တဲ့ ကျွန်မအဖို့တော့ စိတ်နည်းနည်း ကျဉ်းကျပ်ပါတယ်။ ကျွန်မ ရန်ကုန်တက္ကသိုလ်မှာ ဆရာမ ဒေါ်မြစိန်၊ ဆရာဦးဘညွန့်တို့ရဲ့ သင်ကြားပို့ချမှု၊ ဒေါက်တာလှဘူးတို့ရဲ့ သင်ကြားပို့ချမှုကို ကျွန်မ အင်မတန် ကြိုက်နှစ်သက်ခဲ့မိတာကိုး။

ရန်ကုန်တက္ကသိုလ်မှာ အင်္ဂလိပ်ဘာသာ ဆရာများဖြစ်ကြတဲ့ ဆရာဦးခင်မောင်လတ်၊ ဒေါ်သိန်းညွန့်နဲ့ ဒေါ်ခင်မေတို့ကိုလည်း ကျွန်မ သဘောကျတယ်။ ငယ်စဉ်က စာသင်ခန်း အတွေ့အကြုံ ဖြတ်သန်းမှုတွေ ခုပြန်တွေး ခုပြန်သတိရပါတယ်။

မစ္စဘရာဝါဂျာကတော့ မျက်နှာချိုတယ်။ ပြုံးပြုံး ပြုံးပြုံးနဲ့ သူက ဆာရီ လှလှလေးတွေ ဝတ်ပြီး သေသပ်တယ်။ 'မစ္စ' ဆိုကတည်းက အပျိုကြီးပေါ့။ သူ့ စာသင်ပုံသင်နည်းကတော့ အတန်းကျောင်းဆန်တယ်။ နုတ်(စ်) တွေ ထုတ်လာပြီး နှုတ်တိုက်ချပေးတာ။ ကလေးတွေလို လိုက်ကူးရတယ်။ အဲဒါ နှုတ်တိုက်ကျက်ရတယ်။ သူ့စကားလုံး တစ်လုံး အလွဲမခံဘူး။ အဲဒါကို ကျွန်မ စိတ်ညစ်တာ။ Tutorial လေ့ကျင့်ခန်းချိန်တွေမှာ နည်းပြဆရာ Tutor တွေနဲ့ မဟုတ်ဘဲ သူတို့ကိုယ်တိုင်ပဲ ကိုင်တာ။ စာတွေကို အလွတ်မကျက်တတ်တဲ့ ကျွန်မကိုတော့ သူသိပ်ကျေနပ်ပုံ မရဘူး။ ကျွန်မကို အတန်းကျောင်းက ဆရာတွေလိုပဲ သူ့စားပွဲအနီးခေါ်ထား၊ အချက်အလက်တွေ ပြောပြပြီး ပြန်အလွတ်ရွတ်ခိုင်းတယ်။ ကျွန်မကို မနိုင်ရင်ကာ သူငယ်ချင်းတွေက ဆရာမ မမြင်အောင် လက်ခုပ်တီးပြကြရင်း တိတ်တိတ် နောက်ပြောင်ကြတယ်။ ကျွန်မလည်း တေတေပေပေ ယောကျ်ားလေးတွေလိုပဲ မစ္စဘရာဝါဂျာ

အတန်းကို အမြဲလစ်ရင် လစ်သလို မတက်တော့ဘူး။ တစ်ခါတစ်ခါ သူ့ခမျာ ကျွန်မကို မေးတယ်ဆိုတော့ အားနာပြီး အတန်းပြန်တက်နဲ့ အဲသလို စာသင်ဘဝ သံသရာလည်နေတာ။

မစ္စဘရာဝါဂျာဟာ ကျောင်းသားတွေအပေါ် အင်မတန် စေတနာထား သင်ရှာပါတယ်။ သူစာသင်ရင် သူ့ဆာရီအောက်က အတွင်းအင်္ကျီတစ်ထည်လုံး ချွေးတွေရွှဲနေတာပဲ။ မိနစ်ပိုင်းအတွင်း မျက်တွင်းကျသွားပါတယ်။ ကျောင်းသားတွေကလည်း သူ့ကို လေးစားချစ်ခင်ကြပါတယ်။

ဒါပေမဲ့ သူ ကျွန်မတို့ကို မြန်မာနိုင်ငံ သမိုင်းသင်ခန်းစာ တစ်ခုမှာ တောင်ငူခေတ် မင်းကြီးညိုအကြောင်း ရောက်သွားပါတယ်။ မင်းကြီးညို ဆိုတဲ့ ဝေါဟာရကို သူစကားမပီတော့ "မင်းချီးယို" ပြောနေတာကို၊ မင်းချီးယို တစ်ခွန်းပြောတိုင်း ကျောင်းသားတွေ ဝေါခနဲ ရယ်မောကြတယ်။ သူ့ကိုယ်သူ ငုံ့ကြည့်ပြီး ဘာမှားနေလဲ What's Wrong? လို့ မေးရှာပါတယ်။ ကျောင်းသားတွေကလည်း ဘယ်ဖြေတတ်ပါ့မလဲ။ သူ ရှက်သွားမယ့် အသေးစားလွဲချော်မှုလေး ဖြစ်နေမှကိုး။ အဲဒီတော့ ကျောင်းသားတွေဟာ သူ စာသင်တာကို မလေးမစား လှောင်ပြောင်တယ်လို့ အထင်လွဲပြီး ရုံးခန်းသွား Rector(ပါမောက္ခချုပ်) ကို တိုင်ပါလေရော။ တိုင်ရင်းနဲ့ မစ္စဘရာဝါဂျာဟာ ပေါက်ကွဲပြီး ငိုယိုပါတော့တယ်။ သူ ဒီအတန်းလည်း မကိုင်ချင်တော့ဘူး။ ဒီမှာလည်း မနေချင်တော့ဘူး။ ပြန်မယ်တကဲကဲနဲ့ ပါမောက္ခချုပ်က အတော်ကို ချော့မော့ရပါတယ်။

ဆရာကြီးက ကျွန်မတို့ အတန်းသားတွေကို စစ်ဆေးပြီး အကြောင်းရင်း ဇာစ်မြစ်ကို သိသွားပြန်တော့ မျက်နှာအမူအရာက ရယ်ချင်စိတ်သိုသိပ်ပြီး ပြုံးစိပြုံးစိနဲ့။ ဒါပေမဲ့ ဆရာမကို ပါမောက္ခချုပ်က ပြေလည်အောင် ဘယ်လိုကြားဖျန်ဖြေ စေ့စပ်စကား ဆိုလိုက်တယ် မသိဘူး။ မစ္စဘရာဝါဂျာလည်း စိတ်ပြေသွားပါတယ်။ ကျောင်းသားတွေ တောင်း

ပန်ခိုင်းတာကြောင့်လည်း ဖြစ်မယ်ထင်ပါတယ်။

အဲဒီတုန်းက ပါမောက္ခချုပ်ဟာ ဦးကိုလေး (ဓေယျာမောင်) လို့ ထင်ပါတယ်။ ပါမောက္ခချုပ် အပြောင်းအလဲတွေနဲ့ ကျွန်မလည်း သိပ် မမှတ်မိတော့ဘူး။ ကျွန်မတို့ မှတ်သားမိသမျှ ဒီကိစ္စကို ပါမောက္ခချုပ် ကိုယ်တိုင်ဖြေရှင်းတာဟာ အင်မတန် တော်တယ်လို့ ပြောကြဆိုကြတာ ပါ။ နို့မဟုတ်ရင် အမှိုက်ကစ ပြာသာဒ်မီးလောင် ဖြစ်သွားနိုင်တာကိုး။

နောက် မစ္စဘရာဝါဂျာမို့ အတန်းထဲ ဝင်လာရင် မီးကိုရေနဲ့ လောင်း လိုက်သလို အားလုံး ငြိမ်သက်သွားကြတယ်။ မစ္စဘရာဝါဂျာလည်း သူ စောစောက ကိစ္စတွေအပေါ် တင်ကျန်မနေတော့ဘဲ ဘာမှမဖြစ်သလို စာကို ကြိုးစားပမ်းစား သင်ပါတော့တယ်။ ကျောင်းသားတွေက ခေါင်း တညိတ်ညိတ်နဲ့ ရှိသေပျပ်ဝပ်ရင်း နားထောင်လို့ ကန်တော်မင်ကျောင်း ဆရာတော်ရဲ့ ဆုံးမစကားနဲ့ "ဝမ်းထဲယုန်ယုန်လျင်ကြဲ့သို့" ဆိုသလိုပေါ့။ ကျွန်မလည်း အတန်းလစ် မပြေးရဲတော့ဘူး။ အတန်းပြေးတယ်ဆိုတာ လည်း ကောင်းတဲ့အကျင့်မှ မဟုတ်တာ။

[မှတ်ချက်။ ။ အဲဒီတုန်းက မန္တလေးတက္ကသိုလ်ဟာ သီးခြား တက္ကသိုလ် မဖြစ်သေးဘူး။ ရန်ကုန်တက္ကသိုလ် လက်အောက်ခံပဲ ရှိသေး တယ်။ ဒီတော့ ကျောင်းအုပ်ချုပ်မှုမှာ ပါမောက္ခချုပ်လို့ ခေါ်မယ့်အစား ကျောင်းအုပ်ကြီးလို့ပဲ ခေါ်ကြပါတယ်။]

[၈]

ကျွန်မ မန္တလေးတက္ကသိုလ်မှာ ပညာသင်ကြားခဲ့တဲ့ အတွေ့အကြုံ ရေးခဲ့ပြီး ဖြစ်ပါတယ်။ ကျွန်မရဲ့ စာသင်ဘဝမှာ ရန်ကုန်တက္ကသိုလ်ကို လည်း ချန်လှပ်လို့ မရပါ။ မက်ထရစ်စာမေးပွဲ အောင်ပြီးတာနဲ့ ရန်ကုန် တက္ကသိုလ်ကို တန်းရောက်ခဲ့ပါတယ်။ အမှန်အတိုင်းပြောရရင် ကျွန်မတို့

ဆွေမျိုးထဲ ရှားရှားပါးပါး တက္ကသိုလ်ကို တန်းရောက်ခဲ့တာ ကျွန်မ တစ်ယောက်တည်းပဲ ရှိခဲ့ပါတယ်။ ကျွန်မ မေမေ၊ အဒေါ်နဲ့ ဦးလေးတွေက ဆေးလိုင်းကို ဝင်စေချင်ကြတယ်။ သည်တုန်းက အမှတ်သတ်မှတ်ချက် မရှိခဲ့ပါ။ ကျွန်မထက် စုစုပေါင်း ၇ မှတ်နည်းတဲ့ သူငယ်ချင်းတချို့တောင် ဆရာဝန် ဖြစ်ကုန်ကြပြီ။ ဆေးကျောင်းသား တစ်ယောက်ဟာ အမ်ဘီတတိယနှစ်ကျမှ ကိုယ်ဖျင်းရင်ဖြစ်စေ၊ ပျင်းရင်ဖြစ်စေ၊ ကိုယ်ခံပဲ။ တစ်ပိုင်းတစ်စနဲ့ ဆေးလိုင်းကထွက်ပြီး ရိုးရိုးဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ယူတဲ့ လူတွေလည်း ရှိပါတယ်။ ကျွန်မအနေနဲ့ European Court ခေါ် သာသနာပြုကျောင်းတက်ခဲ့သူမို့ အင်္ဂလိပ်ဘာသာ အခြေခံကောင်းတဲ့အတွက် ဆေးလိုင်းဟာ ကျွန်မအတွက် ခက်ခဲမယ် မထင်ဘူးလို့ အားလုံးက တွက်ဆကြပါတယ်။

ခက်တာက ကျွန်မ ဆရာဝန်အလုပ်ကို လုံးဝ ဝါသနာမပါတာပါပဲ။ အဲဒီတုန်းက အင်ဂျင်နီယာလိုင်းက မိန်းကလေးတွေအတွက် မဟုတ်ပါ။ ဝါသနာလည်း မပါပါ။ ဒါကြောင့် ကျွန်မ ဝါသနာပါတဲ့ ဝိဇ္ဇာဘာသာတွဲကိုသာ ယူခဲ့တာ ဖြစ်ပါတယ်။ အင်တာပထမနှစ်နဲ့ ဒုတိယနှစ်တွေမှာ လော်ဂျစ် (Logic)၊ နိုင်ငံသမိုင်းနှင့် Optional Burmese (စိတ်ကြိုက်မြန်မာစာ)ကို ကျွန်မဘာသာ ကိုယ့်စိတ်ကူးနဲ့ကိုယ် ရွေးချယ်ခဲ့ခြင်း ဖြစ်ပါတယ်။ ကံကောင်းထောက်မစွာပဲ ကျွန်မ တွဲဖက်ယူခဲ့တဲ့ဘာသာရပ်တွေမှာ သမိုင်းအတွက် ဒေါက်တာသန်းထွန်းနဲ့ ဒေါ်မမကြီး၊ လော်ဂျစ်မှာ ဆရာဦးဖေအောင်၊ နည်းပြဆရာမက ဒေါ်အေးမိသွယ်၊ စိတ်ကြိုက်မြန်မာစာ ဆရာဦးမောင်ကြီး၊ ဦးကျော်ရင်၊ ဦးလှအောင်၊ ဦးလှရွှေ၊ ဒေါ်သန်းဆွေ၊ ဒေါ်မြင့်သန်းနဲ့ ဒေါ်နုနု။ ဆရာတွေများသလောက် အင်မတန် ပျော်စရာကောင်းလှပါတယ်။

မှတ်မိသမျှ ဆရာ ဦးမောင်ကြီးက တရုတ်သံရောက်မော်ကွန်း၊ ဆရာ

ဦးကျော်ရင်က ဦးကြော့ရဲ့ စုံနံ့သာမြိုင် ရာပုံတော်၊ ဦးဖေအောင်က ပဋိစ္စ သမုပ္ပာဒ်၊ ဒေါ်မြင့်သန်းက ဝေဿန္တရာပျို့ (တွင်းသင်းတိုက်ဝန်ရေး)၊ ကျန်တာတွေတော့ မေ့နေပြီ။ ဟာသဉာဏ်ရွှင်ပြီး အာဝဇ္ဇန်း ကောင်းတဲ့ ဦးမောင်ကြီးနဲ့ ဦးကျော်ရင် အတန်းထဲမှာ ကျောင်းသားတွေ တအုန်း အုန်းပဲ။ ဆရာဒေါက်တာ သန်းထွန်းလည်း စာသင်တာရွှင်ပြီး ဖျတ်လတ် ပါတယ်။ အတန်းထဲ တစ်ခါတည်းမှတ်မိပြီး ခေါင်းထဲ ရိုက်သွင်းလိုက် သလိုပဲ။ မှတ်မှတ်ရရ မိနိဒန်နဲ့ အရုပ်စာအကြောင်း၊ အီဂျစ်အကြောင်း ကျွန်မတို့ စိတ်ဝင်စားကြတယ်။ ဆရာဦးဖေအောင်က လေအေးအေးနဲ့ သင်တဲ့ လောဂျစ်ဘာသာရပ်ကို စိတ်ဝင်စားကြတဲ့အပြင် လက်တွေ့ဘဝ အတွေးအခေါ်နဲ့ ယှဉ်ပြီး သင်ကြားတာမို့ ခေါင်းထဲစွဲနေပါတယ်။ အသေး စိတ် အကုန်မမှတ်မိတော့ပေမယ့် ကျွန်မ ငယ်ငယ်တုန်းက ရန်ကုန် တက္ကသိုလ် စာသင်တန်းတွေဟာ စိတ်ဝင်စားစရာ ကောင်းရုံမက ပျော် စရာလည်း ကောင်းပါတယ်။ အဲဒီတုန်းက အကြောင်းတွေကို "တက္က သိုလ်ဆိုတာ" အခန်းဆက် ဆောင်းပါးတွေ ရှုမဝမဂ္ဂဇင်းမှာ ရေးခဲ့တဲ့ အပြင် ကျွန်မရဲ့ ၂၄ အုပ်မြောက် လုံးချင်းဝတ္ထု "နှင်းဆီကမ္ဘေး" မှာ အကြောင်းစုံ ရေးခဲ့ပါတယ်။

မသင်မနေရ အင်္ဂလိပ်ဘာသာ (Compulsory English)မှာ ဆရာ ဦးခင်မောင်လတ်၊ ဒေါ်သိန်းညွန့်၊ မစ္စအီးကံကြီး၊ မစ္စစံဌေး၊ ဒေါ်ခင်မေ တို့က သင်ကြားကြပါတယ်။ ကျွန်မ မှတ်မိသမျှ ဆရာဦးခင်မောင်လတ် သင်ကြားတဲ့ Beauty And The Beast (လှသူဇာနဲ့ သားရိုင်းတစ် ကောင်)၊ ဒေါ်ခင်မေသင်တဲ့ ဝီလျံရှိတ်(ခ်)စပီးယားရဲ့ နွေလယ်အိပ်မက် (Mid Summer Night Dream) စသည်တို့မှာ အင်မတန် တွယ်ငြိခဲ့ ပါတယ်။

*

ကုံကော်တွေ ဖူးစပြုနေပြီ။

နှင်းငွေ့ ကျန်သေးတဲ့ ခါနွေဦး စာမေးပွဲ နီးလာတဲ့အခါ ကျွန်မတို့ ကျောင်းသားကျောင်းသူတွေ တက္ကသိုလ်စာကြည့်တိုက်ကို ရောက်သူ ရောက်ကုန်ကြပြီ။ အဲဒီတုန်းက စာကြည့်တိုက်မှူးဖြစ်တဲ့ အသားဖြူဖြူ၊ နှာတံစင်းစင်း၊ ရုပ်ချောချော၊ အရပ်မြင့်မြင့်၊ ကိုယ်ဟန်သွယ်သွယ်၊ မျက်ခုံးအထက်မှာ မှဲ့ရှင်ကြီးတစ်လုံးနဲ့ စာကြည့်တိုက်မှူး ဆရာဦးသိန်းဟန် (ဆရာဇော်ဂျီ) ကို ပြုံးပြုံး ပြုံးပြုံးနဲ့ တွေ့ရပါတယ်။

စာမေးပွဲနီးခါမှ စာကြည့်တိုက်က စာအုပ်ကို ဟန်ပြငှားထားပေမယ့် ကျွန်မ စားပွဲခုံမှာ ဖတ်နေတာက အမေရိကန် စာရေးဆရာမကြီး ပါးလ်စ်ဘတ်ခ်် ရေးတဲ့ "မာသာ" ဆိုတဲ့ လုံးချင်းဝတ္ထုပါ။ ဆရာ ကျွန်မ စားပွဲနားလည်း လျှောက်လာရော ကျွန်မက ကပျာကယာ စာအုပ်ကို စာကြည့်တိုက်က ငှားထားတဲ့ စာအုပ်အောက် ဝှက်လိုက်ပါတယ်။ ဆရာဇော်ဂျီကလည်း မရအရ ကျွန်မ ဖုံးထားတဲ့ စာအုပ်အောက်က "မာသာ" ဝတ္ထုကို လှန်လှောကြည့်ပြီး မဆူဘဲ

"ဖတ်...ဖတ်" လို့ ခွင့်ပြုသွားပါတယ်။

နောင် ကျွန်မ ဘွဲ့ရပြီး ဆရာဇော်ဂျီနဲ့ ပုဂံလမ်းကအိမ်မှာ တွေ့ကြတဲ့အခါ "ခင်ဆွေဦးဖတ်တဲ့ ပါးလ်စ်ဘတ်ခ် ဝတ္ထုတွေ ဆရာလည်းကြိုက်ပါတယ်။ မင်း စာရေးနေတော့ သူ့ဝတ္ထုတွေ ဖတ်သင့်ပါတယ်" လို့ ညွှန်းပါတယ်။ ဒီတုန်းက ပါးလ်စ်ဘတ်ခ်ရဲ့ "The Devil Never Sleep" စာအုပ်ကို ကျွန်မ U.S.I.S က ငှားလာတာ ဆရာ တွေ့သွားတာမို့ပါ။ ဟိုးကျောင်းသူဘဝတုန်းက စာကြည့်တိုက်စားပွဲမှာ ကျွန်မ ခိုးဖတ်တဲ့အကြောင်း ဆရာ မှတ်မိချင်မှ မှတ်မိမှာပါ။

ကျွန်မတို့ တက္ကသိုလ်မှာ သင်ကြားတဲ့ ဆရာတွေဟာ အင်မတန် စာသင်ကောင်းကြပါတယ်။ သူတို့အားလုံး စာဖတ်နာသူတွေမို့ ဝမ်းစာ

ပြည့်နေတယ်လို့ ပြောရမှာပဲ။ ကျွန်မတို့ ဘီအေ ပထမနှစ်မှာ ဖီလော်ဆော်ဖီ ဘာသာတွဲတစ်ခုဖြစ်တဲ့ အထွေထွေစိတ်ပညာရပ် (General Psychology) သင်ကြားတဲ့ ဆရာဒေါက်တာလှဘူးဟာ စာအင်မတန်ဖတ်ပါတယ်။ လောဂျစ်သင်တဲ့ ဆရာဦးဖေအောင်လည်း ဒီလိုပဲ။ စာအုပ်တွေမရှိတဲ့ အခန်းဟာ ဝိညာဉ်မရှိတဲ့ ခန္ဓာကိုယ်လိုပဲ အခွံသက်သက်တန်ဖိုးမဲ့ကြောင်း ပြောလေ့ရှိပါတယ်။ ရောမနိုင်ငံသုခ မိန်စီဆာရို ပြောကြားတဲ့ စကားပါ။

Cicero (၁၀၆–၄၃ ဘီစီ) က

The Room without books is a body without soul တဲ့။

*

ကျွန်မတို့ကို ခေတ်သစ် နိုင်ငံသမိုင်းသင်တဲ့ ဆရာမ ဒေါ်မြစိန်နဲ့ ဆရာ ဦးဘညွန့်တို့ဆိုရင် တကယ့် စာဖတ်ဝါသနာအိုးတွေ၊ စာဖတ်များတော့ ဗဟုသုတကြွယ်တာပေါ့။ ဒေါ်မြစိန်ဆိုရင် ဟင်နရီ (၈) Henry VIII အကြောင်း၊ ပြင်သစ်ပြည် လူဝီဘုရင် (၁၆) မာရီအလွိုင်းနက်နဲ့ ပြင်သစ်တော်လှန်ရေးအကြောင်း သင်ကြားရာမှာ စာပေဗဟုသုတပါ မက ရုပ်ရှင်ကိုပါ ထည့်သွင်းပြောသွားပါတယ်။

ပါမောက္ခ ဦးဘညွန့်က အင်္ဂလိပ်ဘာသာနဲ့ ဂန္ထဝင်ဝတ္ထုတွေ ဖတ်တဲ့အပြင် ကျွန်မဖေဖေရေးတဲ့ ဝတ္ထုတွေ အကုန်နီးပါး ဖတ်ဖူးတာ။ အဲဒီတုန်းက ကျွန်မနဲ့ စကားအပြန်အလှန် ပြောခဲ့တာမျိုး မရှိပါဘူး။ ဆရာက ဖေဖေ့ဆီလာလည်လို့ ကျွန်မ ဒီအကြောင်း သိခွင့်ရခဲ့တာပါ။ ဆရာဦးဘညွန့်ရယ်၊ ဒေါက်တာ မြင့်စိုးရယ် ဖေဖေ့ရဲ့ဝတ္ထု (လုံးချင်း) မောင်နေမျိုးမှာ ဇာတ်ဆောင်တွေအဖြစ် ပါဝင်ရိုက်ကူးဖို့ ဒါရိုက်တာ ဦးအောင်ဖေနဲ့ စီစဉ်ကြသေးတယ်။ အစီအစဉ် မဖြစ်လိုက်ပါဘူး။ ဆရာဦးဘညွန့်

ရဲ့ ချစ်ဒုက္ခသီချင်း၊ ဆုထူးရှယ် သီချင်းတွေ ဓာတ်ပြားထုတ်ဝေတော့ သိပ်နာမည်ကြီးတာ။ ကာလသားတိုင်း အလွတ်ရရုံမက ကျွန်မလည်း အဲဒီတုန်းက အလွတ်ရအောင်ဆိုတဲ့ သီချင်းတွေပေါ့။ ဆရာလည်း ပါမောက္ခ ရာထူးနဲ့ အဆက်အစပ်မရှိတဲ့ အနုပညာ လုပ်ရပ်တွေပေါ့။ ဆရာမို့ အတန်းထဲဝင်လာရင် ကျောင်းသားတချို့ "ဖူးစာကံအကြောင်းရယ် ချစ်ဒုက္ခဖန်လာတယ်။ ခင်ရဲ့ချစ်ရဲ့သားနဲ့ တစ်ဖက်သားရှုးအောင် ပြုလုပ်ရက်လေတယ်"။ မကြားတကြား နောက်ပြောင်ပြောဆိုကြတာ။ ဆရာ ငါ့ကို မထီမဲ့မြင် ပြုရမလားရယ်လို့ စိတ်မဆိုးရှာပါဘူး။ ပြုံးရွှင်တဲ့မျက်နှာနဲ့ စာသင်တော့တာပါပဲ။

ဆရာသင်တာက Political Science(နိုင်ငံရေးသိပ္ပံ) ပါ။ ကျွန်မ အရင်လက ပြောခဲ့တဲ့ အိန္ဒိယအမျိုးသား ဆရာမစ္စတာအင်ဒါဆင်က လက်တွေ့ အုပ်ချုပ်ရေးပိုင်း [ဆရာသင်ကြားတာ သီအိုရီ (Theory) ပိုင်း] ပိုပြီး အသင်ခက် လက်ဝင်မယ် ထင်ပါတယ်။ ဂရိပလေတို၊ အရစ္စတိုတယ် ခေတ်ကစလို့ "အောင်မြင်မယ်ဆိုရင် ဘယ်နည်းနဲ့ အုပ်ချုပ်အုပ်ချုပ် တရားတယ်" (End Jistifies Any Means) ဆိုတဲ့ ပညာရှင် မယ်ခီယာဗဲလီ (Machiaveli) အတွေးတွေ သင်တာများ အာဝဇ္ဇန်း သိပ်ကောင်းတာ။ ကိုယ့်ငါးချဉ် ကိုယ်ချဉ်တာ မဟုတ်ပါဘူး။ ဆရာဦးဘညွန့် လက်တန်းသင်တဲ့ အင်္ဂလိပ်ဘာသာစကားဟာ မစ္စတာ အင်ဒါဆင်ထက် အပုံကြီးသာပါတယ်။ ခနီးခနဲ့ပြောတဲ့ သူ့ အင်္ဂလိပ်စကားတွေက ဘားနဒ်ရှောရေးတဲ့ Pigingliain ပြဇာတ်ထဲကလိုပဲ မထိတထိနဲ့ ရယ်ရတယ်။ ရုပ်ရှင်အဖြစ် My Fair Lady လေ။ ဆရာဦးဘညွန့် အတန်းဆိုရင် ကျွန်မ ဖျားနေတာတောင် အလွတ်မပေးဘူး။

မထိတထိဟာသဆိုလို့ ကျွန်မ အဖြစ်အပျက်ကလေးတစ်ခု သတိရမိသေးတယ်။ အဖြစ်အပျက်လေးက သာမန်ပါ။ ဒါပေမဲ့ ဆရာ့ရဲ့ ဟာသ

ဉာဏ်ကို အမှတ်ရနေမိလို့ပါ။ တန်ဆောင်တိုင်အမီ ကျောင်းပြန်ဖွင့်တော့ ဆရာ့ သင်ခန်းစာမှာ ကျောက်သင်ပုန်း ထောင့်စွန်းအမြင့်မှာ တာဝတိံသာ ပွဲတုန်းက ဘယ်ကျောင်းသားတွေ လက်ဆော့ထားတယ် မသိဘူး။ အမျိုးသမီး ထဘီအဟောင်းတစ်ထည် ဝါးတုတ်အဖျားချည်ပြီး အလံကို လွှင့်ထူထားပါတယ်။ ဆရာလည်း အတန်းထဲအဝင် တွေ့သွားပါရော။ ဆရာက အင်္ဂလိပ်ဘာသာစကားနဲ့ (အဲဒီတုန်းက ကျောင်းသားတွေ ခုခေတ်လို အင်္ဂလိပ်ဘာသာစကားပြော ထက်မြက်တဲ့ အကျင့်ဖြစ်အောင် အင်္ဂလိပ်လို) ပြောပါတယ်။

"ကိုင်း ဒီကိစ္စ စေတနာ့ဝန်ထမ်း ဆောင်ရွက်ဖို့ သူရဲကောင်းများ ရှိသလား"

Any hero who is going to volunteer this?

"သူရဲကောင်း တစ်ယောက်ယောက် ထွက်လာပါဦး"

"Come on, any hero come on".

ဘယ်သူမှ ထွက်မလာကြပါဘူး။ ဝေါခနဲ ရယ်သံကို ကြောက်လန့်လို့ နေမှာပေါ့။ ဒီအချိန်မှာပဲ တိုက်တိုက်ဆိုင်ဆိုင် တံမြက်လှည်းတဲ့ ဂျာဒူးကုလားတစ်ယောက်အဖြတ် ဆရာက ကုလားလို ပြောခေါ်ပြီး ထဘီအလံကို ဖြုတ်ခိုင်းပါတယ်။

"Now he is the real hero" လို့ သူက ပွဲကျအောင် ပြောသေးတာလေ။ သူ့ကို လက်ဖက်ရည်ဖိုး ပေးသင့်တာပေါ့လို့ ပြောပြီး သူကပဲ ပေးလိုက်ပါတယ်။ နောက် ဖေဖေ့ဆီ သူလာလည်တော့ ဖေဖေရဲ့ ဝတ္ထု 'စစ်ထွက်သူ' ထဲက နဝဒေးကြီးကို လူငယ်တစ်ဦး နောက်ပြောင်တဲ့ကိစ္စ ကဗျာတောင် ရွတ်ပြသွားသေးတယ်။ ဒီလူငယ်က ထဘီစုတ်အလံထူပြီး

'ထောင်သင်းအိမ်တင်းတိမ်နဲ့ဗျား' လို့ဆိုတော့ နဝဒေးကြီးက

'ယောင်ဖျင်းသိမ် မြင်းပိန်နဲ့လား' ပြန်စပ်တာ ပြောပြီး ရယ်လိုက်တာ။

ကျွန်မတို့ ရန်ကုန်တက္ကသိုလ် စာသင်နှစ်တွေဟာ လွမ်းစရာတွေ၊ အမှတ်ရစရာတွေ ပြည့်နှက်နေခဲ့ပါတယ်။ ကျွန်မတို့မှာ လှပတဲ့ အနာဂတ် ဘဝအိပ်မက်ကမ္ဘာကြီး တည်ဆောက်ခဲ့တဲ့ နုနယ်တဲ့ အချိန်တွေပေါ့။

တက္ကသိုလ်စာမျက်နှာများ–စာအုပ်မှ

■

# အလည်လာသူများ

**(ဆရာဇန်းမော်တင်အောင်၊ ဆရာဒဂုန်တာရာ၊ ဆရာမြသန်းတင့်)**

**▶ ဟိန်းလတ်**

ကျွန်တော် ရန်ကုန်မြို့ ပြည်လမ်းပေါ်က မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ရုံးမှာ ၂၅ နှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ကျွန်တော်တို့ရုံးနဲ့ ကပ်လျက်မှာက ပညာရေးတက္ကသိုလ်ရှိတယ်။ ပညာရေးတက္ကသိုလ် စားသောက်ဆိုင်တန်းမှာ ဒေါ်တင် ခေါက်ဆွဲကြော်တို့၊ ကိုတင်ဝင်း ပုစွန်ခွက်ကြော်တို့က အရသာလည်း ရှိ၊ ဈေးနှုန်းကလည်း ချိုသာလို့ ကျောင်းသူ၊ ကျောင်းသားတွေရော၊ ဝန်ထမ်းတွေပါ ဒီဆိုင်တွေမှာ အစားများကြတယ်။ ကျွန်တော်တို့ရှေ့မှာက မြန်မာ့အသံကလည်း ရှိနေတာမို့ မြန်မာ့အသံ ဝန်ထမ်းတွေရော၊ သီချင်းသွင်းဖို့လာတဲ့ အဆိုကျော်တွေ၊ တီးဝိုင်းဆရာတွေပါ ဒီစားသောက်ဆိုင်တန်းမှာပဲ စားကျက်ကြနေကြတယ်။ နောက်ပိုင်းကျတော့ ဒီမှာ စာရေးဆရာ၊ ကဗျာဆရာတွေပါ ကျွန်တော့်ကို အကြောင်းပြုပြီးတော့ လာကြတယ်။ ဒီမှာပဲ အချိန်းအချက် လုပ်ကြတယ်။ စကားဝိုင်းဖွဲ့ကြတယ်။

အဲဒီတုန်းက ဗဟန်းမြို့နယ်၊ ဟာမစ်တစ်က ရုပ်ရှင်သရုပ်ဆောင် ကောလိပ်ဂျင်နေဝင်းအိမ်မှာနေတဲ့ ဆရာဒဂုန်တာရာဆိုရင် မနက်ရှစ်နာ

ရှိခွဲလောက် ပေါက်ချလာတတ်တယ်။ ပြီးရင် ပညာရေးတက္ကသိုလ်ဝင်း တစ်ဝိုက် လှည့်ပတ်လမ်းလျှောက်ပြီး သူ့ 'မေ' ဝတ္ထုရေးတုန်းက ဇာတ်လမ်းနောက်ခံပြုခဲ့တဲ့ နေရာတွေကို အလွမ်းပြေလျှောက်ကြည့်တယ်။ ဆရာဒဂုန်တာရာက ကျွန်တော့်အဖေ၊ ကျွန်တော့်ဦးလေးတွေနဲ့ ကျိုက်လတ်မှာတုန်းကတည်းက ရပ်ဆွေရပ်မျိုးတွေလို ခင်မင်ခဲ့ကြသူတွေ။

"ဒီလူကွာ... တော်တော်ထူးဆန်းတဲ့သူ။ သူများကျောင်းသားတွေက အဆောင်ကို မယ်ဒလင်တို့၊ တယောတို့လောက်ပဲ ယူလာကြတယ်။ သူ့ကျမှ အဆောင်ခန်း ကျဉ်းကျဉ်းကျပ်ကျပ်ထဲ စန္ဒရားကြီး သယ်ချလာတယ်လေ"

တက္ကသိုလ်မှာ တစ်ဆောင်တည်း ဆရာဒဂုန်တာရာနဲ့ နေဖူးတဲ့ ကျွန်တော့်ဦးလေး ပြောသံတွေ ငယ်ငယ်ကတည်းက ကြားခဲ့ရတယ်။

"ကိုငွေးမြိုင် ဘာတွေလျှောက်ရေးထားမှန်း မသိဘူး။ လက်ဆောင်ပေးလို့ ယူလာတာ" ဆိုပြီး အဖေကပြောပြီး ချောင်ထဲပစ်ထားခဲ့တဲ့ 'ဒဂုန်တာရာ၏ ဒဂုန်တာရာ' စာအုပ်ကို ကျွန်တော် ပဉ္စမတန်းကျောင်းသားအရွယ်မှာ ဖတ်ဖူးခဲ့တယ်။ အကုန်လုံးစေ့ပတ်စေ့ နားမလည်ပေမယ့် တစ်သက်တာမှာ ပထမဆုံးဖတ်ဖူးတဲ့ စာအုပ်ဆိုတော့ ရာသက်ပန် စွဲနေတဲ့စာအုပ်ပေပဲ။

တက္ကသိုလ်ကျောင်းသားဘဝကတည်းက ဆရာဒဂုန်တာရာ့အိမ်သွား၊ ဆရာ့ဆီက ဩဝါဒစကားတွေ နားထောင်၊ ဆရာနဲ့ လက်ဖက်ရည်ဆိုင်ထိုင်။ ဆရာ့ရဲ့အနုပညာသမ္ဘာ၊ စာပေဝါတွေက ကျွန်တော်နဲ့ ဘယ်လိုမှ မနိုင်းသာ မယှဉ်သာပေမယ့် အသက် ၂၀ ကျော် ငယ်သူ ကျွန်တော့်ကို "ခင်ဗျား၊ ကျွန်တော်" လို့ပဲ ခေါ်ဆိုသုံးနှုန်းတော့ အစပထမမှာ ကျွန်တော်လည်း ရှိုးတိုးရှန့်တန့် ဖြစ်မိတယ်။ နောက်ပိုင်းသိလိုက်ရတာက ဆရာက လူတိုင်းကို ဒီလိုပဲ အလေးထား ခေါ်ဝေါ်

ဆက်ဆံတာတွေ့ရတော့ နှိမ့်ချတတ်၊ ယဉ်ကျေးလှတဲ့ ဆရာ့ကို ပိုကြည်ညိုမိတာပေါ့။

ဆရာ မော်ဘီပြောင်းသွားတော့ မော်ဘီလိုက်၊ တောင်ဥက္ကလာ သေနတ်ပစ်ကွင်းပြောင်းတော့လည်း လိုက်တွေ့။ နောက်ဆုံး အောင်ပန်းပြောင်းသွားပြီး သူ့တူမ 'သင်းမြစန္ဒီ' ရဲ့ခင်ပွန်း 'ကိုမြင့်သန်း' က ကျွန်တော့်သူငယ်ချင်း။ နောက်ပိုင်း ကိုမြင့်သန်းက ဦးခွန်ထွန်းဦးတို့နဲ့ အတူ ရှမ်းအမျိုးသား ဒီမိုကရေစီအဖွဲ့မှာ ပါဝင်လှုပ်ရှား။ ကွယ်လွန်သွားတဲ့ အထိပါပဲ။

စာကြည့်တိုက်ပညာ ဘွဲ့လွန်သင်တန်းတက်ပြီး ကျမ်းပြုစုဖို့ရှိတော့ ကျွန်တော်က ကြည်ညိုရင်းစွဲရှိတဲ့ ဆရာဒဂုန်တာရာရဲ့ စာစုစာရင်းပဲ ရေးပြီး ဘွဲ့ရခဲ့ပါတယ်။

ဆရာ မကွယ်လွန်မီ ၂ နှစ်လောက်က 'ဆရာဝန်တင်ရွှေ' ရဲ့ တစ်သက်တာစာပေဆုကို ဆရာဒဂုန်တာရာ ရတယ်။ ဆရာက အောင်ပန်းကနေ မလာနိုင်တော့ ဆရာ့ကိုယ်စား ကျွန်တော်ပဲ ဆုတက်ယူခဲ့ရတယ်။ ဆုယူပြီး စင်အောက်ဆင်းလာတော့ သတင်းထောက် တော်တော်များများ ကျွန်တော့်ဘေးဝိုင်းလာပြီး အင်တာဗျူးလုပ်ကြတယ်။ အများစုက အသက် ခပ်ငယ်ငယ်လေးတွေ။ ဆုချီးမြှင့်တုန်းကလည်း ကြေညာတာကို သူတို့ နားထောင်ကြဟန်လည်း မတူဘူး။ သုံးလေးယောက်က ကျွန်တော့်ကို မိုက်ကရိုဖုန်းတွေ ထိုးပေးပြီး မေးကြတယ်။

"အခုလို ဆုရတဲ့အတွက် ဆရာဒဂုန်တာရာအနေနဲ့ ဘယ်လို ခံစားရပါသလဲ"

"ဒဂုန်တာရာဆိုတဲ့ ကလောင်နာမည်ကို ဘယ်လိုအဓိပ္ပာယ်နဲ့ ယူပြီး ဘာစာတွေရေးလို့ အခုလိုစာပေဆု ရတာလဲ"

သူတို့ခမျာ စာဖတ်အားကလည်းနည်း၊ လေ့လာဖတ်ရှုမှုက

လည်း မရှိတာကြောင့် ကျွန်တော့်ကိုပဲ 'ဒဂုန်တာရာ' ထင်ပြီး မေးနေလိုက်ကြတာ။

ပညာရေးတက္ကသိုလ် စားသောက်ဆိုင်တန်းကို မနက်စောစောလာတတ်သူ နောက်ထပ်ဆရာကြီးတစ်ဦးကတော့ ဆရာမြသန်းတင့်ပါပဲ။ ဆရာက စမ်းချောင်းမှာနေတယ်။ မျက်လုံးမကောင်းလို့ မျက်မှန်ထူထူကြီး တပ်ထားတာကလွဲလို့ ဆရာက ကျန်းမာရေးကောင်းတယ်။ ကျန်းမာရေးကောင်းအောင်လည်း တမင်ကို နေတယ်။ မိုးရွာရွာ၊ နေပူပူ မနက်တိုင်း လမ်းလျှောက်တယ်။

ကျွန်တော်နဲ့ သူငယ်ချင်း ကိုမြင့်ဆွေ (အောင်ဖီ) က အနည်းဆုံးတစ်ပတ်ကို တစ်ခါလောက် ဆရာမြသန်းတင့်အိမ် သွားကြတယ်။ ကျွန်တော်တို့ရလာတဲ့ စာအုပ်တွေ ဆရာ့ကိုပေး၊ ဆရာ့ဆီက စာအုပ်ငှား။ ဆရာဘာသာပြန်တဲ့ နည်းနိသရည်းကို လေ့လာ။ အဲဒီတုန်းက ဆရာ့ သမီးမြူမြူက မူလတန်းကျောင်းသူ။ ဆရာ့သားဖိုးလမင်းက မတ်တတ် ပြေးပဲ ရှိသေး။ ဆရာပြောတဲ့ ကိုကိုးကျွန်း အတွေ့အကြုံတွေနား ထောင်ပြီး ကိုကိုးကျွန်းကို နောက်ခံထားတဲ့ 'မားတောင်ကိုကျော်၍ မီး ပင်လယ်ကိုဖြတ်မည်' စာအုပ် သန္ဓေတည်ပုံကို သိခဲ့ကြရတယ်။

ကျွန်တော်က ရုံးမှာ တစ်လကို ညဂျူတီ နှစ်ကြိမ်ကျတယ်။ ရုံးမှာ ညအိပ်ရပြီး မနက် ၆ နာရီလောက်ဆို ဆရာမြသန်းတင့်က ရုံးရှေ့ ပေါက်ချလာတတ်တယ်။ ကျွန်တော်တို့ရုံးနောက်ဘက် ဝင်ဒါမီယာက ဇော်ဂျီလမ်းက ကားသွားကားလာရှင်းလို့ လမ်းလျှောက်ကြတယ်။ တက္ကသိုလ် ရေကူးကန်၊ တင်းနစ်ကွင်းတွေကို ပတ်လျှောက်ကြပြီး ၇ နာရီလောက်ဆို ပညာရေးတက္ကသိုလ် စားသောက်ဆိုင်တန်းရောက်တယ်။ ဒီအချိန်မှာ ကိုတင်ဝင်းရဲ့ အကြော်စုံရနေပြီ။ ဆရာက ဗယာကြော်နဲ့ တို့ဟူးကြော်ကို လက်ဖက်ရည်ကြမ်းနဲ့ မြည်းရတာ

ကြိုက်တယ်။ လတ်လတ်ဆတ်ဆတ် ဆလပ်ရွက်တွေကို တစ်ဝကြီးစား တယ်။ ကော်ဖီ၊ လက်ဖက်ရည် မသောက်ဘူး။ ပြီးရင် ဟံသာဝတီ အဝိုင်းကတစ်ဆင့် ဆရာနေတဲ့ စမ်းချောင်းအထိ ကျွန်တော်က လိုက်ပို့ တယ်။ အဲဒီတုန်းက မော်တော်ကားတွေ တအားမရှုပ်သေးဘူး။ စမ်း ချောင်းမှာလည်း အိမ်တွေ တအားမများသေးဘူး။ ဗမာအများစုနေကြ တော့ လူသန့်တယ်။ အမှတ် (၅) နယ်မြေဆိုတဲ့ အလုံ၊ ကြည့်မြင်တိုင်၊ စမ်းချောင်းမှာ စမ်းချောင်းက နေလို့အကောင်းဆုံးပဲ။ ဆရာက အိမ် ရောက်တာနဲ့ လက်နှိပ်စက်ဟောင်းလေးရှေ့သွားပြီး တကုပ်ကုပ်ရိုက် တော့တာပဲ။ 'မာဂရက် မစ်ချယ်' ရဲ့ Gone With The Wind ကို ဆရာက 'လေရူးသုန်သုန်' ဆိုပြီး ဘာသာပြန်တဲ့အချိန်ကို သတိရမိ သေးတယ်။ မူရင်း အင်္ဂလိပ်စာအုပ်ကြီးကို တစ်ချက်ကြည့်လိုက်၊ လက် နှိပ်စက်နဲ့ မြန်မာ ဘာသာပြန်ကို ရိုက်လိုက်နဲ့။ အဘိဓာန်ကိုင်တာလည်း မတွေ့ရဘူး။ သိပ်ပြီး ကြာကြာစဉ်းစားနေရတာလည်း မရှိဘူး။ ချက်ချင်း ဖတ်၊ တိုက်ရိုက်မြန်မာပြန်ပဲ။ Chapter One အခန်းတစ်ကို ကျွန်တော် သေသေချာချာမူရင်းနဲ့ တိုက်ဖတ်ဖူးတယ်။ တစ်လုံးတစ်ပါဒမှ မခြွင်း မချန် အတိအကျ ဘာသာပြန်ထားတာ တွေ့ရတယ်။ စကားလုံးတွေက မြန်မာဆန်လွန်းလို့ ဘာသာပြန် ဖတ်နေရတယ်တောင် မထင်ရဘူး။ မူရင်းမြန်မာစာအုပ် ဖတ်နေရသလိုပဲ။ ပင်ကိုရေးရော၊ ဘာသာပြန်ပါ သူမတူ ပါရမီထူးကဲလှတဲ့ ဆရာ့လိုပုဂ္ဂိုလ်မျိုးနေရာ အစားထိုးနိုင်မယ့်သူ အခုထိမပေါ်သေး။

ပညာရေးတက္ကသိုလ် စားသောက်ဆိုင်တန်းကို ရောက်လေ့ရှိတဲ့ နောက်စာရေးဆရာကြီးတစ်ဦးကတော့ ဆရာဗန်းမော်တင်အောင်ပါ။ တရုတ်ပြည်မှာ ယဉ်ကျေးမှုတော်လှန်ရေးအရှိန်ကို ရှောင်ပြန်ဟပ်ပြီး ကျွန်တော်တို့ မြန်မာစာရေးဆရာ လက်ဝဲသမားတချို့ကလည်း 'မိုးကြို

မှန်တိုင်း' ဆိုတဲ့ စာအုပ်ကို စီစဉ်ကြတယ်။ စာရေးဆရာ ထက်မြက်၊ နိုင်ဝင်းဆွေ၊ လှဆွေ၊ အောင်ကျော်ဇော၊ ကျော်ဇောဦးနဲ့ ကျွန်တော်တို့ အုပ်စုပေါ့။ အဲဒီအုပ်စုထဲမှာ ဆရာထက်မြက်နဲ့ ကျွန်တော်တို့ပဲ မြေပေါ် ကျန်ရစ်ခဲ့ပြီး တခြားသူတွေအားလုံးက တောထဲရောက်ကုန်ကြတယ်။ ဆရာနိုင်ဝင်းဆွေနဲ့ ကျော်ဇောဦးတို့က ကွယ်လွန်သွားကြပြီ။ ဆရာလှဆွေက မြေပေါ်ပြန်ရောက်လာတယ်။ ကိုအောင်ကျော်ဇောကတော့ တစ်ဖက်နိုင်ငံမှာ နေထိုင်ဆဲ။

နောက်ပိုင်းမှာ ဆရာကြီးတွေကို ကျွန်တော်တို့ကိုယ်တိုင် အမှားတွေကို ဝန်ခံတောင်းပန်ခဲ့ကြပါတယ်။ အဲဒီတုန်းက ကျွန်တော်က ဘားလမ်း (အခု မဟာဗန္ဓုလပန်းခြံလမ်း) မှာ ကျူရှင်ဖွင့်နေတယ်။ ကျွန်တော့် ကျူရှင်နဲ့ သုံးအိမ်ကျော်မှာက 'ပင်းယစာပေတိုက်' ရှိတယ်။ 'ပင်းယစာပေတိုက်' မှာ နေ့တိုင်းလာထိုင်သူက ဆရာဇန်းမော်တင်အောင်။ အဲဒီတုန်းက ဘားလမ်းမှတ်ဆိတ် လက်ဖက်ရည်ဆိုင်က နာမည်အကျော်ဆုံး။

ကျွန်တော်က မနက်တစ်ခါ၊ နေ့လယ်တစ်ခါ လက်ဖက်ရည်သောက် တယ်။ ဆရာဇန်းမော်တင်အောင်က လက်ဖက်ရည် သိပ်ကြိုက် သူပါ။ ကျွန်တော် နှစ်ခါထိုင်၊ ဆရာနဲ့ နှစ်ခါတွေ့။ ကျန်တဲ့သူတွေ လည်း လူတွေသာ ပြောင်းသွားတယ်။ ဆရာကတော့ တစ်နေ့ကို လက် ဖက်ရည် ဆယ်ခွက်လောက် သောက်တယ်။

ဆရာဇန်းမော်တင်အောင်က အရပ်မြင့်မြင့်၊ ကိုယ်လုံးကိုယ်ပေါက် ခပ်သွယ်သွယ်၊ အသားလတ်လတ်၊ ထူးခြားတာက အမြဲပြုံးနေတဲ့မျက်နှာ၊ မျက်ခုံးမွေးထူထူအောက်က မျက်ဝန်းကလည်း ရွှန်းလဲ့လို့နေရဲ့။ စကားပြောရာဆိုရာမှာ သိပ်ညင်သာတယ်၊ သိမ်မွေ့တယ်။ ဆရာ့နှုတ်ဖျားက ဒေါသစကား၊ အမုန်းစကား တစ်ခါမှ မကြားရဖူးဘူး။

အသိမ်အဖျင်း ဖရုသဝါစာ ဘယ်အခါမှ မပြောတတ်။ ဘယ်ဘာသာ တရားကိုမှ သိပ်မယုံကြည်ပေမယ့် ဘာသာအားလုံးရဲ့အနှစ်သာရကို ကြည့်ရင် ဆရာဇန်းမော်တင်အောင်ဆီမှာ အကုန်ရှိတယ်။

"တာရာမဂ္ဂဇင်း" ထဲက သိကျွမ်းခဲ့တဲ့ ဆရာဇန်းမော်တင်အောင် နဲ့ ဆရာဒဂုန်တာရာတို့ရဲ့ သံယောဇဉ်က သိပ်ကြီးတယ်။ ဆရာဒဂုန် တာရာခေါ်လာလို့ ဆရာဇန်းမော်တင်အောင် ကျွန်တော့်ရုံးကို ရောက် လာတယ်။ ကျွန်တော့်ရုံးစာကြည့်တိုက်မှာ စာအုပ်တော်တော်စုံတယ်။ Encyclopaedia Britannica ဆိုတဲ့ ဗြိတိသျှစွယ်စုံကျမ်းတွေ၊ Encyclopaedia Americana ခေါ်တဲ့ အမေရိကန်စွယ်စုံကျမ်းတွေ နောက် ဆုံးထုတ် အတွဲစုံရှိတယ်။ ဆရာက ဒီစာအုပ်တွေထဲက ရှာစရာတွေကို လာဖတ်တတ်တယ်။ အထူးသဖြင့် တနင်္လာနဲ့ ဗုဒ္ဓဟူးနေ့တွေမှာ ဆရာ လာတယ်။ စာဖတ်ခန်းမှာ စိမ်ပြေနပြေ စာဖတ်တယ်။ ဝန်ထမ်းတွေနဲ့ လည်း ချက်ချင်းပဲ အလွမ်းသင့်သွားတယ်။ ဝန်ထမ်းတွေနဲ့အတူတူ လက်ဖက်ရည်ဆိုင်သွားတယ်။

"ဆရာ ခုလိုလာနေရတာ ပင်ပန်းပါတယ်။ သောကြာနေ့ ည ဘက် ဒါတွေ အိမ်ယူသွား။ တနင်္လာနေ့မနက် ပြန်လာပေးရတာပဲ" လို့ ကျွန်တော်က ဆရာ့ကို ပြောမိတယ်။

ဆရာရဲ့မျက်နှာက ချက်ချင်းတည်သွားတယ်။ ပြီးမှ–

"ကိုဟိန်းလတ်က စာကြည့်တိုက်သင်တန်း တက်ထားတဲ့သူပဲ။ စွယ်စုံကျမ်းဆိုတာ ရည်ညွှန်းစာအုပ် Reference Book တွေလေ။ စာကြည့်တိုက် စည်းကမ်းအရ ဒါတွေကို အပြင်ထုတ်ငှားခွင့်မရှိဘူး မဟုတ်လား။ ကျွန်တော် စည်းကမ်းမဖောက်ပါရစေနဲ့"

ဆရာ ထောက်ပြမှ ကိုယ့်ဘာသာကိုယ် ရှက်သွားမိတယ်။ နိုင်ငံ ခြားပြန် ပါရဂူပါမောက္ခကြီးတွေဆိုရင် ရည်ညွှန်းစာအုပ်တွေ အိမ်ကို

ငှားငှားပြီး ပြန်မပေးတာတွေကို သွားသတိရမိတယ်။

ကျွန်တော် မန္တလေးတက္ကသိုလ်ကနေ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်ကို ပြောင်းခဲ့ရသေးတယ်။ ၁၉၇၄ ခုနှစ်က ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်ဆိုတာ သိပ်ခေါင်တဲ့နေရာပေါ့။ ပျဉ်းမနားမြို့ကနေ ကျွန်တော်တို့ တက္ကသိုလ်ကိုလာဖို့ ဘာကားမှမရှိဘူး။ ဆရာရော၊ ကျောင်းသားတွေပါ ကျောက်တင်တဲ့ကားတွေကို တစ်ယောက်တစ်ဆယ်ပေးပြီး စီးရတယ်။ ရေသယ်တဲ့ ဘောက်ဆာကားတွေပေါ်မှာ တွယ်ဖယ်ပြီး စီးရတယ်။ ဒီနေရာဟာ တစ်နေ့ 'နေပြည်တော်' ကြီး ဖြစ်လာလိမ့်မယ်လို့ ဘယ်သူမှ မထင်ကြဘူး။ အဲဒီလို 'ပစ္စန္တရစ်' အရပ်က တက္ကသိုလ်ဆီကို 'ဆရာဇန်းမော်တင်အောင်' နဲ့ 'ဆရာဒဂုန်တာရာ' တို့နှစ်ယောက် ရောက်လာပြီး ကျွန်တော့်ကို အားပေးကြတယ်။ ညဘက်မှာ ပျဉ်းမနားက စာရေးဆရာ၊ ကဗျာဆရာတွေ ဖြစ်ကြတဲ့ မောင်သင်းခိုင်၊ မောင်လေးမွန်၊ ဇော်ဝင်းကို၊ ဇော်(ပျဉ်းမနား)၊ အောင်ဇင်မင်း၊ ကျော်မင်းဟန်၊ ဝင်းမောင်တို့နဲ့ ဆရာတို့နှစ်ယောက် စကားဝိုင်းကလည်း လူငယ်စာရေးဆရာတွေကို ဗီတာမင်အားဆေး ထိုးပေးလိုက်တာပါပဲ။

ဆရာဒဂုန်တာရာ၊ ဆရာဇန်းမော်တင်အောင်၊ ဆရာမြသန်းတင့်တို့ ကျွန်တော့်ဆီ အလည်လာကြတဲ့ အကြောင်းတွေကို ရေးလို့မဆုံးပါဘူး။ ဆရာကြီးတို့ဆီက နိုင်ငံရေး၊ စာပေအနုပညာရေးတို့အပြင် စံထားလောက်တဲ့ စိတ်နေစိတ်ထား၊ ပြောဟန်ဆိုဟန် အမူအကျင့်တွေ တစ်ပုံတစ်ပင်ကြီး ကျွန်တော်တို့ အမွေရရှိခဲ့ကြပါတယ်။ တကယ်တော့ ဆရာကြီးတို့ဟာ ကျွန်တော့်ဆီ အလည်လာကြတာထက် လူ့လောက ကမ္ဘာမြေကို အလည်တစ်ခေါက် ရောက်လာကြသူတွေဆိုရင် ပိုမှန်ပါလိမ့်မယ်။ သာမန်လူများစုနဲ့ မတူခြားနားတာကတော့ လူ့လောကကို

အလည်လာကြတာချင်းအတူတူ ဆရာကြီးတို့ ခေတ္တခဏ အလည်လာခြင်းက ကျွန်တော်တို့နိုင်ငံအတွက်၊ လူမျိုးအတွက် နိုင်ငံရေး၊ လူမှုရေး၊ စာပေအနုပညာအမွေတွေ အများကြီး ချန်ရစ်ပစ်ခဲ့ကြတာပါပဲ။

ကျွန်တော်တို့အားလုံးလည်း အလည်လာကြသူတွေပါပဲ။ ဒါပေမဲ့ ကိုယ့်အိမ်ကိုယ် ပြန်ကြတဲ့အချိန်မှာ ဒီကမ္ဘာမြေအတွက် ဘယ်လို ကောင်းရာ ကောင်းကျိုးတွေ ထားရစ်ခဲ့ကြနိုင်မလဲ။ ကျွန်တော်တို့ ခေတ္တ ခဏ အသက်ရှင်သန်ခွင့်ရခြင်းကြောင့် ဒီကမ္ဘာမြေနဲ့ ကျန်ရစ်လူသားတွေ အပေါ် ဘယ်လိုအကျိုးကျေးဇူးတွေ ထားရစ်နိုင်မလဲဆိုတာကို ဆင်ခြင်သုံးသပ်ရင်း ရှင်သန်ခွင့်ရတဲ့ နေ့ရက်များကို သူတစ်ပါးအတွက် အကျိုးများစေဖို့ တတ်အားသမျှ ကြိုးစားနေကြရမှာပါပဲ။

စာတောအလယ်မှ တဝဲဝဲသံသရာ–မှ

■

## လှည်းတန်းရဲ့ ရော့ခ်ဒိုင်ယာရီ

▶ သော်ဒီဝေ

အခုပြောပြမှာက ကမ္ဘာကျော် Deep Purple အဖွဲ့ရဲ့ Smoke on the water လောက် မကြီးကျယ် မခမ်းနားလှတဲ့ ရော့ခ်ဒိုင်ယာရီ စာတစ်ပုဒ်ပါပဲ။ ဒီအကြောင်းတွေ ပြန်ပြောဖို့အတွက် နိဒါန်းကို ဒီအတိုင်း လှည်းတန်းက စရမှာ ဖြစ်ပါတယ်။

*

ကမာရွတ် (လှည်းတန်း)နဲ့ ရေစက်ပါတယ်လို့ ထင်တယ်။ ဒီ ဇာတ်လမ်းတွေအားလုံး ကမာရွတ် (လှည်းတန်း) မှာ စခဲ့တာ ဖြစ်ပါတယ်။ ဒီဇာတ်လမ်းနဲ့ ပတ်သက်သူတချို့လည်း ကမ္ဘာမြေပေါ်မှာ မရှိကြတော့ဘူး။

လွန်ခဲ့သော ၂၅ နှစ်ခန့်က ဒီဇာတ်လမ်းတွေဖြစ်ဖို့ မေမေက ကျွန်တော့်ကို မြန်မာကျပ်ငွေ ငါးသောင်း ထုတ်ပေးခဲ့တယ်။ ၂၀၀၀ ပြည့်နှစ်မှာ မေမေဟာ ကျွန်တော် နေထိုင်တဲ့ ပြင်ဦးလွင်ကို လိုက်လာပြီး သူ့ဘဝကို အဆုံးသတ်ခဲ့တယ်။

၂၀၀၁ ခုနှစ် မေမေဆုံးပြီးတော့ ဘဝမှာ နောက်လှည့်ကြည့်စရာအကြောင်း သိပ်မရှိတော့ဘူးဆိုပြီး ရန်ကုန်မှာ ပြန်နေမယ်လို့ ဆုံးဖြတ်လိုက်တယ်။

ကမာရွတ် (လှည်းတန်း) နဲ့ ရေစက်ပါတယ်လို့ထင်တယ်။ လွန်ခဲ့တဲ့ ၂၅ နှစ်လောက်က အခုလက်ရှိ နေနေတဲ့ ဗဟိုလမ်းက ပြည်ရိပ်မွန်အိမ်ရာဆိုတာ ရှိဖို့ နေနေသာသာ ဗဟိုလမ်းဆိုတာတောင် ရှိသေးတာမဟုတ်ဘူး။

ကိုယ့်တူမလေးရဲ့ ကျေးဇူးကြောင့် အခုလက်ရှိ ဗဟိုလမ်း ပြည်ရိပ်မွန်အိမ်ရာမှာ နေဖြစ်ခဲ့တယ်။ နည်းနည်းတော့ အဆင့်အတန်းမြင့်တယ်။ အပေါ်ဆုံးထပ် (ရှစ်လွှာ) မှာ နေဖြစ်တယ်။ လှည်းတန်း မဟုတ်ပေမယ့် လှည်းတန်းရပ်ကွက်ကြီး တစ်ခုလုံးကို အခန်းပြတင်းပေါက်ကနေ မိုးပြီးမြင်နေရတယ်။ ဟိုမှာ လှည်းတန်းခုံးကျော်တံတား။ ဟောဒါက ယခင် (အာတီးယား) လမ်း...စသဖြင့်။

၁၉၈၆ ခုနှစ် လွန်ခဲ့သော ၂၅ နှစ်ခန့်က လှည်းတန်းမှာ ခဏနေဖြစ်ခဲ့ဖူးတယ်။ ပန်းချီဆရာဆိုပေမယ့် ဘဝမှာ ကံအားလျော်စွာ အလုပ်နှစ်မျိုး လုပ်မိခဲ့သူအတွက် သီချင်းကိစ္စနဲ့ နေဖြစ်ခဲ့တာ ဖြစ်တယ်။

၁၉၈၆ ခုနှစ်က မေမေထုတ်ပေးတဲ့ ပိုက်ဆံနဲ့ မန္တလေးက ဟယ်ရီလင်းဆိုတဲ့ အဆိုတော် တစ်ယောက်ကို စီးရီးထုတ်ဖို့ဆိုပြီး လှည်းတန်း ကမာရွတ်မှာ နေဖြစ်ခဲ့တာ ဖြစ်တယ်။

အဲဒီတုန်းက ကိုယ့်ညီ သူငယ်ချင်းတွေဖြစ်တဲ့၊ ကိုယ့်ညီလေးတွေလိုဖြစ်တဲ့၊ မန္တလေးက ဂီတအိုင် ကျောင်းဆင်းလေးတွေဖြစ်တဲ့၊ အင်ဂျင်နီယာ ပေါက်စလေးတွေဖြစ်တဲ့ ကိုမြင့်လွင်နဲ့ ကိုဝင်းတူးတို့နှစ်ယောက်ဟာ ရေကြည်ရာ မြက်နုရာ ကမာရွတ် လှည်းတန်း ထန်းတပင်လမ်းခြံဝင်းကြီးတစ်ခုထဲက ရေနံချေးတွေ မည်းနေအောင် သုတ်ထားတဲ့

နှစ်ထပ်အိမ်ကြီးတစ်လုံးကို အဆောင်လုပ်ထားတဲ့ အိမ်ကြီးမှာ ငှားနေကြတယ်။

ကိုယ့်တစ်ယောက်စာဆိုရင် ရန်ကုန် ဘယ်မှာနေနေဖြစ်တယ်။ မြေနီကုန်းမှာ ဓာတ်ပုံဆိုင်ဖွင့်ထားတဲ့ ဦးလေးရဲ့အိမ်ကလည်း ရှိတယ်။ ဒါပေမဲ့ ဟယ်ရီလင်းရဲ့ စီးရီးသွင်းဖို့ မန္တလေးက တစ်ပါတည်း တီးဝိုင်းပါ ခေါ်လာတော့ အဲ့သလို ကိုယ်တတ်နိုင်တဲ့ ငွေကြေးလောက်နဲ့ပဲ အဆောင်ငှားနေမှဖြစ်မှာဆိုတော့ အခုနက ထန်းတပင် လမ်းထဲက အဆောင်မှာပဲ ကိုမြင့်လွင်တို့ အဆက်အသွယ်နဲ့ပဲ နေဖြစ်ခဲ့တာ ဖြစ်တယ်။

မနှစ်က လွှင့်ဖြစ်ခဲ့တဲ့ မြဝတီက ကျွန်တော့်ရဲ့ ရှင်သန်နေသောသီချင်းများ အစီအစဉ်မှာ ပြောခဲ့သလို တီးဝိုင်းနာမည်ကို 'စကြဝဠာမီးပြတိုက်များ' ပေးထားပြီး Lead ဂစ်တာကို အဲဒီတုန်းက ကိုအောင်နိုင် နောက် (ပီလွန်) က တီးပါတယ်။ အခု ကွယ်လွန်သွားပါပြီ။ Drums က ဟင်နရီ ကိုမြဝင်းက တီးပေးပါတယ်။ Bass ဂစ်တာကိုတော့ လက်ရှိမြန်မာပြည်ရဲ့ Rock monstar ဖြစ်တဲ့ လေးဖြူကတီးပါတယ်။ သူတို့အားလုံး ကမာရွတ် လှည်းတန်း ထန်းတပင်လမ်းက အဆောင်မှာ နေသွားသူတွေပေါ့။ (ကိုမြဝင်းနဲ့ လေးဖြူက မန္တလေးတက္ကသိုလ်ကပေါ့။)

သိတဲ့အတိုင်းပါပဲ။ ကမာရွတ် လှည်းတန်းဆိုတာကတော့ အနယ်နယ် အရပ်ရပ်က ပညာသင်ယူဖို့ပဲဖြစ်ဖြစ်၊ အနုပညာနယ်ပယ်မှာ တိုးဖို့ပဲဖြစ်ဖြစ်၊ သွားရေး လာရေး၊ စားရေးသောက်ရေးကအစ အစစ အဆင်ပြေပါတယ်။ မနက်ပိုင်း Breakfast ဆိုရင်လည်း အဖိုးနည်းဝန်ပါ။ နေ့လယ်စာ Lunch ကျပြန်တော့ ငွေစကြေးစ အနည်းငယ်နဲ့ သန့်သန့်ရှင်းရှင်း သပ်သပ်ခပ်ခပ်နဲ့ပြီးတယ်။ မြို့ထဲ Downtown သွားချင်ရင်လည်း ကားမှတ်တိုင် ဆယ်ခုမကျော်တူး။ ကျွန်တော်တို့ စီးရီးအသံသွင်း

ဖို့ Date ယူထားတဲ့ စတူဒီယိုကလည်း အိုအေစစ် စတူဒီယို။ ရှစ်မိုင် အကျော်မှာ အခု ၅၁ ကား စီးသွားရင် ဘာကြာတာမှတ်လို့ ခဏပဲ။

အဲဒီခေတ် အဲဒီကာလက ပိုက်ဆံ ငါးသောင်းဆိုတာ အတိုင်း အတာတစ်ခုအထိ တော်တော် အသုံးခံပါတယ်။ အနည်းဆုံး စီးရီးခွေ ကြမ်း တစ်ခုတော့ လုပ်လို့ရတယ်။ လွမ်းစရာကောင်းအောင် ပြန်ပြော နေတာလို့တော့ မထင်လိုက်ပါနဲ့။ အဲဒီတုန်းက ကိုအောင်မင်းတို့၊ ကိုမြတ် ကျော်သိန်းတို့ မောင်နှမ လေးယောက် LEO အဖွဲ့ကို ဟာမိုနီ ငှားလိုက် တာ ပိုက်ဆံ ခုနစ်ထောင်ပဲ ပေးရတယ်။

အိုအေစစ် စတူဒီယိုမှာ ခုနပြောတဲ့ LEO အဖွဲ့ ကျွန်တော့်စီးရီးမှာ ပထမဆုံး စပြီး ဟာမိုနီလိုက်တဲ့ သီချင်းက အခု လေးဖြူဆိုပြီး ပေါက် သွားတဲ့ 'ကမ္ဘာကြီးက လုံးပြီးဝိုင်းနေတော့' သီချင်းပါ။ အဲဒီသီချင်းကိုမှ သူတို့ ပထမဆုံးရွေးပြီး ဟာမိုနီလိုက်ဖြစ်တာကိုလည်း အံ့သြရပါတယ်။ ဟာမိုနီဆိုပြီး အင်ဂျင်နီယာ အခန်းထဲ လာပြီး သူတို့ နားထောင်တော့ လည်း အစက ရုပ်သိပ်မထွက်သေးတဲ့ သီချင်းဟာ အဲဒီကျမှ ဂျာမန်စစ် တပ်ကြီး ချီလာသလား အောက်မေ့ရတယ်။ နားထောင်ရတာ စိတ်တက် ကြွဖို့ သိပ်ကောင်းသွားတယ်။ LEO အဖွဲ့ကိုယ်တိုင်လည်း တော်တော် Active ဖြစ်သွားပုံရပါတယ်။

အဲဒီတုန်းက ဇော်ဝင်းထွဋ်ဆိုရင် အိုအေစစ်ကို ရောက်ရောက်လာ ပြီး ကျွန်တော်တို့အဖွဲ့ကို မသိမသာ အကဲခတ်ပါတယ်။ အဲဒီ JUDAS PRIEST သီချင်းကိုလည်း "အေးဗျာ...အဲဒီသီချင်းကို အစက ကျွန်တော်လည်း လုပ်ဖို့ပါပဲ။ အခု ခင်ဗျားတို့ လုပ်သွားတော့လည်း ကောင်းပါတယ်" ဆိုပြီး လွတ်တဲ့ငါးမှ ကြီးတဲ့ပုံမျိုးနဲ့ ပြောပါတယ်။

အိုအေစစ်မှာ သီချင်းသွင်းတော့ ကိုယ်က ဘာမှ မတီးတတ်တော့ တချို့အချိန်တွေ အားပါတယ်။ ဆရာဦးဇော်မြင့် (ဇော်ဇော်အောင်) နဲ့

လည်း လက်ဖက်ရည်ဆိုင်မှာ အနည်းအကျဉ်း Talking ပွားဖြစ်ပါတယ်။ အဲဒီတုန်းက ဆရာ တက္ကသိုလ်မှာပဲ ရှိပါသေးတယ်။ သူနဲ့ စကားပြောရတာလည်း တစ်ခါတစ်ခါ အတော်တက်ကြွစရာ ကောင်းပါတယ်။ တစ်ခါတစ်ခါတော့လည်း Modernism တွေအကြောင်း ပြောဖြစ်တယ်။ အရိုးပေါ်အရွက် မဖုံးရအောင်ဆိုတာကို သူက လက်ခံချင်ပုံမရဘူး။ အရွက်နဲ့ချည်း အနုပညာဖြစ်အောင် လုပ်ပြချင်တဲ့စိတ်မျိုး သူ့မှာရှိပုံရပါတယ်။ အနုပညာအပေါ် ကန့်သတ်ချက်တွေ၊ စည်းမျဉ်းဥပဒေသတွေကို သူမုန်းတီးနေပုံပါပဲ။ (တောင်သူလယ်သမားဂျာနယ်မှာ ငါးမြှောင်တောင်ပိုးအကြောင်း ဆောင်းပါးတစ်ပုဒ်တလေ ရေးပြီး ကိုယ့်ကိုယ်ကိုယ် စာရေးဆရာ) လို့ ထင်နေသူနဲ့ ဇော်ဇော်အောင် ကြမ်းတစ်ပြေးတည်း မထိုင်နိုင်ပါဘူးလို့ အဲ့သလို မာန်တက်ပြီး ဆရာ ဦးဇော်မြင့်က ပြောပါတယ်။

အဲဒီ ၁၉၈၆ ခုနှစ်တုန်းက အိုအေစစ် စတူဒီယိုမှာ ကျွန်တော်တို့ကြိုးပမ်းခဲ့တဲ့ ဟယ်ရီလင်းရဲ့ စီးရီးဟာ ကံမကောင်း အကြောင်းမလှစွာနဲ့ မထွက်ဖြစ်ခဲ့ဘူးဆိုပေမယ့် အဲဒီကမှ မြန်မာပရိသတ်အတွက် Heavy Metal ဆိုတဲ့ တေးဂီတအမျိုးအစားတစ်မျိုး၊ သော်ဒီဝေ၊ ဟယ်ရီလင်း၊ လေးဖြူ၊ အငဲ စတဲ့ Rock Artist တွေကိုတော့ မွေးဖွားပေးနိုင်ခဲ့ပါတယ်။

စီးရီးသွင်းပြီးလို့ ဆရာကောင်းမြတ်က Mixdown ဆွဲပေးတဲ့ညကိုလည်း ပြန်ပြောင်း သတိရမိတယ်။ နေ့သစ်များအကြောင်း၊ ကမ္ဘာကြီးက လုံးပြီးဝိုင်းနေတော့၊ ဂန္ဓဝင်မြောက် အိမ်အပြန်သီချင်းတွေကို ပြန်နားထောင်ပြီး မျက်ရည်ဝိုင်းမိတယ်။ အားလုံး ပြီးဆုံးသွားတော့ ည ၂ နာရီကျော်ပြီ။ လှည်းတန်း ထန်းတပင်လမ်းက အဆောင်ပြန်ဖို့ စောနေသေးတယ်။ မင်္ဂလာဒုံဘက်မှာ ကျိုက္ကလို့ဘုရားပွဲရှိတယ်။ ဘုရားပွဲဈေး

သွားပြီး လက်ဖက်ရည်သောက်ပြီး မနက် ၅ နာရီလောက်မှ ကျွန်တော်တို့ အဖွဲ့ လှည်းတန်းပြန်ရောက်တယ်။

အခုပြောပြနေတာတွေ အားလုံးကတော့ ၁၉၈၆ ခုနှစ်လောက်က ရှော့ခ်ဒိုင်ယာရီ တစ်ပုဒ်ပါပဲ။ အဲဒီအထဲက လူတချို့ဟာ ကမာရွတ် လှည်းတန်းတစ်ဝိုက်မှာ နေထိုင်သွားခဲ့ဖူးတယ်။ တချို့ဟာ ကမ္ဘာမြေပေါ်မှာ မရှိတော့ဘဲ သေဆုံးသွားကြပြီး တချို့ကတော့ ကျွန်တော်တို့ နိုင်ငံရဲ့ တစ်ခဲနက် လက်ခုပ်သံတွေရတဲ့ Celebrity တွေ ဖြစ်နေကြတယ်။ တချို့ လှည်းတန်းက လူတွေမသိကြပေမယ့် သော်ဒီဝေတို့၊ လေးဖြူတို့၊ ဟယ်ရီလင်းတို့ဆိုတာ ဟောဒီ ငါတို့လှည်းတန်း ထန်းတပင်လမ်း ဟိုနားက အဆောင်မှာ နေသွားတာပါကွာလို့ ပြောကောင်း ပြောမယ့်သူတွေ ရှိနေလိမ့်မယ်။

**မုဒိတာဖြင့်**

**မေလ ၂၂ ရက်၊ ၂၀၁၀**

အက်ဆေးလှည်းတန်း-မှ

■

# သီတင်းကျွတ်တော့မည်

▸ မျိုးမြတ်သူ

သီတင်းကျွတ်ပွဲတော်အကြောင်းရေးမယ် စဉ်းစားတော့ ပထမဆုံး သီတင်းကျွတ်တော့မည်ဆိုတဲ့ ရုပ်ရှင်က ခေါင်းထဲရောက်လာပါတယ်။ ဒီရုပ်ရှင်ကို ကျွန်တော်ကလေးဘဝက ကမာရွတ်မြနန်းသိင်္ဂီရုံမှာ ကြည့်ခဲ့ဖူးတာမို့ မင်းသားမင်းသမီး ဘယ်သူဘယ်ဝါကအစ မေ့နေပါပြီ။ မှတ်မိတာက ဟာသဇာတ်မြူးဖြစ်တယ်ဆိုတာရယ်၊ အဲဒီဇာတ်ကားထဲမှာ ဂျော်လီဆွေနဲ့အဖွဲ့ ဂီတာတီးပြီးဆိုခဲ့ကြတဲ့ သီချင်းတစ်ပိုင်းတစ်စ "မယုံရင်ကျိန်ပါမယ်ခင်ရယ်... တစ်ယောက်ထဲချစ်မယ်... မေကလွဲရင် သာကွယ်... ဖွဲဆန်ကွဲမှတ်တယ်... အရက်မသောက်ပါ... ဖဲမရိုက်ပါ... ပိုက်ဘာမဆွဲပါ... ယောက္ခမကိုအိမ်ဦးမှာထားပါမယ်..." အဲဒါပဲ မှတ်မိတော့တယ်။ မြန်မာ့ရုပ်ရှင်နှစ် ၁၀၀ ပြည့်နှစ်နဲ့လည်း တိုက်ဆိုင်နေတော့ ဒီအတိုင်းရေးလို့မဖြစ်သေးပါဘူး။ ပြည့်ပြည့်စုံစုံလေးရေးမှ ကောင်းမယ်ဆိုပြီး အရင်ဆုံး ရုပ်ရှင်နဲ့ ရုပ်ရှင်သီချင်းကျွမ်းကျင်တဲ့ အဆိုတော်ကြီး မောင်သိန်းဝင်းဆီ ဖုန်းဆက်မေးပါတယ်။ သူက အဲဒီရုပ်ရှင်မကြားဖူးပါတဲ့။ သီချင်းကိုရောဆိုတော့ ကြားဖူးတယ်။ ဘယ်သူဘယ်ဝါဆိုတာ

တိတိကျကျ မသိပါတဲ့။ ဆရာမျိုး ပြဇာတ်နဲ့ အမှတ်မှားနေတာများ လားတဲ့။ ကျွန်တော်က ဆရာပြောတဲ့ ဝင်းဝင်းတို့၊ ကာဒွေးတို့မှာ တစ်ခါမှ ပြဇာတ်မကြည့်ဖူးဘူး။ ဒါပေမဲ့ သူ့မှာ ငွေရတုရွှေရတုမှတ်တမ်းစာအုပ် တွေ ရှိလို့ ရှာပေးမယ်ပြောပါတယ်။ ခဏနေတော့ ဖုန်းပြန်ဆက်တယ်။ မတွေ့ဘူးပြောပါတယ်။ ဒါနဲ့အရှာအဖွေကောင်းတဲ့သူငယ်ချင်း Thawdar Shwe ဆီ ဖုန်းဆက်မေးတော့ သူကလည်း ရုပ်ရှင်ကို မကြားဖူးဘူး။ သီချင်းကိုတော့သိတယ်၊ ဆိုပြပါတယ်။ ဒါပေမဲ့ အလိုက်တူသီချင်း နှစ်ပုဒ် စာသားတွေရောနေတယ်။ သူဆက်ရှာပေးမယ်တဲ့။ အဆိုတော် ကြီး သန်းမြတ်စိုးကို ဖုန်းဆက်မေးတော့လည်း ကိုစိုးကြီးက သီချင်းပဲ ကြားဖူးတယ်။ အစအဆုံးလည်း မရဘူး၊ ခေါင်းစဉ်လည်းမသိဘူး။ ဒါနဲ့ ဘယ်သူ့ကိုသွား သတိရလဲဆိုတော့ facebook friend ဖြစ်တဲ့ Latt Maung Cho။ ဖုန်းမှာ စိမ်းနေတာတွေ့တာနဲ့ ခေါ်ကြည့်လိုက် တယ်။ တန်းခနဲ ကွက်တိပါပဲ။ သိတယ်တဲ့၊ မင်းသားက မောင်သင်၊ မင်းသမီးက သီသီ။ သီချင်းကလည်း အဲဒီကားထဲက ဇာတ်ဝင်တေး။ ဂျော်လီဆွေနဲ့ အဖွဲ့ဆိုခဲ့တာ။ အစအဆုံးတော့ မမှတ်မိတော့ဘူးတဲ့။ ပိုစတာတို့၊ ဓာတ်ပုံတို့များ မရှိဘူးလားဆိုတော့ အဆင်သင့်ပဲရှိပါတယ်။ တော်လိုက်တာဗျာ။ အစုအဆောင်းကောင်းလိုက်တာ။ ပိုစတာနှစ်ပုံ ချက်ချင်းပို့ပေးတယ်။ အခုအောက်မှာဖော်ပြပေးထားပါတယ်။ ရုပ်ရှင် ရာပြည့်ပွဲအထိမ်းအမှတ်နေ့ အမှတ်တရပေါ့။ ကျေးဇူးတင်ပါတယ် ဆရာ Latt Maung Cho။ (မနေ့က သီတင်းကျွတ်တော့မည်) ရုပ်ရှင် အကြောင်းပြောတော့ ဒီရုပ်ရှင်ကို မေ့နေကြသူတွေက ဝင်ပြီး comment တွေပေးကြတယ်။ ဘယ်တုန်းက ရိုက်ကူးခဲ့တယ်ဆိုတာလည်း မေးကြ၊ ဆွေးနွေးကြတယ်။ Facebook ရဲ့အကျိုးကျေးဇူးကြောင့် နောက်ဆုံးမှာ ရုပ်ရှင်ရုံတင်ရက် ၇/၆/၁၉၆၃ ပါ အတိအကျသိခဲ့ရပြီး

ရန်ကုန်ရုပ်ရှင်က ဒါရိုက်တာစိုးမင်း ရိုက်ကူးခဲ့တယ်ဆိုတဲ့ မှတ်တမ်းပါ သိခဲ့ရပါတယ်။ အဲဒီအချိန်မှာ ရုပ်ရှင်မင်းသားမောင်သင်ဟာ အကယ် ဒမီရပြီးတဲ့အပြင် အမျိုးသားစာပေဆုပါရပြီး ဖြစ်နေတာတွေ့လို့ အဆို တော်မောင်သိန်းဝင်းက မောင်သင်ဟာ Great ပဲလို့ comment ပေးပါ တယ်။ ရုပ်ရှင်မင်းသားမောင်သင်ဟာ မင်းသား၊ စာရေးဆရာဖြစ်တဲ့ အပြင် ဆရာဝန်တစ်ယောက်လည်းဖြစ်ပါတယ်။ ကျွန်တော့်အဖေနဲ့က စာရေးဆရာအချင်းချင်းဖြစ်လို့ အလွန်ရင်းနှီးကြပါတယ်။ ကျွန်တော် တို့ငယ်ငယ် သူဆရာဝန်ဘဝက ကမာရွတ်မှာ နေခဲ့ဖူးပါတယ်။ သူ့အိမ် နဲ့ဆေးခန်းက ယခု စံရိပ်ငြိမ် (၆) လမ်းလို့ခေါ်တဲ့ လမ်းအဝင်ဝရဲ့ ညာဘက်က ထိပ်ဆုံးအိမ်ပါပဲ။ ကျွန်တော်ငယ်ငယ်က နေမကောင်းဖြစ် ရင် အဖေက သူ့ဆီမှာပဲ သွားပြပါတယ်။ ကျွန်တော်မှတ်မိနေတာက ကျွန်တော်က ဆေးထိုးခံရမှာ သိပ်ကြောက်ပါတယ်။ အခုထိလည်း ကြောက်တတ်တုန်းပါပဲ။ သူက ဆေးထိုးတော့မယ်ဆိုရင် ကစားစရာ အရုပ်ကလေးတွေ ကြမ်းပြင်ပေါ်ကိုချပေးပြီး စက်ဝိုင်းပတ်သံလမ်းပေါ် မှာပြေးတဲ့ မီးရထားစက်ရုပ်ကလေးကို မှောက်လျက်သားကြည့်ခိုင်းပါ တယ်။ ကျွန်တော်က ရထားလေးကို စိတ်ဝင်တစားကြည့်နေချိန်မှာ သူ ကျွန်တော့်ကို ဆေးထိုးပေးပါတယ်။ ကျွန်တော် ကြောက်ရမှန်းမသိ လိုက်ဘဲ ဆေးထိုးလို့ ပြီးသွားပါတယ်။ ကျွန်တော်ငယ်ငယ်က နားပြည် ယိုဖြစ်ပါတယ်။ တော်တော်နဲ့ မပျောက်ပါဘူး။ အဖေက ကျွန်တော် နားလေးတော့မှာပဲထင်ပြီး ဆရာဝန်မောင်သင်ဆီ ခေါ်သွားပါတယ်။ သူက ကျွန်တော့်နားကို သေသေချာချာ စမ်းသပ်ပြီး စကားလည်းပြော ပါတယ်။ "ကိုသန်းဆွေ ခင်ဗျားသားရဲ့နားက ကောင်းပါတယ်" ဆိုပြီး ကျွန်တော့်နောက်ကနေ အဖေ့ကို ကျွန်တော့်နာမည် ခေါ်ခိုင်းကြည့်ပါ တယ်။ ကျွန်တော်က လှည့်ကြည့်ပါတယ်။ ပြီးတဲ့အခါ ထုံးစံအတိုင်း

ဗီရိုထဲက အရုပ်တွေယူလာပြီး ကျွန်တော့်လက်ထဲထည့်ပေးပါတယ်။ ကျွန်တော်က အရုပ်တွေကို စိတ်ဝင်စားပြီး တစ်ခုပြီးတစ်ခု ကြည့်နေချိန်မှာ သူက အဖေ့ကို ကျွန်တော့်နောက်ကနေ ခေါင်းငြိမ့်ပြပြန်ပါတယ်။

ဒီအခါမှာ ကျွန်တော်က လှည့်မကြည့်ခဲ့ပါဘူး။ အဲဒီမှာ "ကိုသန်းဆွေ ခင်ဗျားသားရဲ့ နားကကောင်းတယ်။ ဒါပေမဲ့ သူ တစ်ခုခုကို အာရုံစူးစိုက်နေတဲ့အချိန်ကျရင်သာ အဲဒီအာရုံဝင်စားမှုကြောင့် သူ မကြားတော့တာပဲ"။ ပြီးတော့ နားပြည်ယိုရတဲ့အကြောင်း အဖေ့ကိုမေးတယ်။ ဘယ်အချိန်ကစဖြစ်တယ်၊ ရေသွားကူးသလား၊ ရောဘယ်လိုချူးသလဲ၊ နားထဲရေဝင်နိုင်တာတွေ မေးတာပါပဲ။ အဲဒီမှာ ကျွန်တော်က စားစရာကျွေးတော့ ဇွန်းကို ဘယ်လက်နဲ့ကိုင်စားတာ သူ သတိထားလိုက်မိပြီး "ကိုသန်းဆွေ ခင်ဗျားကလေးက ဘယ်ကျော်လားဗျ" မေးပါတယ်။ အဲဒီမှာ အဖေက ဟုတ်ပါတယ်။ ကျွန်တော့်သားက ဘယ်ကျော်ပါ။ အခု ကျောင်းထားတော့ ခဲတံကို ဘယ်လက်နဲ့ပဲကိုင်ပြီး စာရေးနေလို့ ညာလက်နဲ့ရေးတတ်ဖို့ မနည်းသင်နေရတယ်လို့ပြောပါတယ်။ သူက "ခင်ဗျား ဘယ်လိုသင်နေသလဲ" မေးတယ်။ အဖေက သူ ဘယ်လက်မသုံးအောင် ဘယ်လက်ကို အဝတ်နဲ့ချည်ထားပြီး ညာလက်နဲ့ စာအရေးကျင့်ခိုင်းပါတယ်လို့ ပြောလိုက်တဲ့အခါ သူက "အဲဒါ ကိုသန်းဆွေ ခင်ဗျားမှားနေပြီ၊ ချက်ချင်းရပ်လိုက်ပါ။ ခင်ဗျားသား၊ ဒါကြောင့် နားအာရုံကြောထိခိုက်ပြီး နားပြည်ယိုရတာ။ အဲဒီလို မွေးရာပါ ဘယ်သန်ကို ညာသန်ဖြစ်အောင် ဖွတ်အတင်း ကျင့်မခိုင်းရဘူး။ အဲဒီလိုလုပ်ရင် ကလေးတွေဟာ အာရုံကြောထိခိုက်ပြီး အခန့်မသင့်ရင် စိတ်ပိုင်းဆိုင်ရာချို့ယွင်းမှုအထိ ဖြစ်သွားတတ်တယ်။ မလုပ်ပါနဲ့၊ သူ့အတိုင်း သူသန်ရာလက်နဲ့ လွတ်လွတ်လပ်လပ်ရေးပါစေဗျာ"။ ဒါကြောင့်

စာရေးဆရာ ဆရာဝန် ရုပ်ရှင်မင်းသား အကယ်ဒမီမောင်သင်ဟာ ကျွန်တော့်ဘဝမှာ တကယ့် Great မှ Great ပါ။

ကျွန်တော်က မြန်မာ့ဆယ့်နှစ်လရာသီပွဲတော်တွေထဲမှာ သီတင်းကျွတ်မီးထွန်းပွဲတော်ကို အပျော်ဆုံးနဲ့ အနှစ်ခြိုက်ဆုံးပါ။ မြန်မာတွေ အပျော်ဆုံးဆင်နွှဲခဲ့ကြလေ့ရှိတဲ့ သင်္ကြန်ပွဲတော်နဲ့ သီတင်းကျွတ်ပွဲတော်မှာ သင်္ကြန်ပွဲတော်ကို ကျွန်တော် ဘယ်တုန်းကမှ မပျော်ခဲ့ရပါ။ ကျွန်တော့်အဖေ စာရေးဆရာသန်းဆွေဟာ ၁၉၆၃ ဧပြီလထုတ် ရှုမဝမဂ္ဂဇင်းမှာ “တစ်ခုသောသင်္ကြန်” ဆိုတဲ့ဝတ္ထုကို ရေးခဲ့ပါတယ်။ ဒီဝတ္ထုဟာ အဖေ့ရဲ့ဝတ္ထုတိုတွေထဲမှာ ထင်ရှားခဲ့တဲ့ ဝတ္ထုတိုတစ်ပုဒ်ပါ။ ဝတ္ထုက အဖေတို့ငယ်စဉ်က ကမာရွတ်ရွာလေးရဲ့ သင်္ကြန်ပွဲအကြောင်းနဲ့ အဖေတို့လူငယ်တစ်စု လျှောက်လည်ကြတဲ့ အကြောင်းပါပဲ။ အဲဒီလိုလျှောက်လည်ကြရင်း ချမ်းသာကြွယ်ဝတဲ့ အသိအကျွမ်းဖြစ်တဲ့ ညီအစ်မတစ်တွေရဲ့အိမ်ကို ဝင်ပြီး ရေဝင်ကစားကြပါတယ်။ အဲဒီလို တပျော်တပါး ရေကစားနေကြချိန်မှာ အဲဒီအိမ်က အိမ်ဖော်မလေးက ချောင်ထဲ တစ်ယောက်တည်းထိုင်နေတာကို သူငယ်ချင်းတစ်စုထဲက သူငယ်ချင်းတစ်ယောက်က မြင်လိုက်တယ်။ အဲဒီမှာ သူက ရေဖလားကို သွားယူပြီး အဲဒီကောင်မလေးဆီကို တိတ်တိတ်လေးသွားပြီး နောက်ကနေ ရေလောင်းလိုက်ပါတယ်။ အဲဒီလို လောင်းလိုက်တဲ့အခါမှာ အဲဒီကောင်မလေးဟာ ရေလောင်းခံလိုက်ရတာကို ဝမ်းနည်းသွားပြီး ဝမ်းပန်းတနည်း ရှိုက်ကြီးတငင်ငိုပြီး အိမ်ထဲကို ပြေးဝင်သွားခဲ့တယ်။ ဝတ္ထုတိုက အဲဒါပါပဲ။ အဖေက ဘာပြောချင်ခဲ့ပါသလဲ။ အဖေသာ ရှိဦးမယ်ဆိုရင် အဖေ့ကို မေးမိမှာပါ။ နောက်တစ်နှစ် ၁၉၆၄ ဧပြီလ သင်္ကြန်အကြတ်နေ့မှာ အဖေဟာ အင်းလျားကန်မှာ ရေနစ်ပြီး ကွယ်လွန်ခဲ့ပါတယ်။ ဒါကြောင့် သင်္ကြန်ရောက်တိုင်း အဖေ့ရဲ့ကံကြမ္မာဆိုးက ကျွန်တော်တို့မိသားစု

အပေါ် လွှမ်းမိုးထားခဲ့သလိုဖြစ်ပြီး ခုချိန်ထိ ဘယ်သကြိန်မှာမှ မပျော်ခဲ့ပါ။ သီတင်းကျွတ်ရောက်တော့မယ်ဆိုရင်တော့ ကျောင်းမပိတ်ခင်ကတည်းက ပျော်ခဲ့ပါတယ်။ ကျွန်တော့်ရဲ့ပင်ကိုသဘာဝက နေ့ထက်ညကို ပိုချစ်ပါတယ်။ ဒါကြောင့် ကျွန်တော်ချစ်တဲ့ညမှာ အိမ်တိုင်းမှာ လမ်းတိုင်းမှာ မီးပုံးရောင်စုံ၊ မီးလုံးရောင်စုံ၊ ဒီဇိုင်းပုံစံမျိုးစုံတွေနဲ့ လင်းထိန်အောင် ထွန်းညှိထားတာမြင်ရရင် ငယ်ငယ်ကတည်းက ပျော်ခဲ့တယ်။ မီးရောင်စုံတွေအောက်မှာ လမ်းလျှောက်နေရရင်ကို ပျော်နေခဲ့တာပါ။ ကမာရွတ်လှည်းတန်းရဲ့ သီတင်းကျွတ်ကလည်း အင်မတန်စည်ကားခဲ့တာပါ။ ကျွန်တော်တို့အဖေ အမေတို့လက်ထက်ကတည်းက စည်ကားခဲ့တာပါတဲ့။ သီတင်းကျွတ်ရောက်ပြီဆိုရင် ရပ်ကွက်တိုင်းက မီးထွန်းပွဲနဲ့အတူ ဇာတ်စင်တွေထိုးပြီး ပြဇာတ်တွေ၊ အရိုပ်ပြဇာတ်တွေ၊ အဆိုအကတွေနဲ့ ဖျော်ဖြေပွဲတွေ လုပ်ခဲ့ကြတာပါ။ ဂျပန်ခေတ်လိုအချိန်မှာတောင် ပြဇာတ်တွေ ကခဲ့ကြတယ်လို့ ကျွန်တော့်ဦးလေးတွေက ပြန်ပြောပြဖူးပါတယ်။ ၁၉၅၇ မှာ လှည်းတန်းမီးကြီးလောင်ပါတယ်။ ကျွန်တော်တို့အိမ်လည်း မီးထဲပါသွားပါတယ်။ ၁၉၅၈ သီတင်းကျွတ်ရောက်တော့ ကျွန်တော်တို့ရဲ့လမ်းနာမည် ဦးတင်မောင်ခြံလမ်းကနေ ဓမ္မာသီရိလမ်းအဖြစ် နာမည်ပြောင်းလဲခဲ့ပြီး ဓမ္မာသီရိလမ်းမီးထွန်းပွဲကို ကျင်းပခဲ့ပါတယ်။ ဖဆပလအစိုးရခေတ် သာသနာရေး အတွင်းဝန် ဦးဗဆွေ(ဘုန်းကြီးဗဆွေလို့လူသိများ) တို့ တန်ခိုးရှိန်ဝါ ကြီးစဉ်အခါကပေါ့။ ရွှေတိဂုံဘုရားပေါ်မှာလည်း ဆီမီးတစ်ထောင်ပူဇော်ပွဲတွေ ကျင်းပပြီး စည်စည်ကားကား ခမ်းခမ်းနားနား လုပ်ခဲ့ကြပါတယ်။ ကျွန်တော်တို့လူဖြစ်တဲ့ မဆလခေတ်မှာလည်း ကမာရွတ်လှည်းတန်း သီတင်းကျွတ်ကတော့ ရန်ကုန်မြို့မှာ ရေကျော်၊ စမ်းချောင်း၊ ကြည့်မြင်တိုင်တို့ အပြိုင်ထင်ရှားကျော်ကြား စည်ကားခဲ့တယ်။

လှည်းတန်းလမ်းမကြီးထိပ် ဝင်းဆံသဘက်အခြမ်းနဲ့ လိပ်ပြာတောင်ဘက်အခြမ်းထိ လမ်းမကြီးကို ခွပြီး မုခ်ဦးကြီးလုပ်ထားပြီး လှည်းတန်းလမ်းမကြီး ပေတရာလမ်းတစ်လျှောက် သုံးထောင့်ကွေ့အထိ လမ်းဘေးဝဲယာဈေးဆိုင်တွေ၊ စားသောက်ဆိုင်တွေ၊ လေးတိုင်စင်ဇာတ်စင်အသေးတွေ၊ အငြိမ့်စင်၊ လမ်းဘေးရုပ်ရှင်တွေနဲ့ စည်ကားလှပါတယ်။ လှည်းတန်းအတွင်း ပေ ၅၀ လမ်းတစ်လျှောက်မှာလည်း မီးရောင်စုံတွေနဲ့ လှည်းတန်း (၁) လမ်း၊ (၂) လမ်း၊ (၃) လမ်း၊ (၄) လမ်း၊ (၅) လမ်း၊ (၆) လမ်း၊ (၇) လမ်းအထိ လမ်းတိုင်းမှာ မီးထွန်းပွဲတွေ ကျင်းပပြီး တချို့လမ်းတွေက စင်ထိုးပြီး ပြဇာတ်တွေ၊ ကဇာတ်တွေကို လမ်းသူလမ်းသားတွေ ကကြတယ်။ ပေ ၅၀ လမ်းမပေါ်မှာဆို ညလုံးပေါက်ရုပ်ရှင်တွေပြတယ်။ အစည်ကားဆုံးနေရာက ရှောက်ပင်ခြံ (၈) ရပ်ကွက်က ဇာဇာရတနာတို့ရဲ့ တေးသရုပ်ဖော်စင်ပါပဲ။ မင်းသားတွေက စိန်ချစ်စတိုးက တင်ထွဋ်၊ ရန်အောင်တို့ညီအစ်ကို၊ ရှောက်ပင်ခြံရပ်ကွက်သားကိုအေးကြူ၊ ကိုတင်ဝင်း၊ ကိုခွာနီးတို့ကို မှတ်မိပါတယ်။

သီတင်းကျွတ်ရောက်ရင် အမေက ကျွန်တော်တို့ကို အင်္ကျီအသစ် လုံချည်အသစ် ဝယ်ပေးပါတယ်။ အဲဒီအဝတ်အစားသစ်တွေ ဝတ်ပြီး ကျွန်တော်တို့မောင်နှမ သုံးယောက်က အဖိတ်နေ့မှာ အဘိုးအဘွား၊ ဘကြီး၊ ကြီးတော်တွေကို လိုက်ကန်တော့ရပါတယ်။ ကန်တော့တဲ့အခါ မုန့်ဖိုးတွေရတော့ ပျော်ရတယ်။ ပြီးရင် ကိုယ့်အစီအစဉ်နဲ့ကိုယ် လျှောက်လည်ကြပေတော့ပဲ။ ကျွန်တော်ကလည်း ကျွန်တော်နဲ့ရွယ်တူ သူငယ်ချင်းတွေနဲ့ပေါ့။ အဲ လပြည့်ကျော် (၁) ရက်နေ့ဟာ ကျွန်တော့်အဖေမွေးနေ့ ဖြစ်နေပြန်ပါတယ်။ အဖေက ၁၉၂၆ အောက်တိုဘာ ၂၂ မှာ မွေးခဲ့တယ်။ မြန်မာလို သီတင်းကျွတ်လပြည့်ကျော် (၁) ရက်နေ့၊ အဲဒီနေ့မှာအမေက တစ်ခြံလုံး ဖယောင်းတိုင်ထွန်းပြီး မီးပူဇော်ပါတယ်။

ဖယောင်းတိုင်ထွန်းရင်း ဘုရားစာတွေရွတ်ပါတယ်။ ကျွန်တော်က အမေ့ကို ဝိုင်းကူထွန်းပေးပါတယ်။ အိမ်ပတ်ပတ်လည်က မီးရောင်စုံ ကတော့ အလံတိုင်လိုပဲ အိမ်စဆောက်ကတည်းက built-in ပါပဲ။ သီတင်းကျွတ်နီးရင် မီးလုံးရောင်စုံတပ်လိုက်ရုံပါပဲ။ အဲဒီလိုညတွေမှာ ကျွန်တော်တို့ရဲ့ သစ်သားတစ်ထပ်အိမ်လေးဟာ မီးရောင်စုံနဲ့ သိပ်လှတာပါပဲ။ ကျွန်တော်တို့လမ်းထဲက သူငယ်ချင်းတွေက အဲဒီလိုညတွေ ဆို ဝတ်ကောင်းစားလှတွေဝတ်ကြ၊ လူစုပြီး လှည်းတန်းလမ်းမကြီး ထိပ်ကစပြီး လမ်းလျှောက်ကြတော့တာပါပဲ။ လှည်းတန်းကနေ ကြည့် မြင်တိုင်လမ်းမကြီး၊ အဲဒီကနေ ရထားလမ်းကိုကျော်ပြီး စမ်းချောင်းထဲ ဝင် သံတံတားလမ်း၊ ရှမ်းလမ်း၊ ကျွန်းတောလမ်း၊ ဦးကြွယ်ဟိုးလမ်း၊ မကြီးကြီးလမ်း၊ ကျောင်းကြီးလမ်း လမ်းတစ်လမ်းလျှောက်ရင်း ဗိုက် ဆာရင် ဘူးသီးကြော်၊ မုန့်ဟင်းခါး၊ လက်ဖက်ရည်ဆိုင် နီးရာဆိုင်ဝင် ထိုင်ပြီးစားလိုက်ကြ၊ မုန့်ဖိုးတွေကလည်း ရှိကြတယ်လေ။ ကျွန်တော် တို့က ဘယ်လမ်းမှာ stage show ရှိသလဲ အရင်ရှာပါတယ်။ အဲဒီအချိန် က စတီရီယိုခေတ်ဦးမို့ နောင်မှာ နာမည်ကြီးလာမယ့် အဆိုတော်တွေက အဲဒီအချိန်က လမ်းဘေးအဆိုတော်တွေဘဝနဲ့ လေးတိုင်စင်လေးတွေပေါ် မှာ Four men band အဖြစ်နဲ့ ဖျော်ဖြေနေကြရတုန်းပါ။ မင်းမင်းလတ်ရဲ့ Electronic Machine၊ စိုးပိုင်၊ အောင်ကိုလတ်တို့ရဲ့ 6064၊ လွှမ်းမိုးတို့ရဲ့ The King တို့ကို ကျွန်တော်တို့ လမ်းဘေးက ငေးခဲ့ရတာပေါ့။ ကျွန်း တောလမ်းမှာရှိတဲ့ သိန်းကြည်တေးသံသွင်းက စတီရီယိုစက်ကြီးတွေနဲ့ ဖွင့်တဲ့ စတီရီယိုသီချင်းတွေ၊ လှည်းတန်း ရတနာထွန်းစတိုးက Sound box ကြီးတွေနဲ့ဖွင့်တဲ့သီချင်းတွေကို လမ်းဘေးလက်ဖက်ရည်ဆိုင်မှာ ထိုင်ပြီး နားထောင်ကြတယ်။ ပြီးရင် ကိုယ့်ရပ်ဆွေရပ်မျိုးတွေ ကကြတဲ့ ဇာတ်ရတနာတို့စင်မှာ အားပေးခဲ့ကြတာပေါ့။ အဲဒီလို လမ်းလျှောက်ရင်း

ကျောင်းကသူငယ်ချင်းတွေနဲ့ လမ်းမှာဆုံကြရင်လည်း သိပ်ပျော်ခဲ့ကြရပါတယ်။ ကမာရွတ်မြို့နယ် သီတင်းကျွတ်ပွဲတော်ကို မဆလခေတ်က မြို့နယ်ကောင်စီ ဥက္ကဋ္ဌ၊ ပါတီယူနစ်ဥက္ကဋ္ဌများကိုယ်တိုင် တက်ရောက်ပြီး ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့တာကိုလည်း အမှတ်ရခဲ့တယ်။ ကမာရွတ်မြို့နယ်ရဲ့ စည်ကားလှတဲ့ သီတင်းကျွတ်ပွဲတော်ဟာ ၁၉၈၈ မတိုင်မီအထိ ကျင်းပနိုင်ခဲ့ပြီး အဲဒီ ၈၈ နောက်ပိုင်းကစပြီး ဆိတ်သုဉ်းသွားခဲ့တာ ဒီကနေ့ Covid -19 ကာလအထိပါပဲ။ ကျွန်တော့်အဖေက ဝမ်းနည်းစရာခံစားမှုနဲ့ ၁၉၆၃ မှာ "တစ်ခုသောသကြင်္ကန်" ဆိုတဲ့ဝတ္ထုကိုရေးခဲ့သလို သားဖြစ်သူ ကျွန်တော်က ပျော်ရွှင်စရာခံစားမှုနဲ့ ၂၀၂၀ မှာ "တစ်ခုသောသီတင်းကျွတ်" ဆိုပြီး ဝတ္ထုတစ်ပုဒ် ရေးဖြစ်ခဲ့ပါတယ်။ အဖေ့ဝတ္ထုထဲကလိုပဲ လှည်းတန်း သီတင်းကျွတ်ညအကြောင်း ပါတယ်။ ကျွန်တော့် သူငယ်ချင်းတွေအကြောင်း ပါတယ်။ ပြီးတော့ အဖေ့ဝတ္ထုထဲကလိုပဲ ကောင်မလေးတစ်ယောက်လည်း ပါတယ်။ ကျွန်တော့်ဝတ္ထုကတော့ ပျော်စရာ Happy Ending ပါ။ ဝါလကင်းလွတ်သီတင်းကျွတ် အခါသမယမှာ ရောဂါခပ်သိမ်းကင်းလွတ်ငြိမ်းကြ၍ မင်္ဂလာအပေါင်း ခညောင်းနိုင်ကြပါစေ။

■

# ရေဒီယိုလှည်းတန်း

▶ မျိုးမြင့်အုန်း

ကျွန်တော်တို့ မိသားစုသည် ဝါတွင်းဥပုသ်နေ့တိုင်း အိမ်ကိုဆွမ်းခံကြွသော ဘုန်းဘုန်းထံမှ သီလ အမြဲယူတတ်သကဲ့သို့ ဘုန်းဘုန်းကလည်း သီလပေးပြီး၍ အချိန်ရလျှင် ရသလို ကျွန်တော်တို့အား မှတ်သားဖွယ်ရာ တရားဓမ္မစကားတစ်ခုခုကိုဖြင့် အစဉ်ဟောပြောညွှန်ပြပေးလေ့ရှိပါသည်။ ကာလသုံးပါးကို စိစစ်ခွဲခြား၊ ရှုမြင်တတ်စေရန် ရည်ရွယ်သော "အတိတ်ကိုလည်း မတွေးနဲ့၊ အနာဂတ်ကိုလည်း မမျှော်နဲ့၊ ပစ္စုပ္ပန်ကိုသာ တည့်တည့်ကြည့်ပါ" ဆိုသည့် တရားစကားသည် ကျွန်တော်၏နားဝယ် စွဲထင်မှတ်မိစေခဲ့ပါသည်။

ကျွန်တော်သည် ငယ်စဉ်ကလေးဘဝက စွန်လွှတ်ဝါသနာ တော်တော်ကြီးခဲ့၏။ ရစ်ဘီးတစ်လုံးနှင့် တစ်နေကုန် စွန်လွှတ်သဖြင့် ကျွန်တော်၏ နဂိုမူလက ညိုသော မြန်မာတို့၏ အမျိုးသားအသားရောင်သည် အမည်းဘက်သို့ ဆောင်နေ၏။ စာမကျက်ဘဲ စွန်သာလွှတ်နေသဖြင့် ဖခင်ဖြစ်သူက "စွန်လွှတ်ပြီး၊ စွန်စားတဲ့ကောင်" ဟု ဆိုကာ ဒေါသူပုန်ထ၍ ရိုက်ခွဲသော ရစ်ဘီးများမှာလည်း မနည်းလှ။ နောက်ဆုံး

ဖခင်လက်ချက်မှ လွတ်ရန် ကျွန်တော်သည် ရစ်ဘီးကို လမ်းထိပ် ကွမ်းယာဆိုင်မှာသာ ထားတော့၏။

ထိုစဉ်က လှည်းတန်းထိပ်တွင် စွန်မှန်စာတိုက်သော ဆိုင်လေးများ ရှိခဲ့၏။ ယင်းတို့အနက် ဦးအာလူး၊ ဦးဒေါင်းစိန်နှင့် ဦးဆေးတံကြီးတို့မှာ နာမည်ကြီး၏။ ဦးအာလူးမှာ ကျွန်တော် မှန်စာတိုက်နေကျ ဆိုင်ဖြစ်၏။

ကျွန်တော်တို့ စွန်လွှတ်ကွင်းမှာ ကမာရွတ်၊ လှည်းတန်း အဝိုင်းကြီးဖြစ်၏။ လှည်းတန်းအဝိုင်းကြီးကို မီးပွိုင့်လုပ်လိုက်သောအခါ ရဲဘော်သုံးကျိပ် ပန်းခြံတွင် လွှတ်၏။ ရဲဘော်သုံးကျိပ်ပန်းခြံကို ကမာရွတ်မြို့နယ် ပြည်သူ့ကောင်စီရုံး (ယခု ကမာရွတ်မြို့နယ် စည်/ပင်ရုံးနေရာ) ဆောက်လိုက်ပြန်သောအခါ လှည်းတန်း ဘူတာရုံနှင့် ကမာရွတ်ဘူတာရုံ အကြား မီးရထားသံလမ်းတစ်လျှောက် သွားလွှတ်၏။

ကျွန်တော်သည် စွန်လွှတ်ရမည်ဆိုလျှင် ထမင်းမေ့ ဟင်းမေ့၊ အားလုံးမေ့အောင် အရူးအမူး ဖြစ်ခဲ့၏။ တစ်ခုသော ညနေခင်းတွင် ကျွန်တော်သည် လှည်းတန်း ဘူတာရုံအနီး မီးရထားသံလမ်းထက်ပေါ် စွန်လွှတ်နေစဉ် မီးရထားလာသည်ကို မသိ၊ မမြင်။ တဘော်ဘော်နှင့် ဥဩဆွဲလာသော မီးရထားသံကိုလည်း မကြား၊ စွန်ဆီသာ အာရုံရောက်နေ၏။

ထိုစဉ် ကျွန်တော်နှင့် မလှမ်းမကမ်းမှာ စွန်လွှတ်နေသော မင်းကြည်က ပြေးလာပြီး ကျွန်တော့်အား ဆောင့်ဆွဲလိုက်ရာတွင် သူရော ကျွန်တော်ပါ မီးရထားသံလမ်းဘေး ကန်စွန်းအိုင်ထဲ လုံးထွေးပြုတ်ကျသွားတော့၏။

မင်းကြည်နှင့် ကျွန်တော်သည် တစ်ရပ်ကွက်တည်းသားများ ဖြစ်ကြသော်လည်း တစ်ယောက်နှင့် တစ်ယောက် မတည့်ကြ။ သူဦးက

သူဆော်၊ ကိုယ်ဦးက ကိုယ်ဆော်ကြသူများ ဖြစ်၏။ သို့သော် ယခုတော့ မင်းကြည်က ကျွန်တော်၏ အသက်ကို စွန့်စွန့်စားစား ကယ်ခဲ့လေပြီ။ ဤသည်ကိုပင် စွန်မဲနေသော ကျွန်တော်က စွန်ပြတ်သွား၍ ဒေါပွပြီး မင်းကြည်ကို ရန်လုပ်ရန် လက်သီးဆုပ်ကာ ကန်စွန်းအိုင် အတွင်းမှ ကုန်းရုန်းထလိုက်သေး၏။ နောက်မှ ကျွန်တော့်အသိတို့ ပြန်ဝင်လာပြီး ခေါင်းနားပန်းကြီးသွား၏။ ရင်သည်လည်း သည်တော့မှပင် ကြောက်၍ ခုန်ရမှန်း သိတော့၏။ ကျွန်တော့် တစ်ကိုယ်လုံးလည်း ရွှံ့အလူးလူးနှင့် တဆတ်ဆတ်တုန်နေ၏။ မျက်ဝန်းအိမ်မှ မျက်ရည်ပူများ လိမ့်စီးကျလာပြီး၊ "ကျေးဇူးတင်လိုက်တာ သူငယ်ချင်းရာ" ဟု ပြောသော အငိုစွက်နေသည့် ကျွန်တော့် စကားသံသည် တုန်ယင်နေသော နှုတ်ခမ်းဝတွင် မပီမသ ဖြစ်နေ၏။

ထိုနေ့မှစ၍ ကျွန်တော်သည် စွန် ဘယ်တော့မှ မလွှတ်ဖြစ်တော့သလို မင်းကြည်နှင့်လည်း ရန်ဘယ်တော့မှ မဖြစ်တော့ဘဲ သူငယ်ချင်းကောင်းများ ဖြစ်သွားကြ၏။ ၎င်းသူငယ်ချင်း မင်းကြည် ယခုတော့ မရှိတော့ပါ။ သူ့ခမျာ ငယ်ငယ်ရွယ်ရွယ်နှင့် တစ်ရပ်တစ်ကျေးတွင် လူမသိ၊ သူမသိ ကွယ်လွန်ခဲ့ရကြောင်း တော်တော်ကြာမှ ကျွန်တော် သိခဲ့ရ၏။ ကျွန်တော့် အသက်သခင် ကျေးဇူးရှင် သူငယ်ချင်း ကောင်းရာဘုံဘဝ ရောက်ပါစေကြောင်း မကြာခဏ သတိရအောက်မေ့မိတိုင်း ဆုတောင်းဖြစ်ပါသည်။

ကျွန်တော်သည် ငယ်စဉ်က ဇာတ်အငြိမ့်တို့လည်း အရမ်းကြိုက်တတ်၏။ လှည်းတန်း မည်သည့်နေရာတွင် ပွဲလုပ်လုပ်၊ မိုးလင်းပေါက် အားပေးတတ်၏။ အဖေ့ဘက်မှ ဝမ်းကွဲဦးလေးများနှင့် အဒေါ်များတို့သည် ကျွန်တော့်အတွက် ပွဲကြည့်ရန် မှီခိုအားထားရာများ ဖြစ်ခဲ့ကြ၏။

ပွဲကြိုက်သော ကျွန်တော် သင်္ကြန်ကျလျှင် အရမ်းပျော်၏။ သင်္ကြန်

ကျပြီဆိုလျှင် ကျွန်တော်နှင့်ရွယ်တူ သူငယ်ချင်းများက နည်းမျိုးစုံ ကြိုးစားပမ်းစား ရေပက်ကစားနေကြချိန်တွင် ကျွန်တော်က သင်္ကြန်အလှ ပြယာဉ်တွေ၊ သင်္ကြန်မဏ္ဍပ်တွေ၊ သင်္ကြန်သံချပ်တွေ၊ သင်္ကြန်အကတွေကို သာ စိတ်ဝင်စား၏။ ထိုခေတ် သင်္ကြန်မဏ္ဍပ်တွေက များသလို၊ သံချပ် ပြိုင်သည့် အဖွဲ့တွေကလည်း များလှ၏။ လှည်းတန်းမီးပွိုင့်နှင့် လှည်း တန်း ခုံးကျော်တံတားအကြားတွင် မဏ္ဍပ်နှစ်ခုလောက် ရှိတတ်၏။ အင်းစိန်လမ်းနှင့် ပြည်လမ်းများအပေါ်မှာလည်း မဏ္ဍပ်တွေ ရှိသေး၏။ ယင်းတို့အနက် အစည်ကားဆုံးမဏ္ဍပ်မှာ တက္ကသိုလ်ရိပ်သာလမ်းပေါ်ရှိ တက္ကသိုလ်စာတိုက်အနီးမှ ကမာရွတ်မြို့နယ်၊ မဟာသင်္ကြန်ရိုးရာ ဆုပေး မဏ္ဍပ်ဖြစ်၏။ ကျွန်တော်သည် သင်္ကြန်ရက်များအတွင်း နံနက်စာထမင်း ကို တစ်ဝကြီးစားကာ တစ်နေ့လုံး ညမိုးတော်တော်ချုပ်သည်အထိ ၎င်း မဏ္ဍပ်တွင် အစဉ်သဖြင့် ရှိနေတတ်၏။ ထိုခေတ်က သင်္ကြန်အလှပြ ယာဉ်များနှင့် သံချပ်ပြိုင်သည့် အဖွဲ့များတွင် အနန္တစွမ်းအားရှင်နှင့် မောင်မောင်ဆိုလေ ထီးရိုးရှည်တို့သည် ကျွန်တော့် အသည်းစွဲများ ဖြစ်ခဲ့ကြ၏။ သူတို့တွေ၏ မထိခလုတ်၊ ထိခလုတ် သံချပ်ထိုးသံများကို အားပေးရင်း သင်္ကြန်ရက်ကလေးများ ကုန်ဆုံးသွားမှာကို နှမြောတသ နေမိလောက်အောင်ပင် ကျွန်တော် ပျော်ခဲ့ရပါသည်။

အင်တာနက်ခေတ် အင်းလျားလမ်း သင်္ကြန်ကို ကျွန်တော် တစ်ကြိမ် တော့ ဖြတ်လျှောက်တိုးဝှေ့ခဲ့ဖူးပါသည်။ ရေဒီယိုခေတ် လှည်းတန်းရဲ့ သင်္ကြန်ညနေခင်းကို လွမ်းဆွတ်မိသည့် စိတ်မှာတော့ ပြောမပြရတတ် အောင်ပင်။

တကယ်တော့ ကျွန်တော်တို့ အရွယ်ရောက်ခါစလောက်ကတည်း က လှည်းတန်းအနီးတစ်ဝိုက်တွင် ကျွန်တော့်အသည်းစွဲ သင်္ကြန်အလှ၊ အက၊ သဘာဝနှင့် သံချပ်ပြိုင်ပွဲများ ကျင်းပသည့် ဆုပေးမဏ္ဍပ်များ

တဖြည်းဖြည်း နည်းပါးလာရာမှ နောက်ဆုံး လုံးဝ မရှိတော့ပါ။ ရေပက်မဏ္ဍပ်များလည်း ကျိုးတိုးကျဲတဲ၊ ဟိုနားတစ်ခု၊ ဒီနားတစ်ခုလောက်သာ ရှိတော့၏။ ရပ်ကွက်အတွင်းမှ လမ်းအလိုက်၊ မိသားစု စတုဒိသာမဏ္ဍပ်လေးတွေကတော့ အစဉ်အလာမပျက် အစဉ်အဆက် ရှိနေခဲ့၏။

ကျွန်တော် နေထိုင်ရာ ထန်းတပင်လမ်းတွင်လည်း ကျွန်တော်တို့ လူငယ်တွေစုပြီး ကောင်းမှုပြုသော စတုဒိသာမဏ္ဍပ်လေးတစ်ခု ရှိခဲ့ဖူး၏။ ကျွန်တော်တို့ သူငယ်ချင်းတစ်စု မိမိတို့ မုန့်ဖိုးလေးတွေစုပြီး တစ်ခုသောသင်္ကြန် အကြိုနေ့ တစ်နေ့တွင် ရပ်ကွက်အတွင်း ဟိုအိမ်ဒီအိမ်မှ သစ်တိုသစ်စတွေဆွဲ၊ ခြံတွေထဲမှ ဝါးတွေ၊ အုန်းလက်တွေ ဝင်ခုတ်ပြီး အုန်းလက်မဏ္ဍပ်လေးတစ်ခု တည်ဆောက်ကာ သင်္ကြန်အကျနေ့၊ စတုဒိသာ မုန့်လုံးရေပေါ် ကျွေးဖြစ်ကြရာမှစ၍ နောက်နှစ်များပါ ကျင်းပဖြစ်သွားသည့် အစဉ်အလာကောင်းလေးတစ်ခု ရှိခဲ့ဖူးပါသည်။ ငွေကြေးရှားပါးသော ခေတ်ကာလမို့ ကျွန်တော်တို့ လူငယ်တွေ သင်္ကြန်စတုဒိသာကို လေးရက်လုံး ဖောဖောသီသီ လှူဒါန်းကျွေးမွေးနိုင်ရန်အတွက် လိုအပ်သော ရန်ပုံငွေကို နည်းမျိုးစုံဖြင့် ခက်ခက်ခဲခဲ ရှာဖွေခဲ့ရပါသည်။ ယနေ့ခေတ်လို မြို့ပြပုံစံ အထပ်မြင့် တိုက်တာတွေ မရှိသေးသောအချိန်မျိုးမို့ ကျွန်တော်တို့ လူငယ်တွေ ရပ်ကွက်အတွင်းမှ ဓနိမိုးအိမ်များ အမိုးလဲသည့်အခါ ဓနိပျစ်လိုက်မိုးပေး၍လည်းကောင်း၊ သစ်သားပျဉ်ထောင်အိမ်များ၊ ရေနံချေးလိုက်သုတ်ပေး၍လည်းကောင်း၊ ရေတွင်းများ လိုက်ဆယ်ပေး၍လည်းကောင်း၊ အိမ်သာတွင်းသစ်များ လိုက်တူးပေး၍လည်းကောင်း၊ လက်ထပ်မင်္ဂလာဆောင်၊ ခဲဖိုးကြိုးဖိုးများမှလည်းကောင်း၊ အလှူမင်္ဂလာ ရှင်လောင်းဝက်ခြင်းများမှလည်းကောင်း၊ နွေရာသီ မီးဘေးလုံခြုံရေး ကင်းမစောင့်နိုင်သော၊ မစောင့်ချင်ကြသော အိမ်များအတွက် လူငယ်များ အလှည့်ကျ အချိန်ဇယားဆွဲ၍ အငှားမီးကင်းစောင့်ခြင်းမှ

လည်းကောင်း ရန်ပုံငွေ ကုတ်ခြစ်ရှာခဲ့ရပါသည်။

တစ်နှစ်ပတ်လုံး ထိုသို့ ပင်ပန်းကြီးစွာ ကိုယ့်ခွန်ကိုယ့်အားနှင့် ကြိုးစားပမ်းစား ရှာဖွေရရှိသော ရန်ပုံငွေဖြင့် သင်္ကြန်အကြိုနေ့မှစ၍ အတက်နေ့တိုင်အောင် ကျွန်တော်တို့ လူငယ်တွေ တစ်စိတ်တစ်ဝမ်းတည်း မမောနိုင် မပန်းနိုင်၊ ကိုယ်တိုင်ကိုယ်ကျ ချက်ပြုတ်ကြော်လှော် ကျွေးမွေးလှူဒါန်းခဲ့ရသော ပီတိမျိုး၊ သင်္ကြန်ကျပြီ ဆိုတိုင်း ပြန်လည် ခံစားလိုစိတ်များ၊ တဖွားဖွား ပေါ်ပေါက်ကာ နာရီလက်တံပင် ပြောင်းပြန်ပြန်၍လှည့်ပစ်လိုက်ချင်မိပါသည်။

မှတ်မိသရွေ့၊ လူမှန်းသိတတ်စအရွယ်မှ လူပျိုပေါက်စ အရွယ်ရောက်သည်အထိ လှည်းတန်းတစ်ဝိုက်တွင် မီးသတ်စခန်း မရှိပါ။ ဘီယာဆိုင်၊ အရက်ဆိုင်မရှိပါ။ (တရားဝင်ကို ဆိုလိုပါသည်။) ရုပ်ရှင်ရုံလည်း မရှိပါ။ (ယခုလည်းမရှိပါ။) ရပ်ကွက်အလိုက် (ကိုယ်ထူကိုယ်ထ) အားကစားရုံလေးများရှိ၍ ကျွန်တော့် သူငယ်ချင်းတချို့ကတော့ ညနေခင်းဆိုလျှင် တက္ကသိုလ်အားကစားရုံမှာ သွားကစားကြ၏။ မည်သည့် အားကစားမှ ဝါသနာမပါသော ကျွန်တော့်အတွက်ကတော့ ညနေခင်း အပန်းဖြေရာကား လက်ဖက်ရည်ဆိုင်များ ဖြစ်၏။

ကျွန်တော်တို့ သူငယ်ချင်းတစ်စုသည် ၁၄ နှစ်၊ ၁၅ နှစ်သားအရွယ်လောက်ကတည်းက လက်ဖက်ရည်ဆိုင် ထိုင်တတ်ကြ၏။ ထိုစဉ်ကလှည်းတန်းတစ်ဝိုက်တွင် လက်ဖက်ရည်ဆိုင်ပေါင်း ၁၄ ဆိုင်တိတိ ရှိခဲ့ကြောင်း သူငယ်ချင်းတစ်ယောက် ရေတွက်ခဲ့ဖူး၏။ လက်ဖက်ရည်ဆိုင်ပုံစံများမှာလည်း ဤခေတ်လို ထည်ထည်ဝါဝါ မဟုတ်။ ဆိုင်မျက်နှာစာတွင် ရိုးစင်းသော သံပြားဆိုင်းဘုတ်လေးများ တပ်၍ အဆင်ပြေသလိုပြုလုပ်ထားသော သစ်သားစားပွဲလေးများ၊ သစ်သားထိုင်ခုံများခင်းကာမိသားစု စားဝတ်နေရေး ဖြေရှင်းရုံမျိုးလောက်သာ ရှိခဲ့ကြ၏။ အများ

အားဖြင့် စီးပွားရေးလည်း မဆန်ကြပါ။ အချို့ဆိုင်များသည် အားပေးသူတစ်ဦး၊ နှစ်ဦးကို မျှော်ကိုးကာ မိုးလင်းပေါက်ပင် ဖွင့်ခဲ့ရရှာ၏။

ထိုခေတ်က လက်ဖက်ရည် ရှယ်မပေါ်သေး။ ရိုးရိုးနှင့် တိုင်ကီပဲရှိ၏။ လက်ဖက်ရည်ဈေးမှာလည်း ရိုးရိုးဆိုလျှင် တစ်ကျပ်၊ တိုင်ကီဆိုလျှင် ငါးမတ်။ ဆေးပေါ့လိပ်ဈေးကလည်း ကျွန်တော်တို့ သောက်နေကျနှင်းဆီ ဆိုလျှင် တစ်ကျပ်ဖိုး ခုနစ်လိပ်။ ကျားမသန်းဋ္ဌေးဆိုလျှင် နှစ်လိပ်တစ်မတ်။ စီးကရက်ဆိုလည်း ခပေါင်းနှင့် ဒူးယားတို့သာ ရှိ၏။ ခပေါင်းကို နှစ်လိပ်တစ်မတ်။ ဒူးယားကို တစ်လိပ်တစ်မတ်ပေးရ၏။ ကျွန်တော်တို့သည် လက်ဖက်ရည်တိုင်ကီတစ်ခွက်နှင့် ဆေးပေါ့လိပ် တစ်ကျပ်ဖိုးမှာ၍ နှစ်ယောက်၊ သုံးယောက်မျှသောက်ပြီး တစ်နေ့လုံး ထိုင်တတ်ကြ၏။

ကျွန်တော်တို့ သူငယ်ချင်းတစ်သိုက် ထိုင်နေကျဆိုင်များမှာ ယခုမရှိတော့ပြီဖြစ်သော စေတနာရှင်၊ အားသစ် (ယခင်–သင်းကဖီး)၊ မြင့်၊ LUCKY၊ ပန်းမြို့တော်၊ ဖြိုးဝေ (ယခင်–အောင်ကဖီး) တို့ဖြစ်၏။ အထူးသဖြင့် ကျွန်တော်သည် ယခုစာပေလောက (၃) စာအုပ်ဆိုင်ဖွင့်ထားသော နေရာရှိ အားသစ်လက်ဖက်ရည်ဆိုင်တွင် အထိုင်များ၏။ ၎င်းဆိုင်သည် ကျွန်တော်၏ ဒုတိယအိမ်ဟု ပြောရလောက်အောင်ပင် တစ်နေကုန်၊ တစ်နေခန်း ဤဆိုင်တွင် ရှိနေတတ်၏။ ဆိုင်ရှင်များမှာ သဘောကောင်းလွန်း၍ တချို့ သူငယ်ချင်းများဆိုလျှင် နွေအခါ လက်ဖက်ရည်ဆိုင်ထိုင်ရင်း အိုက်သည်ဟုဆိုကာ ဆိုင်နောက်ဖေးသို့ ဝင်၍ ရေဝင်ချိုးသူကချိုး၊ ထမင်းစားချိန်တွင် တောင်စဉ်ဖက်၊ ငှက်ပျောဖက်၊ အင်ဖက်တို့နှင့် ထုပ်ထားသည့် ထမင်းထုပ် ပါဆယ်ဆွဲပြီး ဆိုင်ရှင်တွေ ဆိုင်အလုပ်သမားတွေနှင့် ရော၍ ထမင်းဝင်စားလိုစား။ ညဘက်ဆိုလည်း ၁၁ နာရီ၊ ၁၂ နာရီအထိ ထိုင်ပြီး အိမ်မပြန်တော့ဘဲ ဆိုင်

အလုပ်သမားလေးများနှင့် အတူဝင်အိပ်သူကအိပ်နှင့်၊ လက်ဖက်ရည်ဆိုင်မှာ နေရသည်ကို တော်တော်ပျော်ခဲ့ကြကာ ကိုယ့်ကိုယ်ကိုယ်လည်း 'လက်ဖက်ရည်စားသူများ' ဟုပင် ဂုဏ်ယူစွာ တင်စားလိုက်ကြပြန်သေး၏။

ကျွန်တော့် သူငယ်ချင်းများသည် မြန်မာ့ဘောလုံးရွှေခေတ်၊ တိုင်းနှင့် ပြည်နယ် ဘောလုံးပွဲများ ရှိသည့်အချိန်ဆို အိမ်မှာ ရေဒီယိုရှိလျက် လက်ဖက်ရည်ဆိုင်လာကာ ဘောလုံးပွဲကို ရုပ်မမြင်၊ အသံကြား စိတ်မှန်းနှင့် နားထောင်ပြီး ငြင်းကြ၊ ခုံကြ၊ အော်ဟစ်အားပေးခဲ့ကြသည်မှာ ဝါသနာ သိပ်မပါသော ကျွန်တော်ပင် တစ်ခါတစ်ရံ သူတို့နှင့် ဝင်၍ လက်ခုပ်လက်ဝါး တီးမိသည်အထိ။

ထိုအချိန်က လက်ဖက်ရည်ဆိုင်များတွင် မိန်းကလေးတွေ မထိုင်တတ်ကြသေး။ မိန်းမကြီးများပင် အမျိုးသားအဖော်ပါမှ ခဏတစ်ဖြုတ်မျှသာ ဝင်ထိုင်တတ်ကြ၏။ ထို့ကြောင့် လက်ဖက်ရည်ဆိုင်ဆိုလျှင် အမျိုးသားများသာ ထိုင်တတ်ကြ၍ ထိုင်သည့် လူတန်းစားတွေကတော့ တော်တော်စုံလေ၏။ ကျောင်းသားများ၊ ကျောင်းဆရာများ၊ ရှေ့နေများ၊ အစိုးရဝန်ထမ်းများ၊ စာရေးဆရာများ၊ ဂီတသမားများ၊ ပန်းချီဆရာများ၊ ကာတွန်းဆရာများ၊ ဘော်ဒါဆောင်နေသူများ၊ လှည်းတန်းဈေးမှ ဈေးသည်များနှင့် ကျွန်တော်တို့ ရပ်ကွက်အတွင်းမှ လူကြီးလူငယ်များ ပါဝင်ကြ၏။

ထိုကာလသည် လမ်းသရဲခေတ်ဟု ပြောရမည့်အချိန်ဖြစ်၍ လက်ဖက်ရည်ဆိုင် ထိုင်ကြသူများတွင် လမ်းသရဲလို့ ၎င်းခေတ်အခါ၊ အနွတ္တသညာတွင်ခဲ့ကြရာသည့် အနီပုဂ္ဂိုလ် ခပ်ဆိုးဆိုး လူငယ်တစ်စုလည်း ပါဝင်ကြပေ၏။ သူတို့သည် ခါးပတ်အပြားကြီးများနှင့် ဖင်ကျပ်ခေါင်းလောင်း ဘောင်းဘီတွေ ဝတ်တတ်ကြ၏။ ကော်လံအရှည်ကြီးများနှင့်

အိတ်တွေအများကြီးပါသော ကိုယ်ကျပ်၍ ခေါင်းလောင်းပုံ လက်နှင့် အင်္ကျီကြောင်ကြောင်ကျားကျားများလည်း ဝတ်ဆင်တတ်ကြ၏။ လက်နှင့် လည်ပင်းတို့တွင်လည်း လက်သီးပုံများ၊ အရိုးခေါင်းပုံများ၊ ZAY, PEACE စသည့် အင်္ဂလိပ်စာလုံးများ၊ စာတန်းများ၊ သင်္ကေတများပါသည့် တံဆိပ်ပြားများ၊ ဆွဲကြိုးများ၊ လက်ပတ်များတို့ကိုလည်း ရှုပ်ယှက်ခတ်နေအောင် ဝတ်ထားတတ်ကြသေး၏။ ဆံပင်အရှည်ကြီးများကို မဖြီးမသင်ဘဲ ထားတတ်၍ တစ်ကိုယ်လုံးလည်း နေရာလပ်မရှိအောင် ဆေးမင်ကြောင်အရုပ်များ၊ စာတန်းများ ထိုးထားတတ်သေး၏။ ဓားမောက်ဂိုဏ်း၊ စပိုက်ဒါ (ပင့်ကူ) ဂိုဏ်း စသည်ဖြင့် ကိုယ့်နည်းကိုယ့်ဟန် အစုကလေးများဖွဲ့၍လည်း လုခဲ့၊ ယက်ခဲ့၊ ဆိုးခဲ့၊ မိုက်ခဲ့ကြ၏။ သံတုတ်များ၊ ငါးမန်းစွယ်များ၊ လိပ်ကျောက်မြီးများ၊ သံလက်သီးများ၊ ချိန်းကြိုးများနှင့် သူတို့အခေါ် စကစ်ပါ ဆိုသည့် သုံးမြှောင့်အချွန်များ၊ (SCRAPER ဖြစ်မည်ထင်သည်။) စသည်တို့ ကိုင်ဆောင်၍ အုပ်စုဖွဲ့ပြီး ဟိုမှာ ချိန်းရိုက်ကြ၊ ဒီမှာ ချိန်းရိုက်ကြဖြင့် ရန်ပွဲကြီးများ အကြီးအကျယ် ဖြစ်ခဲ့ကြ၏။ ယနေ့ မရှိတော့ပြီဖြစ်သော သပေါ့တော (သဖော့တော) သချိုင်း (ယခု–ကမာရွတ် ရွာမကျောင်းလမ်းကွေ့နေရာ) သည် ၎င်းတို့ မကြာခဏချိန်း၍ ရိုက်ကြ၊ နှက်ကြ၊ ဆော်ကြသည့်နေရာ ဖြစ်၏။

သူတို့တွေ၏ စားကျက်လုတိုက်ပွဲများနှင့် အနိုင်ကျင့်ဗိုလ်ကျမှုများ၏ ဂယက်သည် ကျွန်တော်တို့ လှည်းတန်းနေ လူငယ်ထုအပေါ်အတော် ရိုက်ခတ်ခဲ့၏။ ကျွန်တော်တို့ လှိုင်ဘက်၊ ကြည့်မြင်တိုင်ဘက် စသည့် အခြားမြို့နယ်များမှ ရပ်ကွက်တွေထဲသွားလျှင် သူတို့ အပိုင်သားမပါဘဲ မသွားရဲ။ တစ်ခါက ကျွန်တော်နှင့် သူငယ်ချင်းတစ်ယောက် လှိုင်ဘက်မှ အုတ်ကျင်းဘုတာရုံတွင် မြို့ပတ်ရထား စောင့်နေစဉ် ဆံပင်

ရှည်ရှည်၊ မျက်နှာမှာ သနပ်ခါးပါးကွက်ကျားတွေ လိမ်းထားသော ပါတိတ်အင်္ကျီ ကြောင်ကြောင်ကျားကျားများ ဝတ်ထားသည့် လူငယ် တစ်စု ရောက်လာပြီး "မင်းတို့ လှည်းတန်းကလား" ဟု လာမေး၏။ အထာသိနေသော ကျွန်တော်က "မဟုတ်ဘူး၊ ဟသာ်တက အလည် လာတာ" ဟု ခပ်တည်တည်ဖြင့် လိမ်လိုက်၏။ ယုံပုံမရသော ဆာမူရိုင်း ဆံပင်ပုံစံနှင့် တစ်ယောက်က ကျွန်တော်တို့ အင်္ကျီကော်လံများကို ဆွဲ၍ ကုပ်ပိုးများကို လှန်ကြည့်၏။ ဆိုလိုသည်မှာ READY MADE တွေ ခေတ်မစားသေးသော ထိုခေတ် လှည်းတန်းသား လူငယ်အများစုသည် လှည်းတန်းထိပ်မှ အောင်ဝင်းရုပ်ဆိုင်နှင့် SMART ရုပ်ဆိုင်တို့တွင် အင်္ကျီဘောင်းဘီ ချုပ်ကြ၏။ ၎င်း ရုပ်ဆိုင်တံဆိပ်နှင့် အင်္ကျီတွေ ဝတ် ထားလျှင် လှည်းတန်းသားတွေပဲ ဆော်မည်၊ နှက်မည်၊ ဆွမ်းကြီးလောင်း မည် ဆိုသည့်သဘော။ ထိုစဉ်က တံဆိပ်ပြုတ်အောင် ဟောင်းနေသော တက်ထရွန်ရုပ်အင်္ကျီအဖြူ ခပ်နွမ်းနွမ်းလေး ဝတ်ထားမိသည့် ကျွန်တော် နှင့် မိုးပြာရောင်ဇင်သား၊ အလုပ်သမားရုပ်အင်္ကျီဝတ်ထားသော ကျွန်တော့် သူငယ်ချင်းတို့ ကံကောင်းသွားခဲ့ကြ၏။

သူတို့တွေ၏ ဆိုးသွမ်းမှုဒဏ်များကို လှည်းတန်းနေ လူကြီး လူငယ် အရွယ်သုံးပါး ကျား/မ မရွေး တော်တော်ခံခဲ့ရ၏။ ထိုကာလ လျှပ်စစ် မီးပြတ်ခြင်းဆိုတာ သိပ်မရှိသော်ငြားလည်း မှုန်ဝါးဝါး ၆၀ ဝပ်အား မီးတိုင်များသာ ထွန်းထားသည့် လမ်းများပေါ်သို့ (ယခုခေတ်လို လူနေ အိမ်ခြေ မစိပ်သေး၍) ညမိုးချုပ်လျှင် လုမှာ ယုက်မှာ ကြောက်ကာ စိုးရိမ်ကြီးသူတချို့ (အထူးသဖြင့် မိန်းမပျိုလေးများ) အဖော်မပါဘဲ မသွား ရဲကြ။ ရပ်ကွက်တွင်း နာရေးကိစ္စပေါ်လျှင်လည်း ခုနစ်ရက်၊ ခုနစ်လီ ဖဲဝိုင်းကို အကြောင်းပြု၍ သူတို့လူသိုက် လာရောက်သောင်းကျန်းကြ သည်ကို အသုဘရှင်များခမျာ ကြောက်ကြောက်လန့်လန့်နှင့် ဘာမှ

မပြောရဲကြရှာဘဲ ရက်လည်မှ သက်ပြင်းချကြရ၏။

ထိုအချိန်က လှည်းတန်းမှ လမ်းသရဲများတွင် 'ရမ်းကား' နှင့် 'ကတ္တရာ' ဆိုသော လူငယ်နှစ်ယောက်သည် နာမည်အကျော်ကြားဆုံး ဖြစ်၏။ သူတို့အပေါင်းအသင်းများက 'ရမ်းကား' ကို 'ရကော' ဟုခေါ်၍ 'ကတ္တရာ' ကို 'ကတ္တရော' ဟု ခေါ်ကြ၏။ ၎င်းတို့သည် ထောင်ထဲဝင်လိုက်၊ ထွက်လိုက်နှင့် ထောင်မင်းသားများ ဖြစ်ကြ၏။ သူတို့သည် လှည်းတန်းတစ်ဝိုက်မှ အကြောင်းအမျိုးမျိုးကြောင့် ထောင်နန်းစံမြန်းရသည့် လူငယ်တချို့အတွက် ထောင်အတွင်း မှီခိုအားကိုးစရာ ဆရာကြီးများ ဖြစ်ကြ၏။ သူတို့ကလည်း အပိုင်သားချင်း အကူအညီပေးခဲ့ကြ၍ အချို့လူငယ်တို့အတွက် မိုက်လက်စ မကုန်နိုင်အောင်ပင် ဖြစ်ခဲ့ရ၏။

ရမ်းကားသည် လက်ဝှေ့ထိုး အလွန်ကောင်းသူ တစ်ယောက်ဖြစ်၏။ ကျွန်တော်တို့ ကလေးကြီးဘဝက လှည်းတန်းဈေး အနောက်ဘက် ခပ်လှမ်းလှမ်းရှိ ၆ လမ်းထိပ်နှင့် ပေ ၅၀ လမ်း၊ လမ်းဆုံတွင် ထိုခေတ် လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲများ ပြုလုပ်ရာ၌ လက်ဝှေ့ပွဲများလည်း ပါဝင်လေ၏။ လွန်စွာ လူကြိုက်များလှပြီး လက်ဝှေ့ထိုးကောင်းသော ရမ်းကားအတွက် လက်သွေးသည့်ပွဲများ ကျင်းပပေးနေကြသလားဟု ထင်ရလောက်အောင် ထိုးပုံထိုးကွက်၊ သတ်လုံးသတ်ကွက်၊ ပြောင်မြောက်လှ၍ ထိုခေတ်သဘောထား ကြီးသော လှည်းတန်း လူငယ်ထုရဲ့ အားပေးမှုကို သူ တစ်ပုံတစ်ပင်ကြီး စားသုံးခွင့်ရခဲ့၏။ လူပုံချောချော တစ်ကိုယ်လုံး ဆေးမင်ကြောင် ရုပ်တွေနှင့် မျက်မှောင်ကြီးကုတ်ကာ မှင်ကောင်းမောင်းကောင်းဖြင့် ထိုးသတ်သော သူ့ဟန်ပန်ကို ကျွန်တော် ယခုထိ မြင်ယောင်နေဆဲပါ။ ကျွန်တော်နှင့် နာမည်ဆင်သော သူ၏ညီဖြစ်သူ ကျောင်းနေဖက် သူငယ်ချင်း မျိုးမြင့်မှတစ်ဆင့် သူ့ကို သိကျွမ်းရုံမျှ ရှိခဲ့ဖူးပါသည်။ လူပုံနှင့် မလိုက်ဖက်လှပါလားဟု ကောက်ချက်

ချမိခဲ့၏။

ထောင်ထဲတွင် ငှက်ဆိုးဟု ခေါ်ကြသော ကတ္တရာသည် ၎င်းငယ်စဉ်ကလေးဘဝက ဆော့ကစားရင်း ရန်ကုန်–အင်းစိန်လမ်းမကြီးအား ကတ္တရာခင်းရန် ကျိုထားသည့် ကတ္တရာအရည်ပူများ မျက်နှာကို လောင်ကျွမ်းမိ၍ လူပုံနှင့်လိုက်အောင် ရုပ်ရည်ထူးပါသည်။

တစ်ခါက ကတ္တရာသည် ထိုခေတ် လုံခြုံရေးတာဝန်ရှိသူများ လိုက်ဖမ်း၍ ညအချိန် အင်းလျားကန်အတွင်း ရေကူးကာ အင်းလျား ရေလယ်ကြက်ကျွန်းတွင် ပုန်းအောင်းတိမ်းရှောင်ခဲ့ပုံကို သူ့အပေါင်းအသင်းများအကြား ဂုဏ်ယူစွာ ပြောဆိုစရာ ဖြစ်ခဲ့၏။

သူ့ကိုတော့ ကျွန်တော် လက်ဖက်ရည်ဆိုင် ထိုင်တတ်ခါစကတည်းက သိခဲ့ပါသည်။ သိပ်ပြီး အကျွမ်းတဝင်တော့ မရှိပါ။ သို့သော် ကျွန်တော်တို့ ဝိုင်းထဲလာပြီး လက်ဖက်ရည်ဖိုး၊ ဆေးလိပ်ဖိုး ညှဉ်းသွားခြင်းကို ကျွန်တော်တို့ ကျောင်းပြေးတစ်သိုက် မကြာခဏ ခံခဲ့ရဖူးပါသည်။ မှတ်မှတ်ရရ ကျွန်တော်ဆိုလျှင် ကျွန်တော်၏ ချစ်လှစွာသော သူငယ်ချင်းမလေး တစ်ယောက်က မွေးနေ့လက်ဆောင်အဖြစ် ပေးသော မောင်းမီးခြစ်လေးတစ်လုံး သူကကြိုက်သည်ဟု ဆိုကာရင့် (ယူ) သွားခြင်း ခံခဲ့ရဖူးပါသည်။ သူသည် ဘောလုံးပါရမီရှိသူတစ်ဦးဖြစ်ပြီး ရပ်ကွက်လက်ရွေးစင်အဖြစ် ပါဝင်ကစားခဲ့ဖူး၏။ ကြိုးစားလျှင် သူ့ခေတ်၊ သူ့အခါ အထိုက်အလျောက် အောင်မြင်မည့် အလားအလာရှိသူတစ်ဦး ရေလိုက်လွဲခဲ့ရခြင်းမှာ နှမြောစရာပင်။

သူတို့ အပေါင်းအသင်းတစ်ယောက်ဖြစ်သော ချာလီသည်လည်း နာမည်နည်းနည်းကြီး၏။ သူသည် မူးယစ်ဆေးဝါးမှုမျိုးစုံဖြင့် ထောင်အကြိမ်ကြိမ် ကျခဲ့၍ ကိုထီးနှင့်လည်း အမှုတွဲဖြစ်ခဲ့ဖူးသူဖြစ်၏။ သူ့ညီတင်ထွန်းသည် ကျွန်တော်နှင့် ကျောင်းနေဖက်ဖြစ်၍ ၎င်းနှင့် ခင်မင်ခွင့်

ရခဲ့ပါသည်။ သဘောထား သိပ်ဆိုးလှသူ မဟုတ်။ ကျွန်တော်တို့ သူငယ်ချင်းတွေ စုထုတ်သော ကဗျာစာအုပ်ပါးလေးတစ်အုပ် ကျွန်တော့် ထံမှ သူဝယ်ခဲ့ဖူး၏။ သူရောင်းချသော No. 4 (ဘိန်းဖြူ) ကိုဝယ်ရန် အတွက် ကျွန်တော်တို့အား စည်းရုံးသည်ဟု အထင်လွဲမိခဲ့ကြ၏။ သူ သည် ကျွန်တော်တို့သူငယ်ချင်း တစ်သိုက်အား ခင်မင်သော်လည်း စကားစပ်၍မျှပင် မူးယစ်ဆေးဝါးသုံးစွဲဖို့ မစည်းရုံးခဲ့ဖူးပါ။ ကျွန်တော် တို့ကလည်း သုံးစွဲရန် မချဉ်းကပ်ခဲ့၍ဟု ထင်ပါသည်။

ကျွန်တော် လက်ဖက်ရည်ဆိုင် ထိုင်တတ်စအချိန်က ကျွန်တော်တို့ အထက်တန်းကျောင်းသား၊ ကျောင်းပြေး သူငယ်ချင်းတစ်စုသည် စာကြီး ပေကြီး တစ်အုပ်စ၊ နှစ်အုပ်စ ဖတ်၍လည်း စာဘဝင်မြင့်ခဲ့ကြဖူး၏။ ဣန္ဒြေကြီးတစ်ခွဲသားနှင့် တကယ့်စာရေးဆရာကြီးများ ဂိုက်ဖမ်း၍ ခပ် တည်တည်ဖြင့် လူကြီးဝိုင်းတွေထဲဝင်ကာ စာလိုလို၊ ကဗျာလိုလို၊ တတ် သလိုလို၊ နပ်သလိုလို၊ ဟိုအကြောင်းတွေ ဝင်ပြော၊ ဒီအကြောင်းတွေ ဝင်ပြော ငြင်းကြ ခုံကြ၊ အော်ကြဟစ်ကြ၊ ဆူဆူညံညံနှင့် ပျော်စရာ တော့ ကောင်းလှ၏။ ဆရာကြီး ဇော်ဂျီ၏ 'ကဗျာဝိုင်း၊ စာဝိုင်းနှင့် ကျွန်တော်' ရသစာတမ်းထဲကလို လက်ဖက်ရည် အဖန်သောက်၍ ကျက်သရေအမှန် ရောက် မရောက်တော့ မသိ။ ကျွန်တော်တို့ သူငယ် ချင်းတစ်သိုက်မှာ ကျောင်းမတက်ဘဲ လက်ဖက်ရည်ဆိုင် အထိုင်ကောင်း ၍ လှည်းတန်းဈေးရှေ့ရှိ ဆိုက်ကားဂိတ်မှ ဆိုက်ကားဆရာတွေကို လက်ဖက်ရည်ဖိုးပေးပြီး အုပ်ထိန်းသူ အတုလုပ်ကာ ကျောင်းမှာ လိုက်ရှင်း ခိုင်းရသည့် အကြိမ်တွေကတော့ မနည်းလှပေ။

ကျွန်တော်တို့ ကလေးမက၊ လူကြီးမကျ၊ အ.ထ.က ကျောင်းပြေး တစ်သိုက်နှင့် တစ်ခါတစ်ရံ ဝင်ရောက်ငြင်းခုံ ပြောဆိုတတ်သော ပြည် ဘက်မှ သမိုင်းဘွဲ့လွန်တက်နေသည့် တက္ကသိုလ်ကျောင်းသားကြီး တစ်

ယောက်ရှိ၏။ သူ့နာမည်မှာ 'ကိုမောင်မောင်စိုး' ဖြစ်၏။ သူသည် အသားမည်းမည်း၊ ပုပုဝဝ၊ ဆံပင်ကောက်ကောက်၊ သွားကလည်း နည်းနည်းခေါ၏။ လမ်းလျှောက်လျှင် ဆတ်တောက် ဆတ်တောက်နှင့် 'ပန်းတွေနဲ့ဝေ' ခေတ်၊ တက္ကသိုလ်ကျောင်းသားတို့ စတိုင်၊ လွယ်အိတ်အကြီးကြီးတစ်လုံး အမြဲလွယ်တတ်၏။ တစ်ခါတစ်ရံ လှည်းဘီးမျက်မှန် အနက်ကြီးပင် တပ်လာတတ်သေး၏။ သူသည် ကျန်းမာရေး ကောင်းရန်ဟုဆိုကာ လုံးတီးဆန်ကြမ်းသာ အမြဲစား၏။ တစ်ခါတလေ အရက်အနည်းငယ်သောက်တတ်ပြီး ၎င်းအရက်မူးနေချိန် ဆိပ်ဖလူးပန်းနှံ့ရလျှင်ငိုတတ်သောသူဖြစ်၏။ သူ့ကို ကျွန်တော်တို့အဖွဲ့က သဘောကောင်း၍ ခင်ကြ၏။ သို့သော် ကျွန်တော်တို့ ရပ်ကွက်ထဲမှ ၉ တန်းကျောင်းသူ လှပေ့ ချောပေ့ ဖြူဖြူဖွေးဖွေး၊ ကျွန်တော်တို့ သူငယ်ချင်း အန်းမလေးတစ်ယောက်ကို သူက ကြိုက်လှပါသည်ဟု ဆိုကတည်းက ကျွန်တော်တို့အဖွဲ့နှင့် သိပ်အစေးမကပ်တော့။ သူ့ကိုလည်း 'ကိုမောင်မောင် တော်တော်ဆိုး' ဟု နာမည်ပြောင် ပေးလိုက်ကြ၏။ သို့ပေမဲ့ သူသည် ကျွန်တော်တို့အဖွဲ့ကို စိတ်မဆိုးခဲ့ပါ။ အခင်အမင်လည်း မပျက်ခဲ့ပါ။

သူသည် ကျွန်တော်တို့ သူငယ်ချင်းတစ်သိုက်တွင် ကျွန်တော့်ကို အခင်ဆုံးဖြစ်၏။ ကျွန်တော့်ကို တစ်ရက်၊ နှစ်ရက် မတွေ့ရလျှင် ကျွန်တော့် သူငယ်ချင်းများကို "မျက်မှန်လေး နေကောင်းရဲ့လား၊ မတွေ့တာကြာပြီ။ တွေ့ရင် အစ်ကိုက မေးတယ်လို့ ပြောလိုက်ပါကွာ" စသည်ဖြင့် ပြောတတ်၏။ ကျွန်တော်လည်း သူ့ကို ခင်ပါသည်။ အခြားအခြားသော လက်ဖက်ရည်ဆိုင်ထိုင်ရင်း သိကျွမ်းခဲ့ရသည့် ထိုခေတ် တက္ကသိုလ်ကျောင်းသားကြီးများထဲမှ သူ့ကို ကျွန်တော် အမှတ်တရအဖြစ်ဆုံးဖြစ်ပါသည်။ အထူးသဖြင့် ကျွန်တော်တို့အား သူပြောခဲ့ဖူးသော စကား

တချို့ တချို့တို့ကြောင့်ဟု ဖြစ်မည်ထင်ပါသည်။

တစ်ခုသော ညနေခင်းတွင် လက်ဖက်ရည်ဆိုင်တွင်း ဟိုရောက် ဒီရောက် ပြောကြဆိုကြရင်းမှ သူက ကောက်ကာငင်ကာ "လူတစ်ယောက်ရဲ့ ညနေခင်း နေဝင်ချိန်ဟာ သူ့ဘဝအတွက် အရမ်းအရေးကြီးတယ်။ ဒီလူ သူ့ရဲ့ ညနေခင်းတွေမှာ ဘာတွေ လုပ်နေသလဲ။ ဒီလူ၊ သူ့ရဲ့ ညနေခင်းတွေမှာ ဘယ်နေရာ ရောက်နေသလဲ။ ဒီလူရဲ့ အဲဒီညနေခင်း အပြုအမူတွေဟာ သူ့ဘဝရဲ့ အစိတ်အပိုင်း တော်တော်များများကို လွှမ်းမိုးနေပြီး သူ ဘယ်လိုလူစားလဲဆိုတာ ဖော်ပြနေလိမ့်မယ်" ဟု ပြောလိုက်၏။

သူ ဘယ်စာအုပ်မှဖတ်ပြီး ပြောသနည်း။ သူ ဘယ်သူ့ဆီမှ ကြားပြီး ပြန်ပြောသနည်း။ သို့တည်းမဟုတ် သူ့ရင်တွင်းဆီမှလာသော စကားများလော။ ထိုစဉ်က ကျွန်တော် မမေးဖြစ်ခဲ့ပါ။ သူ့ကို မမြင်မတွေ့ရသည်မှာ နှစ်တွေကြာပြီဖြစ်၍ သူ့ရုပ်ရည်ကိုပင် မနည်းကြီး မှန်းဆ၊ မြင်ကြည့်နေရပြီး၊ သူ သက်ရှိထင်ရှား ရှိ၊ မရှိလည်း ကျွန်တော် မသိပါ။ သို့သော် သူ့စကားသံအချို့မှ ညနေခင်း ဒဿနတချို့ကိုဖြင့် ကျွန်တော် ယခုထိ မမေ့သေးပါ။ တစ်ခါတစ်ရံ တွေးတောနေရဆဲပင် ဖြစ်ပါသည်။

ယနေ့ကာလ လှည်းတန်းသည် ဟိုးယခင်က လှည်းတန်းကဲ့သို့ စိမ်းစိမ်းညို့ညို့၊ အုံ့အုံ့ဆိုင်းဆိုင်း ကုပ်ကုပ်ရုပ်ရုပ် မဟုတ်တော့ပါ။ အဆင့်မြင့်၊ အထပ်မြင့် တိုက်တာအဆောက်အအုံကြီးတွေ ထိုးထိုးထောင်ထောင် ချင်းနင်းဝင်ရောက် နေရာယူထားကြပါပြီ။ တစ်ခါတစ်ရံ အလုပ်အားရက် ညနေခင်းတွေမှာ စိတ်ပြေလက်ပျောက် လမ်းလျှောက်ရင်း ခေတ်မီ အီလက်ထရွန်းနစ်ဆိုင်းဘုတ်ကြီးများ အောက်မှဖြတ်၍ ကာလပေါ် ကဖေးများ၊ စားသောက်ဆိုင်များနှင့် စတိုးဆိုင်များအတွင်းသို့

လှမ်းဝင်စဉ်...။ ဟိုတုန်းက ညနေခင်းတွေမှာ ထိုင်ခဲ့ဖူးသော လက်ဖက်ရည်ဆိုင်များ၊ လက်ဖက်ရည် အနံ့အရသာများကို သတိရမိတတ်၏။ တစ်ဆက်တည်း လှိုင်သာယာတို့၊ ရွှေပြည်သာတို့၊ ဒဂုံမြို့သစ်တို့ကို ရောက်ကုန်သည့် လက်ဖက်ရည်ဆိုင် ထိုင်ဖက်၊ ကျောင်းနေဖက် ကျောင်းပြေးဖက် သူငယ်ချင်းများနှင့် တစ်ရပ်ကွက်တည်းသား ကျွန်တော့်ဆွေမျိုးများကို လွမ်းလွမ်းဆွတ်ဆွတ် အောက်မေ့မိတတ်၏။ ထိုအခါ ကံကောင်းထောက်မစွာ ဘိုးစဉ်ဘောင်ဆက် မွေးရပ်မြေမှာသာ ကုတ်ကတ် ရှင်သန်နေထိုင်ခွင့် ရနေဆဲဖြစ်သော လက်ကျန်လှည်းတန်းသား၊ ကျွန်တော့်ဇာတာစန်းလင်များကိုလည်း အံ့ဩတကြီး ဖြစ်မိသွားရ၏။

ဘဝမှာ မှတ်မှတ်ရရညနေခင်းတွေ၊ အရုဏ်ဦးတွေ နည်းနည်းပါးပါး ရှိခဲ့ဖူးပါပြီ။ ဘယ်တော့မှ မေ့ပျောက်၍ မရနိုင်သည့် နေ့တွေ၊ ညတွေလည်း အထိုက်အလျောက်တော့ဖြင့် ရှိခဲ့ဖူးပါပြီ။

အတိတ်ကို တမ်းတ မတွေးလိုပါလျက် တစ်ခါတစ်ရံ ထွေပြားစွာ အာရုံထဲသို့ ရောက်ရောက်လာသော ပုံရိပ်များကိုဖြင့် ဒိုင်ယာရီဟောင်းမှ စာမျက်နှာများပေါ်တွင်သာ ရှိနေစေချင်မိပါသည်။ အနာဂတ်ဆိုတာလည်း မမျှော်မှန်းဘဲ ပစ္စုပ္ပန်သာ တည့်တည့်ကြည့်လို မြင်လိုလှပါသည်။

သို့ပေသော်ငြား အန္တ ပုထုဇဉ်သာသာမျှလောက်သာ ဖြစ်မည်ထင်သော ကျွန်တော်၏ နှလုံးသားနှင့် ဦးနှောက်များကိုတော့ ဦးစွာပထမ ဆေးကြော၍ ကုသရန် အင်အားတစ်ရပ်ဖြင့် လိုအပ်နေပါသေးသည်။

အက်ဆေးလှည်းတန်း-မှ

■

## ကမာရွတ်လှည်းတန်း/၉၆

**▸ အောင်ဘညို**

ကျွန်တော်ရဲ့ဘဝမှာ လှည်းတန်းဆိုသော အမည်နာမနှင့် အကျိုးပေးပါသည်။ ကျွန်တော် မန္တလေးမြို့မှာ မွေးဖွားရှင်သန်ကြီးပွားရာ အရပ်သည် ချမ်းသာကြီး လှည်းတန်းပဲ ဖြစ်သည်။

ရန်ကုန် ရောက်တော့လည်း ကျွန်တော်နေထိုင်ရာအရပ်သည် ကမာရွတ်၊ လှည်းတန်း၊ ဧယျာသီရိလမ်းမှ အဆောင်နံပါတ် ၁၃ မှ ဖွားစိန်၏ အဆောင်ပင်ဖြစ်သည်။ ကျွန်တော်တို့က ကျွန်တော်တို့ အဆောင်ကို Royal 13 ဟု အမည်ပေးထားသည်။ အဆောင်ပိုင်ရှင် ဖွားစိန်မှာ ကျွန်တော်တို့ကို သားသမီးသဖွယ် စောင့်ရှောက်ပါသည်။ အဆောင်ပိုင်ရှင်သားဖြစ်သူ ဦးမြင့်ဦးမှာ ကျွန်တော်တို့ရောက်ပြီး မကြာမီမှာပဲ အရောင်တူ၊ အသွေးတူမို့ ပုလင်းတူ ဘူးဆို့ ဖြစ်သွားပါသည်။

အဆောင်နေ အများစုမှာ လူလတ်ပိုင်းအရွယ်၊ ကုမ္ပဏီဝန်ထမ်းများဖြစ်သည်။ နယ်ပေါင်းစုံမှ လာရောက်ပြီး အလုပ်လုပ်သူများဖြစ်သည်။ နံနက် ၉ နာရီထိုး၍ ကိုယ့်အခန်းကိုယ် သော့ပိတ်ပြီး လုပ်ငန်းဆီသို့ ထွက်ခွာကြပါသည်။ Royal 13 မှာ တိတ်ဆိတ်စွာ ကျန်ရစ်ခဲ့ပါ

သည်။ ကျွန်တော်နှင့် အတူနေ မျိုးမျိုးကတော့ အေးအေးဆေးဆေး လက်ဖက်ရည်ဆိုင်ထိုင်ပြီး အဆာပြေ နံနက်စာ စားမည်။ စာရေးစာဖတ်မည်။ သီချင်းခွေတွေ နားထောင်မည်။ အဆာပြေ စားပြီး၍ ဗိုက်ဝသွားလျှင်တော့ အဆောင်ရှေ့ ဖုန်းဆိုင်ထိုင်ပြီး ဦးဝင်းနိုင် အင်္ဂလိပ်စာကျူရှင်မှ ကျောင်းသူများကို ငေးမည်၊ ငမ်းမည်။ ညက များသွားရင်တော့ (များတဲ့ရက်က များပါသည်) ဦးမြင့်ဦး တိုက်ခန်းထဲက ရေခဲသေတ္တာကိုဖွင့်ပြီး မန္တလေးရမ် အရက်နှင့် ဖြေလျှင် ဖြေနေတတ်ပါ သည်။ ဘောလုံးပွဲ လောင်းချင် လောင်းမည်၊ ဖဲရိုက်ချင် ရိုက်မည်။ ဖဲရိုက်လို့ ငြီးငွေ့လာလျှင် ဦးမြင့်ဦး ကိုယ်လာ ကားအဖြူလေးနှင့် တရုတ်တန်းဘက် သွား၍ ဂျင်ထိုးချင်ထိုးတတ်သည်။ ဒါမှမဟုတ် ဟောလီးဝုဒ် ရုပ်ရှင်ကားများကို တစ်နေကုန် ထိုင်ကြည့်ပြီး ABC တစ်ဘူးပြီး တစ်ဘူး ဖောက်သောက်နေတတ်သည်။ တစ်ခါတစ်ရံကျတော့လည်း လှည်းတန်း ၄ လမ်းမှ စာသမားတွေဖြစ်တဲ့ လွင်မောင်မောင်၊ ဂီတသမား ယူမိုးတို့နှင့် ဓေယျာသီရိ လမ်းထဲက အန်တီနီရဲ့ လက်ဖက်ရည်ဆိုင်ထိုင်၍ စာအကြောင်း၊ ပေအကြောင်း၊ ဂီတအကြောင်းတွေ သတင်းဖလှယ်ကြသည်။ ကိုလင်းဝေမြိုင်လည်း ခိုင်ရွှေဝါလမ်းထဲမှ ထွက်လာပြီး အဆောင်ကို ရောက်ရောက်လာတတ်သည်။ တစ်ခါတလေ ကိုအောင်ဝင်း (ပန်းခရမ်းပြာ) လည်း ပါပါလာတတ်သည်။ ကိုလင်းဝေမြိုင်သည် ထိုစဉ်က အကျပ်အတည်း ကာလတစ်ခုကို ဖြတ်သန်းနေရချိန်ဖြစ်သည်။ ကဗျာဆရာကြီး မောင်သင်းခိုင်နှင့် ပန်းချီ ဆရာကိုမုတ်သုံတို့ နှစ်ယောက်သည် မကြာမကြာ လက်ဖက်ရည် သောက်ဖို့ လာခေါ်ပါသည်။ သူတို့နှစ်ဦး ရောက်လာရင်တော့ မာလာဆောင်ရှေ့က Hi မှာ မြိတ်ကပ်ကြေးကိုက် သွား၍ စားကြပါသည်။

Royal 13 မရောက်မီ ကိုသင်းခိုင်၊ ကိုမုတ်သုံတို့နှင့်အတူ ထမ်း

တပင်လမ်းထဲက အိမ်မဲကြီး၊ ပြီးတော့ စံရိပ်ငြိမ် ၄ လမ်းက အဆောင်မှာ အတူနေထိုင်ခဲ့ပါသည်။ သုံးနှစ်သုံးမိုးလောက် ဖြတ်သန်းဖူးပါ သည်။ နောင် ကိုမှတ်သုံကက သုခလမ်းသို့ ပြောင်းသွားပါသည်။ ကျွန် တော်တို့ ဘိုဂျီးက ပျဉ်းမနားသို့ ပြန်သွားပါသည်။ ရက်တစ်ပတ် ၃ ရက်၊ ၄ ရက်၊ ညသန်းခေါင် ၁ နာရီ၊ ၂ နာရီ အဆောင်တံခါးကို တဒုန်းဒုန်းထုပြီး မထမချင်း နှိုးတတ်သူမှာ လေးဖြူတို့ပဲဖြစ်ပါသည်။ လေးဖြူ–အငဲ၊ ဦးလီ၊ သားငယ်တို့ပဲ ဖြစ်ပါသည်။ သူတို့က LYNN စတူဒီယိုက ပြန်တိုင်း လက်ဖက်ရည်သောက် ဝင်ခေါ်လေ့ရှိပါသည်။ သူတို့ ရောက်လာရင်တော့ အင်းစိန် လမ်းမပေါ်က ရွှေနှလုံးသား စားသောက်ဆိုင်မှာ စားရင်း သောက်ရင်း အလင်းထိုင်ရပါသည်။ အငဲရဲ့ ပထမဦးဆုံးခွေ 'ဝိညာဉ်များနှင့် ကခုန်ခြင်း' အခွေ အသံသွင်းနေစဉ်က ဖြစ်သည်။ ထူးအိမ်သင်ကတော့ တစ်ယောက်တည်း ဘာဂျာတစ်လက် အဖော်ပြုပြီး မထင်မှတ်တဲ့အချိန်ကို ရောက်ရောက်လာပါသည်။ တကယ်တမ်းကျတော့လည်း ကျွန်တော့်အလုပ်က မဂ္ဂဇင်း ၅ စောင်ကို နာမည် ၂၁ မျိုးလောက်နှင့် Pop ဆောင်းပါး ရေးစားချိန်ပဲဖြစ်ပါသည်။ မဂ္ဂဇင်းဖောင်ပိတ်အမီ ပေးပို့ရပါသည်။ ဒါကြောင့် နည်းနည်း ပျင်းနေရင် ဓေယျာသီရိလမ်းက လူငယ်တွေနဲ့ မြောင်းဆယ်ရင် ဆယ်၊ အမှိုက်လှည်းရင်လှည်း ကိုယ်တိုင်ကလည်း ဓေယျာသီရိ လမ်းသား တစ်ပိုင်း ဖြစ်နေလေသည်။

Royal 13 မှာ တင်းကျပ်သော ဥပဒေတစ်ခုကို ချမှတ်ပါသည်။ အဆောင်မှာ ဂစ်တာ မတီးရ၊ အရက်မသောက်ရ၊ အမျိုးသမီး မိတ်ဆွေ မခေါ်ရ။ အမျိုးသမီး မိတ်ဆွေကိုတော့ မခေါ်ပါ။ ကျွန်တော်တို့မှာ မိန်းကလေးမိတ်ဆွေ မရှိသောကြောင့် ဖြစ်သည်။ ကျွန်တော်တို့မှာ အကြောင်းပြစရာ များစွာရှိပါသည်။ ဗိုလ်ချုပ်မွေးနေ့၊ ဗိုလ်ချုပ်လုပ်ကြံ

ခံရတဲ့နေ့၊ ချေဂွေဗားရား မွေးနေ့၊ ဒိုင်ယာနာ ကွယ်လွန်တဲ့နေ့။ ကျွန်တော်တို့မှာ မပြီးစီးနိုင်တဲ့ အလွမ်းများနဲ့ အဆောင်ဘေး မြေကွက်လပ်တွင် ဖျာခင်းပြီး အစားအသောက်များ ကြော်လှော်ပြီး အရက်ဝိုင်းဖွဲ့ကြပါသည်။ ဂစ်တာတွေ တီးကြနှင့် တော်တော်လည်း မြိုင်ပါသည်။ ပျော်စရာ အလွန်ကောင်းပါသည်။ ကျွန်တော်တို့အဖွဲ့ ခေါင်းဆောင်မှာ ဦးမြင့်ဦးဖြစ်ပါသည်။ အဆောင်ပိုင်ရှင် ဖွားစိန်မှာ သားဖြစ်သူ ဦးဆောင်လုပ်နေသောကြောင့် တားဖို့ခက်နေပါသည်။ အဆောင်မီးပုံပွဲသည် ရက်တစ်ပတ်ကို တစ်ကြိမ်လောက် လုပ်ဖြစ်ပါသည်။ အဆောင်၏ တင်းကျပ်သော ဥပဒေမှာကား အလိုလို ပျက်သွားပါသည်။ ကျွန်တော့်အဆောင်မှာ ကဗျာဆရာ အုန်းမြင့်လှိုင်၊ ကဗျာဆရာ မောင်အောင်ပွင့်၊ အဆိုတော် ပီလွန်(ကွယ်လွန်)တို့လည်း လာရောက် ခိုလှုံဖူးပါသည်။ လှည်းတန်း၏ နံနက်ခင်းများသည် အရက်နာကျနေတတ်ပါသည်။ ကျွန်တော်တို့သည် အစားအသောက်လည်း ခုံမင်ပါသည်။ နာမည်ကြီး အစားအသောက်တွေကို လိုက်စားကြပါသည်။ Hi က မြိတ်ကတ်ကြေးကိုက်၊ မြေနီကုန်းက တင်တင်အေး မုန့်ဟင်းခါး၊ လှည်းတန်းအဝိုင်း ပြည်မြန်မာ ကုန်တိုက်အပေါ်ထပ်မှ ဓားတန်းဦးသန့်မြေး စာရေးဆရာမ ခိုင်နှယ်သန့် ဖွင့်လှစ်ထားသော မန္တလေး မုန့်တီကိုလည်း မကြာမကြာ သွားရောက်စားသောက်ကြပါသည်။ ဖေယျာသီရိလမ်းထဲမှ အိမ်တော်တော်များများမှာ ကျွန်တော်တို့ရဲ့ စားအိမ်သောက်အိမ်များ ဖြစ်သွားပါသည်။ တံခါးမရှိ၊ ဓားမရှိပါ။ မင်းသားကြီး ဦးခင်မောင်ထွေးအိမ်လည်း ပါပါသည်။ မင်းသားကြီးက ရပ်ကွက်လူကြီးလည်း ဖြစ်သည်။ မင်းသားကြီးအိမ်က အစားကောင်းကောင်း မကြာမကြာ လုပ်တတ်ပါသည်။ ကျွန်တော်တို့ သွားမစားဖြစ်တဲ့အခါ ချိုင့်ကြီးချိုင့်ငယ်နှင့် ပို့ပေးတတ်ပါသည်။ လှည်းတန်း အမေ့အိမ် ထမင်းဆိုင် အပါအဝင် ထမင်း

ဆိုင်အားလုံးသည် ပိုက်ဆံမလိုပါ။ ကြိုက်တဲ့အချိန် ကြိုက်တဲ့ဟင်းနှင့် စားလို့ရပါသည်။

လွမ်းရတယ် ကမာရွတ် လှည်းတန်းရယ်။

တစ်ည ကမာရွတ်လှည်းတန်းရဲ့တစ်ည။ အိပ်မက်ဆန်းတစ်ခု မက်ပါသည်။ လှည်းတန်းအဝိုင်းကြီးမှာ သင်္ကြန်ကျနေပါသည်။ လူတွေက တိုးမပေါက်အောင် စည်ကားသက်ဝင်လှပါသည်။ သင်္ကြန်က ညသင်္ကြန်၊ ရေသန့်ဘူးတို့နဲ့ ရေပက်ကြပါသည်။ စတုဒိသာ ငှက်ပျောဖီးတွေ ဝေကြပါသည်။ လူတိုင်းရဲ့ မျက်နှာပေါ်တွင် အပျော်တွေနဲ့ ရင်ခုန်နေကြပါသည်။ မှတ်မှတ်ရရ သင်္ကြန်ည။ ကျူရှင်ဆရာ ဦးမြင့်သိန်းနှင့် မောင်မောင်စနေတို့ နှစ်ဦးကလည်း တက်ကြွစွာ ပါဘလစ်ကားဖြင့် ငှက်ပျောဖီးတွေ ရေသန့်ဘူးတွေကို စတုဒိသာ ဝေငှကြပါသည်။ သံချပ်အဖွဲ့ လူငယ်တွေက အတိုင်အဖောက်ညီညီ သံချပ်ထိုးကြပါသည်။ ပျော်လို့မှ မဝမီ ရိုက်ပွဲများ ဖြစ်ကြပါသည်။ လူငယ်တို့ရဲ့ အပျော်ကို လူရမ်းကားများက ဖျက်ဆီးပစ်လိုက်ကြပါသည်။ ကားမှန်ကွဲများ၊ အုတ်ခဲများ၊ သွေးကွက်များဖြင့် သင်္ကြန်ညဟာ မလှမပ ပြီးဆုံးသွားခဲ့လေပြီ။

ကျွန်တော် အိပ်မက်ကနိုးတော့ ကျွန်တော် မန္တလေး တောင်သမန်၊ တောင်လေးလုံးကျောင်း ရောက်နေပါပြီ။ သူငယ်ချင်းအချို့က မော်လမြိုင်၊ တချို့က အင်းစိန်၊ တချို့က သာယာဝတီ၊ တချို့က မြင်းခြံ၊ တချို့က သရက် တစ်ကွဲတစ်ပြားစီ ပြန့်ကျဲသွားပါသည်။ တချို့က ပြန်မတွေ့နိုင်သော နေရာမှာ အသီးသီး ရောက်ရှိသွားကြပါသည်။

ကျွန်တော်နှင့်သူမ လှေကလေးနှင့် ပင်လယ်ထဲ ထွက်ခဲ့ကြပါသည်။ ကိုယ့်လမ်းကလေးအတိုင်း ရွေးချယ်ရန် အသီးသီး ထွက်ခွာသွားကြပါသည်။

တစ်ခါတုန်းက ကမာရွတ် လှည်းတန်းညများ ပြန်မရတော့ပါ။

၁၉၉၆ က ကမာရွတ် လှည်းတန်းညကိုတော့ဖြင့် အလွမ်းများဖြင့် တမ်းတရုံမှတစ်ပါး...။

■

## ကမာရွတ်သားတစ်ယောက်ရဲ့ ဘဝဇာတ်ကြောင်းအစ

▸ သော်ဒါရွှေ

အဘွားရဲ့ အဖေအမေ... လက်ထက်ကပဲ စပြောပါတော့မယ်။ သူတို့ဟာ ထန်းတပင်ဇာတိများဖြစ်ကြပြီး ခြံစိုက်ပျိုး စားသောက်ကြပါတယ်။ ထန်းတပင်အရှေ့ပိုင်းနဲ့ ရန်ကုန်တက္ကသိုလ် ဖြစ်လာမယ့် ဧရိယာတွေဟာ မရန်းပင်၊ သရက်ပင်၊ ပိန္နဲပင် စတဲ့ သစ်ပင်ကြီးတွေနဲ့ အုံ့အုံ့ဆိုင်းဆိုင်း ရှိခဲ့ပြီး ထန်းတပင် အနောက်ပိုင်းဘက်မှာတော့ စိုက်ပျိုးစားသောက်တဲ့ ခြံကွက်တွေ များပါတယ်။ အရင်က ဒီဧရိယာမှာ ကွမ်းစိုက်ကြပါတယ်၊ အဆင်ပြေကြပါတယ်။ ကွမ်းပင်ဟာ အင်မတန်နုပြီး အသန့်ကြိုက်ကြောင်း၊ ကွမ်းရွက်ခူးသွားရင် မနက်စောစောဖြစ်ပါစေ ရေမိုးချိုး ကိုယ်လက်သန့်စင်ပြီးမှ သွားရကြောင်း၊ မသန့်ရှင်းရင် ကွမ်းပင်က ညှိုးရော်သွားတတ်ပြီး သေနိုင်ကြောင်း အဘွားပြောပြလို့ သိခဲ့ရပါတယ်။ ဒီလိုနဲ့ ဆောင်းရာသီတစ်ခုမှာ ကျားဟိန်းသံ ကြားရသတဲ့။ ရှာနတ်ကွန်းရှိတဲ့ စေတနာသုခလမ်းနဲ့ ထန်းတပင်လမ်း ထောင့်က ညောင်ပင်အောက်မှာလည်း ကျားခြေရာတွေ တွေ့ကြသတဲ့။ နှစ်ရက်၊ သုံးရက်လောက် ကြားလိုက်ကြတယ်တဲ့။ အားလုံးကလည်း ပြာသိုလမို့

ကျားတွေ မိတ်လိုက်ရင်း မျက်စိလည် လမ်းမှားပြီး ရောက် လာတာလို့ပဲ ယူဆကြတော့ သတိဝီရိယနဲ့ပဲ နေကြဖို့ တိုင်ပင်ဆုံးဖြတ် ခဲ့ကြတာပေါ့။ အဲဒီဖြစ်စဉ် ဖြစ်ပြီးတဲ့နောက် သိပ်မကြာလိုက်ဘူးတဲ့။ ကွမ်းခြံတွေမှာ ကွမ်းရွက်တွေဟာ နေလောင်သလို ညှိုးညှိုးလိုက်လာသတဲ့။ နောက် အပင်တွေ ပုပ်ပြီး သေကုန်သတဲ့။ တစ်ခြံပြီးတစ်ခြံ ဖြစ်လိုက်တာ ကွမ်းခြံတွေ ကုန်ပါရောတဲ့။ အဲဒီတော့မှ ဟိုတစ်ခါ ကျားဟိန်းတာဟာ ကွင်းပိုင် နယ်ပိုင်တွေကို မပသ၊ မပူဇော်ဘဲ မေ့နေကြလို့ သတိပေးတာဖြစ်မယ် ဆိုပြီး ညောင်ပင်ကြီးမှာ ပူဇော်ပသကြပေမယ့် ကွမ်းခြံတွေကတော့ ပြန် စိုက်လို့ကို မရတော့ပါဘူး။ ပန်းနဲ့ ရာသီပေါ် စားပင်သောက်ပင်တွေပဲ စိုက်ကြရတော့တယ်။ ဒါက ဖြစ်စဉ်တစ်ခုကို ပြောပြတာပါ။

အဲ့ဒီအချိန်မှာ ကျွန်တော့်အမေရဲ့ အဘိုး၊ အဘွားများဖြစ်တဲ့ ဦးရွှေနေနဲ့ ဒေါ်ညိမ်းလှဟာ ထန်းတပင်အရှေ့ပိုင်းဖြစ်တဲ့ ဓေယျာသီရိ လမ်း ဖြစ်လာမယ့် သစ်ပင်အုပ်တွေထဲမှာ တစ်ဧကအကျယ်ရှိတဲ့ မြေ ကွက်မှာ နေပါတယ်။ နှစ်ထပ်ပျဉ်ထောင်အိမ် နှစ်လုံးနဲ့ မရန်းပင်၊ သရက် ပင်တွေပါတဲ့ မြေကွက်ကြီးပါ။ ၁၉၂၀ မှာ ရန်ကုန်တက္ကသိုလ် စဖွင့်တာ ဆိုတော့ အဲဒီ မတိုင်ခင်မှာ အင်းလျားကန်ပေါင်ဖို့တာနဲ့ တက္ကသိုလ် ပရိဝုဏ်တည်ဆောက်တဲ့ အလုပ်တွေကို လုပ်ခဲ့ကြမှာပါ။ အဲဒီကာလမှာ လူတွေ အများကြီး တက္ကသိုလ်ဧရိယာမှာ ရောက်လာတော့ ရန်ကုန်တက္က သိုလ်ဧရိယာရဲ့ ခါးပိုင်းလောက်နေရာကျတဲ့ လမ်းငါးခွဆုံဟာ စည်ကား လာတော့တာပါပဲ။ ဈေးရောင်း ဈေးဝယ်တွေကလည်း ထန်းတပင်ထိပ် လမ်းဆုံလမ်းခွမှာ အခြေတည်ပြီး ရောင်းချကြမှာဖြစ်သလို သွားဖို့၊ လာဖို့ မြင်းလှည်းတွေ၊ နွားလှည်းတွေကလည်း အဲဒီနေရာမှာ ခရီးသည်နဲ့ ငှား ရမ်းမယ့်သူကို စောင့်ကြရမှာပဲ။ အနီးဆုံးဈေးဟာလည်း ကြည့်မြင်တိုင် ကမ်းနားဈေးပဲ ဖြစ်ပါလိမ့်မယ်။ အင်းစိန်တို့၊ ကြည့်မြင်တိုင်တို့က တိုက်

နယ်အဆင့်ဆိုတော့ ပိုဖွံ့ဖြိုးပါတယ်။ ဒါကြောင့် တက္ကသိုလ်ထဲ အလုပ်လာလုပ်တဲ့သူတွေဟာ ကြည့်မြင်တိုင်ဘက်ကိုပဲ အသွားများတာမို့ မြင်းလှည်းတွေ၊ နွားလှည်းတွေဟာ ကြည့်မြင်တိုင်သွားမယ့် လမ်းပေါ်မှာသာ ဂိတ်ထိုးကြလို့ ဒီဘက်ခြမ်းဟာ လှည်းတန်း ဖြစ်လာတာပါ။ အင်းစိန်ဘက်ကိုသာ အသွားများကြရင် ဦးထွန်းလင်းတို့၊ ဓေယျာသီရိတို့ဟာ လှည်းတန်းဖြစ်ပြီး ဒီနာမည်တွေလည်း ပေါ်ချင်မှ ပေါ်လာမှာပါ။ ဒါကတော့ ဘယ်သူ့မှ ပြောပြတာ မဟုတ်ပါဘူး။ ကျွန်တော် စဉ်းစားဆင်ခြင်မိတာပါ။

ကဲ...လှည်းတန်းကတော့ ဖြစ်သွားပြီ။ နာမည်တွင်သွားပြီ။ ကျွန်တော်တို့ ခြံထဲ ပြန်ဝင်လိုက်ကြရအောင်၊ ရန်ကုန်တက္ကသိုလ် ပေါ်လာပြီး ၁၉၃၀ ခုနှစ် မေလ ၅ ရက်မှာ မြန်မာပြည်မှာ တော်တော်ပြင်းထန်တဲ့ ပဲခူးပြတ်ရွေ့၊ ပဲခူးငလျင် လှုပ်ခဲ့ပါတယ်။ ပဲခူးမြို့ကြီး တော်တော်ပျက်စီးခဲ့ပါတယ်။ ငလျင်လှုပ်ပြီး တစ်နှစ်အတွင်းမှာပဲ ကျွန်တော့်အဘွားတွေရဲ့ တစ်ဧကရှိတဲ့ ထန်းတပင် အရှေ့ပိုင်းက ခြံကို လင်မယားနှစ်ယောက်က ဈေးကောင်းပေးပြီး လာဝယ်လို့ အဘွားတို့က ရောင်းလိုက်ပါတယ်။ အဘွားတို့က ဆင်ရေတွင်းလမ်းထိပ်က ကုလားအိမ်လေးကို ဝယ်လိုက်ပါတယ်။ နှစ်ထပ်တိုက်ခံအိမ်လေးပါ။ အခုတော့ ကန်ထရိုက်တိုက်ကြီးဖြစ်နေပါပြီ။ အဘွားတို့က အိမ်မပြောင်းခင်မှာ ဒီလင်မယားနဲ့အတူ ခြံထဲက ပျဉ်ထောင်အိမ်တစ်လုံးမှာ ခဏနေပါသေးတယ်။ အဲဒီမှာ မိန်းမလုပ်တဲ့ သူရဲ့ စည်းကမ်းမရှိတာတွေ၊ တန်ဖိုးနားမလည်တာတွေကို သိလိုက်ပါတယ်။ အိမ်နေရင်းလည်း ရွှေခြေချင်းတွေက ဝတ်ထားတာတို့၊ မရန်းသီးကို အလွယ်တကူ ရွှေခြေချင်းနဲ့ပစ်ပြီး ခူးတာတို့လို့ ပြောပါတယ်။ သိပ်မကြာပါဘူး။ အင်စပက်တော်တွေ ရောက်လာပြီး ဒီလင်မယားကို ဖမ်းသွားတော့တာပါပဲ။ အဖြစ်က ဒီလိုတဲ့။ ဒီလူဟာ ပဲခူးက

သူဌေးကြီး ဦးစိန်ဝင်းရဲ့ ကားဒရိုင်ဘာဖြစ်ပြီး ပဲခူးငလျင်လှုပ်တုန်းက ဦးစိန်ဝင်းရဲ့ အိမ်မှာ ကစဥ့်ကလျားဖြစ်တဲ့အချိန် သူဌေးအိမ်က စိန်ထုပ်ကို ခိုးယူထွက် ပြေးပြီး...ဒီမှာ နောက်မိန်းမနဲ့ ရှောင်ပုန်းနေတာတဲ့။ အမှု အခင်းတွေ ပြီးသွားတဲ့နောက် သူဌေးဦးစိန်ဝင်းက ဒီခြံကို ပဲခူးသားဖြစ်တဲ့ သူ့အမှုကို လိုက်ပါဆောင်ရွက်ပေးသူ တရားရုံးချုပ် (High Court) ဝတ်လုံကြီး ဦးတင်မောင်ကို ပေးခဲ့လို့ ဦးတင်မောင်နဲ့ ယောက္ခမ အမျိုး တစ်သိုက် ပြောင်းရွှေ့လာပြီး ဦးတင်မောင်က အိမ်တစ်လုံး၊ ယောက္ခမ မိသားစုတွေက အိမ်တစ်လုံး နေထိုင်ကြပါတယ်။ ဦးတင်မောင်က ဒီလမ်း ထဲကနေထွက်ထွက်လာပြီး ရုံးကို မနက် မနက်...သိကြားမင်းတံဆိပ် နောက်တော့ နံပါတ် ၈ လိုင်းဖြစ်တဲ့ ရန်ကုန်–အင်းစိန် ပြေးဆွဲတဲ့ လိုင်း ကားကို စီးပြီး ရုံးတက်ပါတယ်။ ဒါကြောင့် ကားသမားတွေက ဦးတင် မောင်လမ်းလို့ သမုတ်ရာကနေ ဦးတင်မောင်လမ်း ဖြစ်လာပါတယ်။ နောက်တော့ ဇေယျာသီရိလမ်း ဖြစ်သွားတာပေါ့။ ကားမှတ်တိုင်အနေနဲ့ ကတော့ 'မာမက်ဆိုင်' မှတ်တိုင်ပါ။ ကမာရွတ်ဂါတ်တဲနဲ့ ကပ်လျက်က ကွမ်းယာ၊ ဆေးလိပ်ဆိုင်လေးကို အစွဲပြုပြီး ခေါ်တာပါ။

ကျွန်တော် ကမာရွတ်၊ ထန်းတပင်သား ဖြစ်ဖို့အတွက် အမေက တော့ ကမာရွတ်သူ အနေနဲ့ ကမာရွတ်မှာ ရှိနေပြီပေါ့။ ကျွန်တော့်အဖေ ကို ခေါ်လိုက်ပါဦးမယ်။ ကျွန်တော့်အဖေက ရန်ကုန်သား၊ လမ်းမတော် ၁၄ လမ်းကပါ။ စိန်ဂျွန်းကျောင်းသားပါ။ Metric အရောက်မှာ အိမ် စီးပွားရေး အခြေအနေကြောင့် အလုပ်ဝင်လုပ်ရပါတယ်။ တရားရုံးချုပ် (High Court) မှာပါ။ ရှေ့ဖတ်စာရေးဘဝနဲ့ စခဲ့ရပါတယ်။ သူ့လုပ်ဖော် ကိုင်ဖက် ဆရာကတော့ ဝတ်လုံကြီး ဦးတင်မောင်ပဲ ဖြစ်ပါတယ်။ အဖေ တို့က ၁၄ လမ်းမှာ အိမ်ငှားနေတာပါ။ မိသားစုအနေနဲ့က အဖေတို့ ညီအစ်ကို နှစ်ယောက်၊ အစ်မဝမ်းကွဲတစ်ယောက်၊ အမေနဲ့ ဦးလေး

တစ်ယောက် စုစုပေါင်းအိမ်သား ငါးယောက်ပါ။ ကျွန်တော့်အဘိုး၊ အဖေ့အဖေက အဲ့ဒီအချိန်မှာ မရှိတော့ပါဘူး။ ဒီလိုနေရင်းနဲ့ ကျွန်တော့် အဖေရဲ့ အစ်ကိုနဲ့ ဦးလေးဟာ တီဘီရောဂါနဲ့ တစ်နှစ်တည်းမှာ နှစ် ယောက်လုံး ရှေ့ဆင့် နောက်ဆင့် ဆုံးခဲ့ကြပါတယ်။ ကျန်လူတွေမှာ လည်း တီဘီပိုးက ရှိနေပါပြီ။ ဒီမှာတင် အဖေ့ဆရာ ဦးတင်မောင်က မင်းတို့တော့ ဒီအခန်းကျဉ်းလေးထဲ ဆက်နေရင် မျိုးပြုတ်ကုန်လိမ့်မယ်။ ငါ့ခြံထဲမှာ လာနေဆိုပြီး ဖွတ်ခေါ်လာလို့ အဖေ့အမေ အမေကြီးဟာ မလိုက်ချင်လိုက်ချင်နဲ့ လိုက်လာရပါတယ်။ မြို့ပေါ်ကနေ တောကြီးမျက် မည်းထဲ ဘယ်လာချင်ပါ့မလဲ။ ဦးတင်မောင်က သူ့ခြံရဲ့ အရှေ့မြောက် ထောင့် ဧကတစ်မတ်ကို အရစ်ကျပေးနဲ့ နေစေခဲ့တာပါပဲ။ ပေ ၉၀ × ပေ ၁၀၀ ပါ။ အမှန်ကတော့ ပေ ၁၀၀ ပတ်လည်ပါ။ ဒါပေမဲ့ မြေတိုင်း မြေစာရင်း သဘောအရ ကျွန်တော်တို့က နောက်ခြံအတွက် လမ်း ၁၀ ပေ ပေးလိုက်ရလို့ မျက်နှာစာက ပေ ၉၀ ပဲ ရှိတာပါ။ ဧကတစ်မတ်ကို ငွေ ၇၀၀ိ နဲ့ အဖေ့ ရဲ့ ဆရာက ရောင်းပေးခဲ့တာပါ။ ကြုံလို့ ပြောရဦး မယ်။ ရှေ့ခြံက နောက်ခြံအတွက် လမ်းပေးရတာကတော့ ထုံးစံပါပဲ။ လမ်းက ရှေ့ခြံ နောက်ခြံ ဘုံသုံးပါပဲ။ ဒါပေမဲ့ နောက်ပိုင်းမှာတော့ ဒီလမ်းကို သူပိုင်တယ်၊ ငါပိုင်တယ် အငြင်းပွားကြရတာတွေ ဖြစ်ကြပါ တယ်။ အဖေက ခြံထဲမှာ ခြေတံရှည် သစ်သားအိမ်လေးတစ်လုံး ဆောက် ပြီး မိသားစုသုံးယောက် နေကြပါတယ်။ ခြေတံရှည်ဆိုပေမယ့် လူ တစ်ထိုင်လွတ်ပါ။ တလိုင်းအိမ်လေးပေါ့။ ရေ၊ မီးအစုံဖြစ်အောင်တော့ အိမ်ဘေးမှာ ရေတွင်းတစ်တွင်း တူးထားပါတယ်။ ရေကိုတော့ ဝါးပိုးဝါး မောင်းတက်နဲ့ ခပ်ရပါတယ်။ မီးအတွက်ကတော့ အေးအေးပါပဲ။ ရေနံဆီ သုံး အာလာဒင်မီးခွက်နဲ့ ဖန်မီးအိမ်လေးတွေပါပဲ။ အောက်လင်းမီးလည်း ရှိတယ်။ သူ့ကိုတော့ နေ့စဉ် မသုံးပါဘူး။ အရေးအကြောင်းရှိမှ သုံးပါ

တယ်။ ဒီလိုနဲ့ အဖေက သူ့အမေရယ်၊ သူ့ဝမ်းကွဲ အစ်မတစ်ယောက် ရယ်နဲ့ ကမာရွတ် ထန်းတပင်မှာ နေသားတကျ ရှိနေပါပြီ။ သူလည်း ထန်းတပင်သား ဖြစ်ပြီပေါ့။

ကဲ...အမေလည်း ထန်းတပင်သူ၊ အဖေလည်း ထန်းတပင်သား ဖြစ်ပြီ။ ကျွန်တော်လည်း ထန်းတပင်သား ဖြစ်ပြီပေါ့။ အဖေနဲ့ အမေ ဘယ်လိုတွေ့ကြတယ် ဆိုတာတော့ ကျွန်တော် မမေးလိုက်ရဘူး။ နောက်မှ သူတို့ဖူးစာကို ထပ်ရေးပါဦးမယ်။

***ကျန်းမာကြပါစေ...***

■

## နှလုံးသားတစ်မြွာ ဖြာခနဲ

▶ မောင်ဝဏ္ဏ

တော်တော်ရက်စက်တဲ့ မိန်းမ။ ကျွန်တော့် သူငယ်ချင်းရဲ့ နှလုံး သား ကို အစိတ်စိတ်အမြွာမြွာ ဖြစ်သွားအောင် လုပ်ခဲ့တဲ့ မိန်းမ။ ကျွန်တော် သူ့ကို မုန်းတယ်၊ သိပ်မုန်းပါတယ်။

(၁)

ကျွန်တော်တို့ တက္ကသိုလ်ကျောင်းတက်စဉ်တုန်းက သူဟာ အလှဆုံးထဲက တစ်ယောက်ပေါ့။

ကျွန်တော်လည်း သူ့သတင်းကြောင့် သူ့ကို လိုက်ကြည့်ခဲ့ရဖူးပါတယ်။

ကျွန်တော့် အမြင်မှာ သိပ်မလှပါဘူး၊ ဒါတောင် တော်တော်များများရဲ့ အမြင်တော့ လှသတဲ့၊ ချောသတဲ့။

ချောတယ် ဆိုတာကိုတော့ ကျွန်တော် ဝန်ခံချင်ပါတယ်။

ဟုတ်တယ်။ သူ့အသားဟာ ညက်ညက်ချောတယ်။ ထိမိဖူးလို့ ပြောတာပေါ့။

"ကျွန်တော်က အကြံသမားပဲ"

တက္ကသိုလ်မှာတုန်းက ကျွန်တော် သူငယ်ချင်းတွေကို အကြံပေးတယ်၊ တလွဲချည်းပဲ။ ကျွန်တော်ကိုယ်တိုင် ကြံတယ်၊ မအောင်မြင်ပါဘူး။

ကျွန်တော့်ဘာသာ တိုးတိုးတိတ်တိတ် ကျိတ်ကြံတာမျိုးပေါ့။

အဲဒါကလည်း သိပ်တော့ မကောင်းလှဘူး၊ မကောင်းပေမယ့် ကိုယ့်စိတ်ကို ဖြေသာရုံကလေးတွေ ထင်မြင်ပါသည်။

ဆိုပါတော့။ သူ၊ သူ့နာမည် ဆင့်ဆင့်တဲ့။ ဒါက လွှဲပြောထားတာ၊ ဆင့်ဆင့် ထားလိုက်ပါတော့။

ခပ်ဆင်ဆင်တော့ တူပါတယ်။

ဆင့်ဆင့် ချောတယ်၊ လှတယ်လို့ သတင်းကြီးနေလို့ ကျွန်တော် လိုက်ကြည့်ဖူးတယ်။

လိုက်ကြည့်တယ်ဆိုတာ လိုက်စကားပြောတာ မဟုတ်ပါဘူး၊ လိုက်ပြီး ကြည့်ရုံကြည့်တာပါ။

ရည်းစားစကားလည်း တစ်ခါမှ မပြောဖူးပါဘူး။

ဒါပေမဲ့ သူ့အသားကို ထိကြည့်ဖူးတယ်။

ဆန်းဆန်းပြားပြား မတွေးပါနဲ့။

သူကလည်း ကျွန်တော် သူ့အသားကို ထိဖူးတယ်ဆိုတာ သိချင်မှ သိမှာ။

မတော်တဆပါလေ လို့ ထင်ချင်ထင်မှာ၊ ဒါမှမဟုတ် သူက အပါးပဲ။ ကျွန်တော် သူ့ကို တမင်ထိတာလို့ သိချင်သိနေမှာပေါ့။

အတန်းတွေကို ပြောင်းပြောင်းတက်ရတယ် မဟုတ်လား။ သိပ်ဝေးဝေးကြီး ပြောင်းရတာတော့ မဟုတ်ပါဘူး။ တစ်ခန်းနဲ့ တစ်ခန်း မလှမ်းမကမ်းပေါ့။

ဥပမာ–အင်္ဂလိပ်စာဆို အေ ၁၀ မှာ တက်ရတယ် ဆိုပါတော့။ လောဂျစ်ကို အေ ၄ မှာ တက်ရတယ်။

တိတိကျကျတော့ မမှတ်မိတော့ဘူး၊ အဲသလို အခန်းတစ်ခန်းကနေ နောက်တစ်ခန်း ပြောင်းတက်ရတာကိုပဲ မှတ်မိပါတော့တယ်။

ကျွန်တော် ဘာလုပ်တယ် ထင်သလဲ။

အတန်းတစ်တန်းကနေ တစ်တန်းအကူးမှာ နေရာဦးသလိုလိုနဲ့ သူနဲ့ မထိ ထိမိအောင် ကြိုးစားတာပါပဲ။

ဘယ်ကျောင်းသားမှ အတန်းတစ်တန်းကနေ တစ်တန်းအကူးမှာ နေရာဦးလေ့ မရှိပါဘူး။

ကျွန်တော်နဲ့ ကျွန်တော့် သူငယ်ချင်း အကြံသမားနှစ်ယောက်ပဲ နေရာလိုက်ဦးတယ်။

မိန်းကလေးတွေက အတန်းအပြောင်းမှာ နေရာကောင်းရအောင် ဦးလေ့ ရှိကြပါတယ်။

ဒီတော့ အတန်းတစ်တန်း လွှတ်ပြီဟေ့ဆိုတာနဲ့ ရှေ့တန်းက မိန်းကလေးတွေဟာ ဝေါခနဲ ထပြီး ပြေးကြတယ်။

တချို့တလေပဲ ခပ်မှန်မှန် သွားတယ်။

ခပ်မှန်မှန် သွားတဲ့အထဲမှာ ဆင့်ဆင့်ပါတယ်။

ကျွန်တော်တို့က ပြေးတယ်၊ မိန်းကလေးအုပ်ကို အမီပေါ့။

'ငပေါတွေ' လို့ ဩဘာပေးတာကို ကျွန်တော်တို့ သဘောကျစွာ ခံယူလိုက်ပါသည်။

မိန်းကလေးအုပ်ရဲ့ နောက်နားမှာ ဆင့်ဆင့်တို့ သူငယ်ချင်း တစ်စု ရှိတယ်။

သူတို့အစုကြားထဲ ကျွန်တော် ဖြတ်တယ်။ မပြေးရုံတစ်မည်ပေါ့။

အဲဒီလိုသွားရင်း၊ ဖြတ်ရင်း မတော်တဆ ထိမိသလို ခိုက်မိသလို

နဲ့ ဆင့်ဆင့်ကို ကျွန်တော် ထိထိသွားခဲ့ပါတယ်။

'အကြံသမား' နှစ်ယောက်ဆိုတာ ကျွန်တော်နဲ့ စိုးအောင်ပါ။

စိုးအောင်ဟာ ဆရာဇော်ဇော်အောင်ရဲ့ ဇာတ်လိုက် စိုးအောင်လိုပဲ ရုပ်ဖြောင့်တယ်၊ သန့်စွမ်းတယ်၊ ဖျတ်လတ်တယ်၊ လျင်တယ်။

ဒါပေမဲ့ စိုးအောင်ဆိုတဲ့ ကောင်ဟာ ဆင့်ဆင့်အကွက်ထဲလည်း ဝင်မိရော ကယောင်ဖြစ်သွားရှာပါတယ်။

ဆင့်ဆင့် ခိုင်းသမျှ၊ ဆင့်ဆင့် ဆိုသမျှ၊ ဆင့်ဆင့် အမိန့်ပေးသမျှ–

အို–အားလုံး ဆင့်ဆင့်–

တစ်လောကလုံး ဆင့်ဆင့်။

တစ်ဆင့်တည်း ဆင့်ပြီး၊ တစ်ဆင့်ပြီး တစ်ဆင့်။

ငပေါကြီး ဖြစ်သွားရှာတယ်။

ကျွန်တော့် သူငယ်ချင်းကို ကျွန်တော် ဒီလောက်နှိမ်ပြောတာတော့ မကောင်းဘူးပေါ့။

ဒါပေမဲ့ မတတ်နိုင်ဘူး။ ကျွန်တော့်သူငယ်ချင်း စိုးအောင်ဟာ တဖြည်းဖြည်းနဲ့ ဆင့်ဆင့်ရဲ့ ခိုင်းဖတ် ဖြစ်သွားရှာတယ်။

ဆင့်ဆင့်က သူ့ကို ချစ်ပြီလား၊ သူနဲ့ ဆင့်ဆင့် ဖြစ်နေကြပြီလား မေးတော့ စိုးအောင် သက်ပြင်းပဲ ချနိုင်တယ်။

တိတိကျကျ မချစ်ကြသေးဘူး၊ ချစ်သလိုလို ဘာလိုလိုပဲတဲ့။

စဉ်းစားကြည့်ပါ။

ညနေဆို စိုးအောင်ဟာ ရေမိုးချိုး သပ်သပ်ရပ်ရပ် ဝတ်စားပြီး ဆင့်ဆင့်တို့အဆောင်ကို သွားတယ်။

ဒီကောင်က ချွေးထွက်များလေ့ ရှိတယ်။

ကျန်းမာရေး ကောင်းတယ်။ ချွေးထွက်များတော့ တစ်ခါတလေ သူ့ကိုယ်က ချွေးစော်တွေ နံနေတတ်တယ်၊ ချွေးသုတ်တဲ့ မျက်နှာသုတ်

ပဝါကလေးကို သူအမြဲ ဆောင်ထားရတယ်။

ညနေစောင်း အတန်းတွေပြီးတဲ့ အချိန်ကျရင် ဒီကောင် အဆောင်ကို တန်းပြေးတာပဲ။ ကျွန်တော်တို့နဲ့ လေပစ်တာတို့ ဘာတို့ မလုပ်တော့ဘူး။

အဆောင်မှာ ရေချိုးတယ်၊ ဆပ်ပြာကို နှစ်ခါပြန်လောက် တိုက်တယ်။ ရေချိုးပြီးတော့ ချိုင်းကြားတို့ ဘာတို့မှာ ပေါင်ဒါထည့်တယ်၊ ချွေးနံ့ကို အတန်အသင့် ထိန်းနိုင်တာပေါ့။

စွပ်ကျယ်အင်္ကျီမှာလည်း ပေါင်ဒါတွေ ဖြူးတယ်၊ ပြီးမှ သူ့အကောင်းဆုံး ဝတ်စုံ သုံးစုံလောက်ထဲက တစ်စုံဝတ်တယ်။ အဆောင်ထမင်းကို ကမန်းကတန်းစားပြီး၊ ဆင့်ဆင့်တို့ အဆောင်ကို ပြေးတော့တာပဲ။

ဒါတွေကို ကျွန်တော်က ဘာလို့ သိနေရသလဲဆိုတော့ အစပိုင်း ဆင့်ဆင့်နဲ့ ဒီကောင်နဲ့ ပြေလည်ခါစ ဆင့်ဆင့် အဆောင်ကို အလည်သွားတော့ ကျွန်တော်က သူ့အဖော်အဖြစ်နဲ့ လိုက်ဖူးလို့ပါ။

ကျွန်တော်ကတော့ ဒီကောင် ဆင့်ဆင့်အဆောင်ကို အလည်သွားမယ်ဆိုရင် မိန်းကလေးအဆောင်ထဲမှာ အူကြောင်ကြောင်မဖြစ်အောင် ဘေးက ထိုင်ပေးရတဲ့ ကောင်ပဲ။

ကျွန်တော့်မှာ ရင်ခုန်စရာ မရှိပါဘူး၊ ဆင့်ဆင့်တို့ အဆောင်မှာ ကျွန်တော် ကြိုက်တဲ့ မိန်းကလေး မရှိပါဘူး။

အဲ–ရှိတော့ ရှိပါတယ်။ ဒါပေမဲ့ ကျွန်တော် မစွံဘူး၊ သူ့အတွဲနဲ့ သူ ဖြစ်နေပါပြီ။

ဒီတော့ ကျွန်တော်က စိုးအောင်ရဲ့ အဖော်အဖြစ်နဲ့ ခဏလိုက်ပေးရတာပါ။ မိန်းကလေးဆောင်ရဲ့ ဧည့်ခန်းမှာ တစ်ယောက်တည်း ငေါင်စောင်းစောင်း ထိုင်စောင့်ရမယ့်အစား ကျွန်တော်က အဖော်အဖြစ် လိုက်

ထိုင်ပေးတာ၊ အဆောင်သူ တချို့ကိုလည်း ကျွန်တော် ကြည့်ခွင့်ရတာ ပေါ့။

အဆောင်ကို သွားလည်ခွင့်ရတာလည်း ကျွန်တော့် လုံ့လ ပါပါ တယ်။

တစ်နေ့ ကျောင်းစောစောဆင်းလို့ ဆင့်ဆင့်ဟာ အဆောင်ကို မပြန် သေးဘဲ ကမာရွတ် လှည်းတန်းထိပ် သွားပါတယ်။

ကျွန်တော်တို့နှစ်ယောက် ဆင့်ဆင့်တို့နောက် မယောင်မလည် လိုက် သွားကြပါတယ်။

လှည်းတန်းမှာ ဆင့်ဆင့်က ပလတ်စတစ်ပစ္စည်း နည်းနည်းပါးပါး ဝယ်တယ်။

ကျွန်တော်က ဆင့်ဆင့်ကို ခုမှ တွေ့သလိုလိုနဲ့ နှုတ်ဆက်တယ်။ ဆင့်ဆင့်ကတော့ မျက်နှာထား တည်ရာကနေ ပြုံးရုံပဲ ပြုံးပြပါတယ်။

"ဘာတွေ လာဝယ်တာတုံး" လို့ ကျွန်တော်က တရင်းတနှီး လေသံ နဲ့ မေးတယ်၊ ဆင့်ဆင့်က မဖြေချင် ဖြေချင်နဲ့။

"ပန်းကန်လေး ဘာလေးပါ" လို့ ဖြေတယ်။ သူ့လက်ထဲမှာ ပလတ် စတစ် ပန်းကန်သေးသေးလေးနှစ်ချပ် တွေ့ရတယ်။ ဇွန်းသေးလေးတွေ လည်း ဝယ်တယ်။ သူတို့ ဘယ်လိုအသုံးချမယ်ဆိုတာ ကျွန်တော် တွေး ကြည့်မနေတော့ပါဘူး။

"လှတယ်နော်" လို့ ကျွန်တော်က ပြောတော့ ဆင့်ဆင့် သူငယ်ချင်း က–

"ဘာလှတာလဲ" လို့ ခပ် စူးစူးမေးတယ်။

သူတို့စိတ်ထဲ ကျွန်တော်က ဆင့်ဆင့်ကို လာကြိုးစားနေတယ်လို့ ထင်သလား မသိဘူး။ ကျွန်တော် ဆင့်ဆင့်ကို သိပ်မကြိုက်လို့ ရင်တုန် ပန်းတုန် မဖြစ်ဘဲ စကားစနိုင်ခဲ့တာပေါ့။

"အားလုံး လှတာပဲ"

ကျွန်တော်က ရယ်ရွှန်းဖတ်ရွှန်း ပြန်ပြောတယ်။

စိုးအောင်က ကျွန်တော့်ကို လက်ကုတ်တယ်။

ဒီမှာတင် ဆင့်ဆင့်က စိုးအောင်ကို ဂရုစိုက်မိတယ် ထင်ပါရဲ့၊ စိုးအောင်ကို တစ်ချက်ကြည့်တယ်။

မဆိုးပါဘူး။ ဆင့်ဆင့်ဟာ စွဲမက်စရာကောင်းတဲ့ အကြည့်မျိုး ကြည့်တတ်တယ်။

စိုးအောင်က ခေါင်းကြီးငုံ့လိုက်တယ်။

သူတို့ သိသွားကြပြီ၊ စိုးအောင် ဆင့်ဆင့်ကို ကြိုးစားနေတယ် လို့။

ဆင့်ဆင့် မသိမသာ ပြုံးတယ်။

သူ့အပြုံးကလည်း ဆွဲဆောင်အား ရှိတာပါပဲ။

"ရှင်တို့က လောင်ချာတွေပဲ"

ဆင့်ဆင့်ရဲ့ အဖော်က ပြောတယ်၊ အဲဒီမိန်းကလေးက ကျွန်တော်တို့နဲ့ အတန်းချင်း မတူပါဘူး။ တခြားဘာသာတွဲယူတဲ့ မိန်းကလေး။

"ဟုတ်ပါတယ်၊ မှန်ပါတယ်၊ ကျွန်တော်တို့က လောင်လည်း လောင်တတ်တယ်၊ ချာလည်း ချာတယ်"

"အဲသလို ကိုယ့်ကိုယ်ကိုယ် နားလည်ရင် ပြီးတာပါပဲ"

အဖော် မိန်းကလေးက ဆင့်ဆင့်ကို လက်တို့ပြီး သွားကြဖို့ ဟန်ပြင်တယ်။

ကျွန်တော်က စိုးအောင်ကို ဆွဲပြီး သူတို့နောက်နား ကပ်လိုက်ခဲ့တယ်။

"အဆောင်ကို လာလည်ရမှာလားဟင်"

ကျွန်တော်ပဲ အရဲစွန့်ပြီး မေးလိုက်ရပါတယ်။

"မလည်ရပါဘူး"

အဖော်မိန်းကလေးပဲ ပြန်ပြောတယ်။

"အတင်းလာရင်ကော"

"ရိုက်ထုတ်မှာပေါ့"

"ဒါဖြင့် ပိုကောင်းတာပေါ့၊ ရိုက်ပြီးမှ သနားလာမှာ"

"ကိုဝဏ္ဏ၊ တစ်တန်းတည်းသားချင်း နှောင့်ယှက်ဖို့ မကောင်းပါဘူး၊ တကယ်ဆို သူများ နှောင့်ယှက်ရင်တောင် စောင့်ရှောက်ဖို့ ကောင်းတယ်"

ဆင့်ဆင့်က တည်ငြိမ်တဲ့လေသံနဲ့ ပြန်ပြောတယ်။

"အဲဒါပါပဲ၊ အဲဒါ လိုချင်နေတာ၊ ကျွန်တော့် သူငယ်ချင်းက စောင့်ရှောက်"

ကျွန်တော့်ကို စိုးအောင်က ပါးစပ်လှမ်းပိတ်တယ်။ ပြီးတော့–

"ကျွန်တော် တောင်းပန်ပါတယ်ဗျာ၊ ဒီကောင်ကတော့ မဆင့်တို့ သိတဲ့အတိုင်းပဲ"

စိုးအောင် အမှတ်တွေ ဝင်ယူလိုက်တယ်၊ သူပြောပုံက ကျွန်တော်ဟာ ဇရတ်တစ်ကောင်ဖြစ်ပြီး၊ သူကတော့ လူကောင်း သူကောင်းပုံစံမျိုး၊ ကျွန်တော် အောင့်အည်း နေလိုက်ရပါတယ်။ သူငယ်ချင်းအတွက် အနစ်နာ နည်းနည်းခံလိုက်ရုံပေါ့။ သိက္ခာသိပ်မကျပါဘူး၊ ကျစရာ သိက္ခာလည်း အများကြီးမှ မရှိတာ။

"ဟုတ်ပါတယ်၊ ကျွန်တော်က ခုန သူပြောတဲ့ လောင်ချာပဲလို့ ထားလိုက်ပါ။ ဒီကောင်က မဆင့်ဆင့်နဲ့ သူငယ်ချင်းဖြစ်ချင်တယ်။ တစ်တန်းတည်းသားချင်းပဲ၊ ဖြစ်လိုက်ပါဗျာ သူငယ်ချင်း"

ကျွန်တော် အဲဒီနေ့က ဘယ်လို အာရွှင်နေမှန်း မသိပါဘူး။

"ကျောင်းသူနဲ့ ကျောင်းသားတွေဟာ သူငယ်ချင်းတွေပဲပေါ့၊ ဒီလောက်သိရရင် ရှင်တို့ ပြန်လှည့်ဖို့ ကောင်းပါပြီ"

ဆင့်ဆင့်ဟာ အဲသလို စကားမျိုးတွေ တတ်ပါတယ်။ ပြောပြီးပြီး ချင်းပဲ သူတို့ ဆက်လျှောက်သွားကြပါတယ်။ သူ့အဖော်ကတော့ ကျွန်တော့်ကို မျက်စောင်းထိုးသွားပါလေရဲ့။

"မလှပါဘူး"

စိုးအောင် ကျွန်တော့်ကို အဲဒီနေ့က ဆီချက်ခေါက်ဆွဲကျွေးတယ်၊ လက်ဖက်ရည်တိုက်တယ်။

အဲဒီက အစလို့ ထင်ပါတယ်။

## (၂)

ဆင့်ဆင့်နဲ့ စိုးအောင်တို့ မျက်လုံးချင်း စကားတွေ ပြောကြတယ်နဲ့ တူပါရဲ့၊ သိပ်မကြာဘူး စိုးအောင်က ဆင့်ဆင့်တို့အဆောင်ကို အလည်သွားဖို့ ကျွန်တော့်ကို အဖော်ခေါ်တယ်။

ကျွန်တော်ကလည်း မျက်နှာပြောင်ပြောင်နဲ့ပဲ လိုက်သွားတယ်။ ဟုတ်တယ်လေ။ ကျွန်တော်က ဆင့်ဆင့်တို့ အဆောင်က မိန်းကလေး တစ်ယောက်နဲ့မှ မပတ်သက်ဘူး၊ ရင်ခုန်စရာလည်း မရှိဘူး။

စိုးအောင်ကတော့ လက်ဖျားခြေဖျားတွေတောင် အေးနေတယ်။ ဖြစ်မှာပေါ့လေ၊ သူ ချောက်ချားနေတာကိုး။

ပထမဆုံးနေ့က ဆင့်ဆင့် စိုးအောင်ကို ထွက်တွေ့ပါ့မလားလို့ စိုးရိမ်မိသေးတယ်။

ထွက်တွေ့ပါတယ်။ ကျွန်တော့်ကို မြင်တော့ ပြုံးတယ်၊ စိုးအောင် ကို ပြုံးပြတာ မဟုတ်ဘဲ ကျွန်တော့်ကို ပြုံးပြတာပါ။ သူပြုံးပုံကလည်း လူပြက်တစ်ယောက်ကို မြင်လို့ ပြုံးတာမျိုး။

"ကဗျာစာအုပ် လာရောင်းတာပါ"

ကျွန်တော်က အသင့်ပါလာတဲ့ ကဗျာစာအုပ်ကလေးကို ပြလိုက်

တယ်။

"ကိုဝဏ္ဏက ကဗျာတွေ ဘာတွေ ရေးလို့လား"

"ကျွန်တော်ရေးတာ မဟုတ်ဘူး အာသာရေးတာလေ၊ သိတယ် မဟုတ်လား၊ အတန်းထဲက 'အာသာမပြေ' လေ။ ဘယ်လောက်စားရ စားရ အာသာမပြေတဲ့ကောင်။ အင်္ဂလိပ်လို အာသာ။ မြန်မာလို 'အာသာ မပြေ'။ တရုတ်လို လောရှည်၊ ရှရှားလိုကျတော့ ဖွတ်ကျားစကီး"

ဆင့်ဆင့် မပွင့်တပွင့် ရယ်ပါတယ်။

ကျွန်တော် နေ့လယ်က အတန်းထဲမှာ တစ်ခါနောက်မိတာကို သူ သတိရသွားတယ်နဲ့ တူပါရဲ့။

ဆရာကလည်း ကျွန်တော်တို့ ငိုက်လာလို့ ပျော်စရာ စကားလေး တစ်ခွန်းပြောတာပါ။

ဆရာက–

"ဆောခရတ္တိရဲ့ အဖေ ဘယ်သူလဲ သိကြလား" လို့ မေးပါတယ်။

ကျွန်တော်က အမေရိကန် ရုပ်ရှင်ကားတွေထဲက အမေရိကန် ကျောင်းသားတွေ လက်ထောင်ပုံမျိုးနဲ့ လက်ကို ပြားလိုက်ကြီး ထောင် လိုက်ပါတယ်။

"ဟား၊ တယ်ဟုတ်ပါလား။ မင်းက ဆောခရတ္တိရဲ့ အဖေ ဘယ်သူ လဲ သိတယ်၊ ကဲ ပြောစမ်းပါဦး ဘယ်သူလဲ"

"ကာကူးဗန္ဓုလ ကျော်စိန်ပါ"

ကျွန်တော်တို့ အတန်းထဲက တရုတ်ကပြား သူငယ်ချင်းရဲ့ နာမည်ကို ပြောလိုက်ပါတယ်။

ကျော်စိန်က ပွစိပွစိနဲ့ ခပ်တိုးတိုး ဆဲပါတယ်၊ ကျောင်းသူကျောင်း သားများ ရယ်ပါတယ်။

"ကဲ–ကျော်စိန် ခင်ဗျားသားအကြောင်း ခင်ဗျားပဲ နည်းနည်းပြောပြ

စမ်းပါဗျာ"

ဆရာက ဆက်လှူပ်လိုက်ပါတယ်။

ကျော်စိန်က –

"ကျွန်တော်နဲ့ ဘာမှမဆိုင်ဘူး ဆရာ"

ကျွန်တော်က–

"မယားပါသား မယားပါသား" လို့ အော်ပါတယ်။

တစ်တန်းလုံး ရယ်ကြပါတယ်။

ဆရာက–

"ကဲ–တော်လောက်ပါပြီ၊ အိပ်ငိုက်လည်း ပြေလောက်ပါပြီ။ စာဆက်သင်ရအောင်"

အဲဒါကို သတိရလို့နဲ့ တူပါတယ်။ ဆင့်ဆင့်က ကျွန်တော့်ကို ပြောပါတယ်။

"ကိုအာသာရဲ့ အဖေကော ကိုဝဏ္ဏ သိလား"

"သိပ်သိတာပေါ့၊ ဗန္ဓုလ ကျော်စိန်ပဲ"

သူ မပွင့်တပွင့် ရယ်ပြန်ပါတယ်၊ အဲဒီအချိန်ထိ စိုးအောင်ကို စကားမပြောသေးပါဘူး၊ စိုးအောင်ကလည်း သွားကြီးဖြဲပြီး တဟီးဟီး ဖြစ်နေပါတယ်။

"ကဗျာစာအုပ် ဝယ်ရင် ပြန်မှာလား"

ချုံ့ခိုတိုက်ကွက်ကို ဆင့်ဆင့် ပိုင်ထားပုံ ရပါတယ်။

"ဟင့်အင်း စိုးအောင် ပြန်ခါနီးမှ ရောင်းခဲ့မှာပါ"

ကျွန်တော်ကလည်း လှျပ်တစ်ပြက် တန်ပြန်လိုက်ပါတယ်။

မျက်စောင်းကလေး ထိုးပါရဲ့၊ ကျွန်တော့်ကို လိုလိုနဲ့ စိုးအောင်ကိုပါ။

အဲဒီကတည်းက စိုးအောင် စပြီး ခံရတော့တာပါပဲ။

နောက်ရက်တွေမှာ ကျွန်တော် လိုက်မသွားရင် ကျွန်တော့်ကို မေးသတဲ့လေ။

"ကိုဝဏ္ဏကြီးက ရယ်ရတယ်"

အဲဒီတော့ ကျွန်တော်လည်း တစ်ခါတလေ လိုက်လိုက်သွားပါတယ်။

သူတို့နှစ်ယောက်အတွက် ကျွန်တော်က ဇာတ်ပို့ လူရွှင်တော်အဖြစ်ပေါ့။

နောက်တော့ စိုးအောင်ပဲ ညနေတိုင်း ရေချိုး ပေါင်ဒါလူးပြီး သွားလေ့ရှိပါတယ်။

စိုးအောင်ဟာ ဆင့်ဆင့်ခိုင်းသမျှလည်း အားလုံးလိုက်လျောပါတယ်။ ဆေးလိပ်မသောက်ရဘူးဆိုလို့ စိုးအောင် ဆေးလိပ်ဖြတ်ပါတယ်။

ကျွန်တော်တို့ကတောင် နောက်ပါသေးတယ်။

"မင့်ဟာကြီးက ဘတ်စ်ကားလား၊ ဘိုင်စကုပ်ရုံလား၊ တစ်ခုခုဖြစ်မှာပါကွာ၊ ဆေးလိပ်မသောက်ရဆိုတာ ဘတ်စ်ကားပေါ်နဲ့ ဘိုင်စကုပ်ရုံပဲ ကြားဖူးတယ်၊ ဘတ်စ်ကားတောင် ဂိတ်မှာရပ်နေတုန်း သောက်လို့ရသေးတယ်"

"အများပြည်သူနဲ့ ဆိုင်တဲ့နေရာတွေမှာ ဆေးလိပ်မသောက်ရဘူးတဲ့ကွ။ ဒါကြောင့် မင်း ဆင့်ဆင့်ဟာ အများပြည်သူနဲ့ဆိုင်တာ ဖြစ်ရမယ်"

သူငယ်ချင်းတွေက အဲသလို နောက်တာကို စိုးအောင် မခံနိုင်ပါဘူး။

"ခွေးကောင်တွေ ခွေးစကားပြောတယ်"

စိုးအောင် ရှူးရှူးရှားရှား ပြန်ပြောခဲ့ပါတယ်။

"အေးလေ၊ တို့ခွေးဖြစ်တာ အရေးမကြီးပါဘူး။ မင်းနွားမဖြစ်ဖို့

အရေးကြီးတယ်”

ကျွန်တော် အဲသလို ပြောခဲ့ဖူးပါရဲ့။

(၃)

တစ်နှစ်ကုန်လို့ တစ်နှစ်ကူးခဲ့ပါတယ်။ စိုးအောင်နဲ့ ဆင့်ဆင့်တို့ဟာ တတိယနှစ် ဝိဇ္ဇာတန်းမှာ စသိခဲ့ကြတာပါ။

ကျောင်းပိတ်ခါနီးတော့ ကျွန်တော်က စိုးအောင်ကို မေးတယ်။

“ဆင့်ဆင့်နဲ့ မင်းနဲ့ အတိအလင်း ဖြစ်သွားကြပြီလား”

စိုးအောင် ခေါင်းမညိတ် ခေါင်းမခါ ခပ်တွေတွေနဲ့ ညနေစောင်းနှင်းမှုန်ကလေးတွေကို ကြည့်နေပါတယ်။ ပြီးတော့ သက်ပြင်းချပါတယ်။ ဘာမှ ပြန်မပြောဘူး။

“မင်းဟာက မပြတ်မသားနဲ့ကွာ၊ မင်းသူ့ကို ပြောပြီးပြီ မဟုတ်လား”

“ပြောတာတော့ ပြောပြီးပါပြီ”

“သူက ဘာတဲ့လဲ”

“ဖြည်းဖြည်းပေါ့ တဲ့”

“မင်းတို့ဟာက ဇာတ်မျောကြီး ဖြစ်လိမ့်မယ် ထင်တယ်ကွာ”

စိုးအောင်က တွေဝေငေးမောသွားပါတယ်။ ပြီး...။

“သူ ငါ့ကို မချစ်တာတော့ မဟုတ်ဘူးကွ”

“ဒါပေမဲ့ ချစ်ပါတယ်လို့တော့ မပြောသေးဘူး ဆိုပါတော့”

“အင်း...”

အင်း–ရှည်ကြီးကို ညည်းလိုက်တယ်။

“ဘာတဲ့လဲ၊ သူ့မိဘတွေ သဘောတူထားတဲ့လူ ရှိလို့တဲ့လား”

“အဲသလိုလည်း မဟုတ်ဘူး”

"ဒါဖြင့် ဘာဖြစ်လို့တဲ့လဲ"

"သူ ငါ့ကို တစ်သက်လုံး ချစ်သွားနိုင်ပါ့မလားလို့ သူ့ကိုယ်သူ မသေချာသေးလို့တဲ့"

"ဒါ သက်သက် ကြိုးရှည်ရှည်နဲ့ လှန်တဲ့သဘောပဲ၊ မင်း ပြတ်ဖို့ လိုပြီထင်တယ် စိုးအောင်"

စိုးအောင် ခေါင်းခါတယ်၊ စိတ်ဓာတ်ကျနေတဲ့ ပုံမျိုး။

"ငါလည်း ဘာမှ မပြောတတ်တော့ပါဘူးကွာ၊ ငါ သူ့ကို ချစ်တာ တော့ သေချာပါတယ်"

"ဒီတစ်ခါ ကျောင်းမပိတ်ခင် သူ့ဆီက ပြတ်ပြတ်သားသား အဖြေ ရအောင် တောင်းကွာ၊ မရရင် မင်းက စပြီး ဖြတ်လိုက်တာပေါ့"

"ငါကတော့ သူ့ကို စပြီး မဖြတ်နိုင်ဘူးကွာ"

"ဒါဆိုလည်း နောက်တစ်နှစ်လောက် ဆက်ပြီး ခံလိုက်ဦးပေါ့"

"ဘယ်နှစ်ဖြစ်ဖြစ် ငါ စောင့်နိုင်ပါတယ်ကွာ"

"မင်း ချိုပေါက်လာပြီထင်တယ် စိုးအောင်၊ မြက်ပဲ စားတော့။ ကျောင်းဝင်းထဲမှာ မြက်တွေ အများကြီးပါကွာ"

ကျွန်တော်လည်း စိုးအောင်ကို အားမလို အားမရ ဖြစ်လာတာနဲ့ ပြောပစ်လိုက်တယ်။ သူ ကျွန်တော့်ကို စိတ်မဆိုးပါဘူး။

"နောက်နှစ်တော့ အဆင်ပြေတန်ကောင်းပါရဲ့ကွာ"

သူ့လေသံက ပျော့လွန်းတယ်။

ဆောင်းဦးရဲ့ ညချမ်းဟာ ကမန်းကတန်း ရောက်လာပါတယ်။

အဲဒီနှစ် ကျောင်းအပိတ်မှာ သူတို့ချင်း စာအဆက်အသွယ် ရှိခဲ့ ကြတယ်တဲ့၊ ဘာတွေ ရေးကြတယ်တော့ မသိဘူး။ ကျွန်တော့် စိတ် ထင်တော့ ဆင့်ဆင့်က ဝေ့လည်ကြောင်ပတ်တွေပဲ ရေးပေးမှာပါ။

ဟိုကောင် စိုးအောင် ငနွားကတော့ လွမ်းစာခွေတွေ ပါးမှာပေါ့။

## (၄)

နောက်တစ်နှစ်လည်း ဒီလိုပဲ အီးရောအီးရောနဲ့ ကုန်သွားပြန်ပါတယ်။

စိုးအောင်က ဆင့်ဆင့်ဆီ အမြဲသွားတယ်။

ကျောင်းအားချိန်မှာလည်း သူတို့ တတွဲတွဲပဲ။

အားလုံးကတော့ စိုးအောင်နဲ့ ဆင့်ဆင့် ဖြစ်နေကြပြီလို့ ထင်ထားကြတယ်။

ကျွန်တော်ကတော့ စိုးအောင်နဲ့ လက်ပွန်းတတီးနေတာမို့ ဆင့်ဆင့်ဆီက ပြတ်သားတဲ့ အဖြေမရသေးဘူးဆိုတာ သိနေတယ်။

ခက်တာက စိုးအောင်ကို နားချလို့ မရတာပဲ။

"ချစ်တယ်လည်း မဟုတ်၊ မချစ်ဘူးလည်း မဟုတ်နဲ့ မင်းတို့ကိစ္စ ငါတော့ စိတ်ကုန်တယ် စိုးအောင်၊ ငါ့ကို လာလာငိုမပြနဲ့တော့။ မင်းထိုက်နဲ့ မင်းကံပဲ"

"ငါ့မှာ ရင်ဖွင့်ပြောရမယ့်လူ မရှိဘူးကွာ။ မင်းတစ်ယောက်တည်းကိုပဲ ငါပြောတာပါ။ တခြားလူတွေ မေးရင် ပြောရင် ငါပြုံးနေလိုက်တယ်။ တချို့ ညတွေကျရင် ငါ ငိုမိတယ်ကွာ၊ မရှက်ပါဘူး။ သူ့ကို ငါ ဘာဖြစ်လို့ ဒီလောက် ချစ်မိရသလဲ မသိဘူး"

စိုးအောင်က ဆွေးဆွေးမြည့်မြည့် ပြောလာတော့ ကျွန်တော့် သူငယ်ချင်းအတွက် စိတ်မကောင်း ဖြစ်ရပြန်ပါရော။

တစ်ခါတလေကျ ဆင့်ဆင့်ကို ကျွန်တော် သွားတွေ့ပြီး စိုးအောင်ကို ချစ်သလား မချစ်ဘူးလား မြန်မြန်ပြောဗျာလို့ မေးလိုက်ချင်စိတ် ပေါက်လာတတ်ပါတယ်။ သူ့အတွက် အားမလို အားမရ ဖြစ်လွန်းလို့ပါ။

ဒါပေမဲ့ အဲသည်နှစ်လည်း ဒီလိုပဲ ကုန်သွားခဲ့ပြန်ပါတယ်။ နောက်

ဆုံးနှစ် စာမေးပွဲတွေ ဖြေပြီးတော့ စိုးအောင်ကို ကျွန်တော် ဖွတ် လွှတ်လိုက်တယ်။

"မင်း သွားတွေ့၊ ပြတ်သားတဲ့ အဖြေတောင်း၊ ဒါ နောက်ဆုံးအခွင့်အရေးပဲ။ ခုထိ မရေမရာဆိုရင်တော့ သူ့မျက်နှာ တည့်တည့်ကြည့်ပြီး ပက်ပက်စက်စက် ပြောပစ်ခဲ့။ ဒါ ဇာတ်သိမ်းခန်းပဲ။ နောက်နောင်လည်း ဒီကောင်မအတွက် တွေးမနေနဲ့တော့။ မင့် ကောင်မက တိုက်တစ်လုံး၊ ကားတစ်စီး တစ်လဝင်ငွေ ရှစ်ထောင်လောက်ကို မှန်းနေတာပဲ ဖြစ်ရမယ်"

အဆောင်ရှေ့ကိုရောက်တော့ စိုးအောင် တွေပြီး ရပ်နေသေးတယ်။ ကျွန်တော်က အတင်းတွန်းလွှတ်ရင်း–

"မင်း သွားမမေးရင် ငါသွားမေးမယ်"

ဆိုတော့မှ ဒီကောင် ဖြည်းဖြည်းလေးလေး အဆောင်ထဲ ဝင်သွားတယ်။ အဆောင်ရှေ့ ကုံကော်ပင်အောက်မှာ ကျွန်တော် ထိုင်စောင့်နေတယ်။

ညနေစောင်း ညှိပြန်ချိန်ကျမှ စိုးအောင် ပြန်ထွက်လာတယ်။ ဆင့်ဆင့်က အဆောင်ဝထိ လိုက်ပို့တယ်။ ကျွန်တော့်ကိုလည်း ပြုံးပြနှုတ်ဆက်ပါတယ်။ ကျွန်တော် မျက်နှာကြောတွေ တင်းနေမှာပါ။ သူ့ကို ကျွန်တော် သရော်တဲ့အပြုံးမျိုး ပြုံးပြမိခဲ့သလား မသိဘူး။

လမ်းမှာ စိုးအောင်ကို မေးတော့–

"သူ ငါ့ကို ချစ်ဖို့ ကြိုးစားပါတယ်တဲ့၊ စာရေးလိုက်မယ်တဲ့"

"အဲဒီစာ ဝါးလုံးခေါင်းထဲ ဝင်သွားမှာပဲ။ အလကားကောင်မပါကွာ၊ မင်းကို ခိုင်းဖို့ သက်သက်တွဲတာပါ၊ တက္ကသိုလ်မှာနေတဲ့ အချိန်အတွင်း အစေခံတစ်ယောက်ကို အခမဲ့ ငှားသလိုပေါ့။ အဲဒီ အစေခံက နှုတ်ခမ်းနီတို့၊ အဝတ်အစားတို့၊ စာအုပ်တို့တောင် ပြန်ပေးရသေးတယ် မဟုတ်

လား"

"ဒီလိုတော့ မပြောပါနဲ့ ဝဏ္ဏရာ။ သူ ငါ့ကို ဘာတစ်ခုမှ မပူဆာဖူးပါဘူး"

"မင်းက အလိုက်တသိ ဝယ်ခြမ်းပေးခဲ့တယ်ပေါ့"

"ငါ့မေတ္တာ ငါ့စေတနာနဲ့ပါ"

"အရူး၊ အပေါ၊ မင်း နွားထက် အောက်တန်းကျတယ်"

"ပြောချင်ရာပြောတော့ သူငယ်ချင်း၊ ငါ ဟုန်နေပြီ"

အဲဒီတုန်းက မိုးတွေ သည်းကြီးမည်းကြီး ရွာခဲ့တာကို မှတ်မိနေပါတယ်။

## (၅)

ကျောင်းက ထွက်ပြီးတဲ့နောက် ကိုယ့်နည်းကိုယ့်ဟန်နဲ့ လှုပ်ရှားနေကြရတဲ့အတွက် အဆက်အသွယ်တွေ တဖြည်းဖြည်း ဝေးသွားကြပါတယ်။

စိုးအောင်က ကုန်သွယ်ရေးဌာနမှာ ဝင်လုပ်တယ်။ ပထမ နေ့စား၊ နောက် လခစား၊ နောက် ဌာနတွင်း စာမေးပွဲတွေဖြေရင်း အရာရှိပေါက်စအဖြစ်နဲ့ နယ်တွေ လျှောက်သွားရသတဲ့။

ဆင့်ဆင့်ကတော့ စာရင်းကိုင် ဒီပလိုမာတစ်ခု ဆက်တက်သတဲ့။ နောက် အစိုးရအလုပ်ဝင်တယ်တဲ့၊ ဘယ်ရောက်သွားသလဲဆိုတာ မသိရပါဘူး။

သူတို့ချင်း အဆက်အသွယ် ရှိ မရှိလည်း မသိရတော့ဘူး။

လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က သူငယ်ချင်းတစ်ယောက်က အကြောင်းကြားလို့ စိုးအောင် လက်ထပ်တော့မယ်ဆိုတာ သိရတယ်။

မှော်ဘီမှာတဲ့၊ မှော်ဘီက မိန်းကလေးတစ်ယောက်နဲ့ပဲတဲ့။

ဒါဆို ဒီကောင် ဆင့်ဆင့်ရဲ့ စက်ကွင်းက လွတ်သွားပြီပေါ့လို့ ကျွန်တော် ထင်ခဲ့တယ်။ ဆင့်ဆင့် သတင်းတော့ ဘာမှ မကြားရပါဘူး။

သူငယ်ချင်းတွေ ချိန်းစုပြီး မော်ဘီက စိုးအောင်ရဲ့ မင်္ဂလာဆောင် ကို သွားကြတယ်။ ကျွန်တော်တို့ တစ်ည ကြိုရောက်တယ်။

အဲဒီညမှာ လူပျိုညဆိုပြီး သောက်ကြတယ်၊ ကျွန်တော်တို့ကတော့ ဆင့်ဆင့်အကြောင်း စကားမစကြေးဆိုပြီး တိုင်ပင်ထားကြတယ်။ ဒါပေမဲ့ စိုးအောင် နည်းနည်း မူးလာတဲ့အချိန်မှာ သူကိုယ်တိုင်ပဲ ဆင့်ဆင့်နဲ့ ပတ်သက်ပြီး ပြောပြတယ်။

ကျောင်းကထွက်ပြီး သူစာ အဆက်အသွယ် လုပ်ပါတယ်တဲ့။ ဆင့်ဆင့်ကလည်း စာပြန်ပါသတဲ့။ တစ်နှစ်လောက်ကြာတော့ 'မေ့လိုက်ပါတော့' ဆိုတဲ့ စာလာသတဲ့။ ဒါနဲ့ သူလည်း နယ်စွန်နယ်ဖျားတွေမှာ သွားအမှုထမ်းနေလိုက်သတဲ့။ ခုတော့ မော်ဘီမှာ တာဝန်ပြန်ကျတယ်။ ဒီက မိန်းကလေးတစ်ယောက်နဲ့ ရည်ငံတယ်၊ ယူကြတယ်။ ဒါပေမဲ့ သူ ဆင့်ဆင့်ကို မမေ့နိုင်သေးဘူး၊ တစ်သက်လုံး သတိရနေမယ်လို့ ပြောတယ်။

တစ်ယောက်တစ်ပေါက်နဲ့ သူ့ကို ဆဲကြဆိုကြတယ်။ တချို့ သူငယ်ချင်းကလည်း ရွှေပြည်အေးတရား ဟောတယ်။ စိုးအောင်ကတော့ ပြောသမျှ ငုံ့ခံပြီး သူ ဆင့်ဆင့်ကို မမုန်းပါ၊ မမေ့ပါလို့ပဲ ပြောနေတယ်။ သားနဲ့ မယားနဲ့ ကြာလာလျှင်တော့ ဒါတွေ ပြီးသွားမှာပါလို့ ကျွန်တော် ထင်မိတယ်။

(၆)

လွန်ခဲ့တဲ့ နှစ်ပတ်လောက်က ကျွန်တော် မမျှော်လင့်ဘဲ ဆင့်ဆင့် ကို ပြန်တွေ့ရတယ်။

ကိစ္စတစ်ခုရှိလို့ ရုံးတစ်ရုံးကို သွားရင်းနဲ့ပါ။ ရုံးထုံးစံအတိုင်း အဆင့်ဆင့် တင်ပြရပါတယ်။

ရုံးအုပ်စာရေးကြီးက ကျွန်တော့်ကို သိနေလို့ သက်ဆိုင်ရာ အရာရှိနဲ့ ကိုယ်တိုင် ဝင်တွေ့လိုက်ပါဆိုလို့ အဲဒီ သက်ဆိုင်ရာ အရာရှိရုံးခန်းကို သွားရပါတယ်။

တံခါးကို ဖွင့်အဝင်မှာပဲ ဆင့်ဆင့်ကို အရာရှိစားပွဲမှာ တွေ့လိုက်ရတယ်။ သူ ကျွန်တော့်ကို တွေ့တွေ့ချင်း မှတ်မိပါတယ်။

"ဟင် ဘယ်က ဘယ်လို မျက်စိလည်ပြီး ရောက်လာတာလဲ ကိုဝဏ္ဏ"

ကျွန်တော် သိပ်မအံ့ဩလှပေမယ့် ရုတ်တရက် ကြောင်ပြီး ကြည့်နေမိပါတယ်။

"ထိုင်လေ..."

ကျွန်တော် သူ့ရှေ့မှာ ဝင်ထိုင်လိုက်ပါတယ်။

ကျွန်တော့်ကိစ္စကို မေးပါတယ်။ ပြီးတော့ သူ တတ်နိုင်သလောက် ကူညီပေးပါတယ်။ ကျွန်တော့် ကိစ္စအတွက် လိုအပ်တဲ့ စာရွက်စာတမ်း စသည်ဖြင့်တွေကို သူ့တပည့် စာရေးမလေးခေါ်ပြီး လုပ်ခိုင်းလိုက်ပါတယ်။ ပြီးတော့ –

"မတွေ့တာ ကြာလှပြီနော်၊ ငယ်သူငယ်ချင်းတွေ ပြန်တွေ့ရတာ ဝမ်းသာပါတယ်၊ အချိန်ရတယ် မဟုတ်လား"

"ရပါတယ်"

"လက်ဖက်ရည် သောက်နော်၊ ကျကျပဲလား"

"ဟုတ်ကဲ့"

လက်ဖက်ရည် မှာခိုင်းလိုက်ပါတယ်။

"ကျောင်းတုန်းက သူငယ်ချင်းတွေ ပြန်တွေ့သေးလား"

"စုံစုံစေ့စေ့ တွေ့တာတော့ စိုးအောင် မင်္ဂလာဆောင်တုန်းကပါ။ နောက်တော့ တစ်ခါတလေမှ တစ်ယောက်စ၊ နှစ်ယောက်စ တွေ့တော့တယ်"

သူ့ကို ကျွန်တော် ခပ်ထေ့ထေ့ ပြောမိပါတယ်။ စိုးအောင်ရဲ့ နှလုံးသားကို အစိမ်းလိုက်ခွဲခဲ့တဲ့ မိန်းမ မဟုတ်လား။ နည်းနည်းတော့ ငေါ့ချင်သေးတယ်။

"ဩော်..."

သူ့မျက်နှာ ညှိုးရိပ်တွေ သန်းသွားပါတယ်။ နည်းနည်းတော့ ထိသွားမှာပေါ့။

"ကျွန်မလည်း ကြိုပြီး မသိရလို့ အဲဒီ မင်္ဂလာပွဲကို မတက်ဖြစ်ခဲ့ဘူး။ သူလက်ထပ်မယ့်ရက်ကို သိခဲ့ရရင် ကျွန်မ ရောက်အောင်သွားပါတယ်၊ မော်ဘီမှာဆို"

"မဆင့်ဆင့်သွားလို့ ဘာထူးမှာလဲဗျာ။ ပိုလို့ ဆိုးလာစရာသာ ရှိတော့မပေါ့"

"ဒါက သူ့ဘက်ကပဲ ကိုဝဏ္ဏရယ်၊ ကျွန်မကတော့ ဒီလောက် သွေးမနည်းပါဘူး။ သူ့မင်္ဂလာပွဲကို ကျွန်မ ကြည်ကြည်ဖြူဖြူ တည်တည်ငြိမ်ငြိမ် တက်ချင်ပါတယ်"

ကျွန်တော် ဒေါသဖြစ်သွားတယ်၊ သူကပဲ တစ်ပြန်ကြီး–

"အဲသလိုများ သွားဖြစ်ခဲ့ရင် မင်္ဂလာပွဲ ပျက်နိုင်တာပေါ့"

"ဘာဖြစ်လို့လဲ ကိုဝဏ္ဏ၊ သူ့ကို ကျွန်မ ခွင့်လွှတ်ပြီး သွားမှာပါ"

"ဗျာ၊ မဆင့်ကပဲ သူ့ကို ခွင့်လွှတ်ဦးမယ် ဟုတ်လား"

"အင်းလေ သူ့ကို ကျွန်မ ခွင့်လွှတ်ပါတယ်။ ခုချိန်ထိလည်း ကံကံ၏ အကြောင်းအကျိုးတရားလို့ပဲ သဘောထားပါတယ်။ သူ့ကို ကျွန်မ မနာကြည်းတော့ပါဘူး"

"ဘယ်လို"

"သူ ကျွန်မကို စွန့်ခွာသွားပေမယ့် ကျွန်မ သူ့ကို မနာကြည်းဘူးလို့ ပြောတာပါ"

"ဟင်..."

ကျွန်တော့် ဦးနှောက် ချာချာလည်သွားပါတယ်။

"ကျွန်တော် မရှင်းဘူး မဆင့်၊ သူက မဆင့်ကို စွန့်ခွာသွားတာလား၊ မဆင့်က သူ့ကို စွန့်ပစ်ခဲ့တာလား"

"ကိုဝဏ္ဏ ဘာမှ မသိဘူးလား"

"တစ်ခုပဲ သိတယ်။ မဆင့်က သူ့ဆီကို မေ့လိုက်ပါတော့လို့ စာရေးလိုက်တယ်ဆို"

"သူက အဲသလိုပဲ ပြောသလား"

"အင်း..."

"ဩော်..."

ဆင့်ဆင့် မျက်နှာမှာ မဲ့ပြုံးကလေး ပေါ်လာပါတယ်။ ခဏကြာ ငြိမ်သက်နေတယ်။

ကျွန်တော် တစ်ခုကို သဘောပေါက်မိတယ်။

"နေပါဦး၊ မဆင့်က သူ့ကို အဲသလိုစာမျိုး မရေးခဲ့ဘူးလား"

"ပြီးသွားပါပြီ ကိုဝဏ္ဏ ပြီးခဲ့ပါပြီ၊ သူပြောတာကိုသာ ယုံလိုက်ပါတော့"

"ဒီ့ မဟုတ်ဘူးလား"

"ဒီအချိန်ရောက်မှတော့ ပြန်ရှင်းပြမနေချင်တော့ပါဘူး"

"မဟုတ်သေးဘူး မဆင့်၊ ဒီကိစ္စသာ ပြန်ပြင်လို့ မရတော့ပေမယ့် ကျွန်တော့် သံသယကိုတော့ ဖျောက်ပေးပါ၊ ကျွန်တော် မဆင့်ကို အချိန်ပြည့် မုန်းခဲ့မိတာပါ"

"ဆက်ပြီး မှန်းနေလိုက်ပါတော့ ကိုဝဏ္ဏရယ်"

သူ့မျက်နှာဟာ အသိဉာဏ်တစ်ခုကို ပွင့်လင်းစွာ ရလိုက်သလို ပြောင်းသွားပါတယ်။ ကျွန်တော် နည်းနည်း ရှင်းစပြုပါပြီ။

"မဆင့်က သူ့ကို စဖြတ်တာ မဟုတ်ဘဲ သူက မဆင့်ကို..."

"သူ့ကို ကျွန်မ သိက္ခာမချပါရစေနဲ့တော့၊ သူ့အခြေအနေလည်း သိပ်မကောင်းရှာပါဘူး။ အလုပ်က ထွက်လိုက်ရတယ်။ မှော်ဘီမှာ ဈေးရောင်းနေသတဲ့။ ကျွန်မ စာနာတတ်ပါတယ်။ သူ့သတင်းကိုတော့ ကျွန်မ နားစွင့်နေဆဲပါ။ ခုတော့ ကျွန်မ သူ့ကို သံယောဇဉ်ဖြတ်လို့ ရပါပြီ။ သူ့စကားလုံးကို ကျွန်မ စကားဖြစ်အောင် ပြောခဲ့တာပဲ။ ဒါကြောင့် ရှင်တို့တစ်တွေ အားလုံးက ကျွန်မကို လမ်းမှာတွေ့ရင်တောင် စကား သိပ်မပြောချင်ကြတာကိုး"

"ကျွန်တော့်ကို တစ်ခုခု ပြောပြပါလားဗျာ။ စကားတစ်ခွန်းလောက်နဲ့ ကျွန်တော့် သံသယတွေ ရှင်းသွားနိုင်ပါတယ်"

"အေးလေ သူ့ကို ကိုဝဏ္ဏတို့ မမုန်းဘဲ ခွင့်လွှတ်နိုင်မယ်ဆိုရင်တော့ ပြောပြပါ့မယ်။ မေ့လိုက်ပါတော့ဆိုတဲ့စာကို ကျွန်မက သူ့ဆီရေးတာ မဟုတ်ပါဘူး။ သူက ကျွန်မဆီ ရေးလိုက်တာပါ။ အဲဒီစာလေးကို ကျွန်မ ခုထိ သိမ်းထားပါတယ်။ ကိုဝဏ္ဏ ဖတ်ချင်ရင် နက်ဖြန် လာခဲ့ဦးပေါ့။ ဒါက သက်သေအဖြစ် ပြနိုင်တဲ့ စာမို့လို့ပါ။ သူ့ကိုတော့ ခွင့်လွှတ်လိုက်ကြပါရှင်"

"ဒါဖြင့် မဆင့်က မေ့လိုက်ပါတော့ဆိုတဲ့ စာပေးခဲ့တာ မဟုတ်ဘူးပေါ့"

သူ မဲ့ပြုံး ပြုံးရင်း ပြန်ပြောပါတယ်။

"အဲဒီနေ့က သူ့ဆီကို ကျွန်မ စာထည့်မယ်လုပ်တုန်း၊ သူ့ဆီက စာရောက်လာပါတယ်။ ကျွန်မ ရေးထားတဲ့စာက သူ့ကို တစ်သက်လုံး

ချစ်ဖို့ ဆုံးဖြတ်ပြီးပြီ ဆိုတဲ့စာပါ။ ကျွန်မ ဆုံးဖြတ်ချက်အတိုင်း ခုနအထိ ကျွန်မ သူ့ကို..."

အသံ တိမ်ဝင်သွားသည်။

"ခုတော့ ပြီးသွားပါပြီလေ၊ ပြီးပါပြီ"

စံကားပွင့်၊ ဒီဇင်ဘာ၊ ၁၉၈၇။

■

## ပြက္ခဒိန်ဟောင်းများဆီ ခရီးသွားခြင်း

▸ ရာသက်ပန်(တောင်ငူဆောင်)

နာရီလက်တံများသည် မာရသွန်အပြေးသမားများလို အပြေးမြန်လွန်းလှသည်။ မရပ်မနား မမောမပန်းတရစပ်ဆိုသလိုဟိုး...အဝေးဆီ သို့ ခပ်သွက်သွက် ခရီးနှင်နေသည်။ အလွတ်ရနေသော ကဗျာစာသားအချို့က နှလုံးသားထဲမှာ သံစဉ်ညှိနေသည် ။

ဆရာသိုက်ထွန်းသက်၏ ကဗျာ...။

**နာရီသည် ခြေလှမ်းသွက်**
**တုံ့နှေးတွေဝေ အိပ်မမက်**
**နာရီကို ငါတို့ ရှက်**...တဲ့။

နာရီကို ကိုယ် ရှက်မိပါသည်။ သို့ဖြစ်၍ အိပ်မက်မမက်ဘဲ နေနိုင်အောင် နေကြည့်ပါသည်။ အိပ်မက်ဆိုသည်ကား ဆန်းကြယ်လှသည်။ ကိုယ်က အိပ်မက်ဆီ မသွားလျှင် အိပ်မက်က ကိုယ့်ဆီလာတတ်သည်။ သည်အခါမှာ အိပ်မက်ကို အတင်းမောင်းမထုတ်ချင်တော့ဘဲ ကျေကျေနပ်နပ် မက်ပစ်လိုက်မိတော့သည်။ ပြက္ခဒိန်ပေါင်း ၂၇ စောင်ကို ကျော်လွန်ဖြတ်သန်းခဲ့သည်မှာ မကြာသေးသော ကာလတစ်ခုဟုသာ တွေးထင်

မိနေသည်။ တကယ့်လက်တွေ့တွင်မူ ကိုယ့်ကိုယ်ကိုယ် မှန်ထဲသိပ်မကြည့်လိုတော့။ မှန်သည် ကိုယ်နှင့် အလှမ်းကွာဝေးခဲ့ပြီ။ ငယ်ငယ်ကတော့ စာကြည့်စားပွဲပေါ်မှာပင် မှန်ထောင်ပြီး ကိုယ့်ရုပ်ကိုယ် တစိမ့်စိမ့်ကြည့်ခဲ့ဖူးသည်။ မှန်ကြိုက်သူဟု ဆိုကြပါစို့...။ သူငယ်ချင်းတစ်ယောက်က–

"နင်ဟာလေ...လမ်းဘေးမှာရပ်ထားတဲ့ ကားမှန်ကိုလည်း ကြည့်တယ်...ရေအိုင်ထဲမှာ ပေါ်နေတဲ့ ပုံကိုတောင် နင်ကြည့်တယ်...နင့်အရိပ်ကိုတောင် နင်က ကြည့်နေတဲ့သူ..."

ဟု ဆိုဖူးသည်။

ကိုယ် ပြုံးပြုံးကြီးလုပ်၍ ထောက်ခံနေလိုက်သည်။ ခုချိန်မှာတော့ ခုတင်ခြေရင်းဘက် နံရံကပ်ဗီရိုပုလေးပေါ်မှာ ထောင်ထားသော အသက် ၂၀ အရွယ် မိန်းကလေး၏ အဖြူအမည်းဓာတ်ပုံတစ်ပုံကို ကိုယ် ညအိပ်ရာဝင်တိုင်း ကြည့်ဖြစ်သည်။ အဲသည်မိန်းကလေးက အခု ကိုယ့်ရုပ်နှင့် တော်တော်လေး ကွဲပြားခြားနားသွားချေပြီ။ နဖူးပေါ်မှာ တိတိလေးကျနေသည့် ဆံပင်တွေက အုပ်ခဲပြီး နက်မှောင်သန်စွမ်းလှသည်။ မျက်ဝန်းတွေက တောက်ပနေသည်။ နှုတ်ခမ်းနှစ်လွှာက ပိပိရိရိလေး။ ကိုယ့်ရုပ်ကိုကိုယ် သိပ်လှသည်၊ သိပ်ချစ်စရာကောင်းသည်ဟု မချီးမွမ်းလိုပါ။ သို့သော် ထိုဓာတ်ပုံလေးတွင် ငယ်ဂုဏ်ကို ရှာဖွေတွေ့ရှိသည်။ ထိုပုံနှင့် ယှဉ်လျက်ရှိနေသော ဓာတ်ပုံတစ်ပုံ ရှိသေးသည်။ ပင်ညိုအင်္ကျီ ရင်ဖုံးနှင့် ဆံပင်ကို စုစည်းထားသဖြင့် မျက်နှာလေးရှင်းနေသော၊ သွားများ စီစီရီရီပေါ်ကာ ရယ်မောနေသော မိန်းမတစ်ယောက်ပုံ၊ အသက်က ၃၀ အရွယ် ဖြစ်သည်။

ခုတင်ပေါ်တွင် ပက်လက်လှန်အိပ်သည့်အခါတိုင်း ငေးမောကြည့်မိသည်။ ဓာတ်ပုံနှစ်ပုံကို ယှဉ်ကြည့်မိသည်။ လူတစ်ယောက်တည်း၏

မတူညီသော မျက်နှာနှစ်ခု။ တစ်ပုံနှင့်တစ်ပုံက ၁၀ နှစ်ကျော်ကွာသည်။ နေ့တိုင်း တစ်နေ့တစ်ခါ မှန်ကြည့်နေတော့ ကိုယ့်ရုပ်က သိသိသာသာ ဘာမျှ မပြောင်းလဲသလိုပင်။ ဓာတ်ပုံထဲမှာတော့ အပြောင်းလဲကြီး ပြောင်းလဲလျက်ရှိသည်ကို မြင်နေရသည်။ အစုလက်ရှိ ၄၀ ကျော် ဓာတ်ပုံလေးကိုပါ ယှဉ်တွဲထောင်ထားဖို့ အသိတစ်ယောက်က အကြံပေးသည်။ ကိုယ် ချက်ချင်းပဲ ခေါင်းခါမိသည်။ ဟင့်အင်း...၂၀ အရွယ်နှင့် ၃၀ အရွယ် ဓာတ်ပုံ ၂ ပုံ၏ဘေးတွင် ထောင်ထားသော ပုံတစ်ပုံ ကျန်ပါသေးသည်။ ဓာတ်ပုံတော့ ဓာတ်ပုံပါပဲ။ လူပုံတော့ မဟုတ်ပါ။ ပန်းချီကားပုံဖြစ်သည်။ ဗန်ဂိုး၏ ကမ္ဘာကျော်ခဲ့သော 'နေကြာပန်း' ပန်းချီကားပုံဖြစ်သည်။ ပန်းချီကားက လက်ရာမြောက်လှသည်။ ပန်းစိုက်အိုးထဲမှာ နေကြာပန်းအရွယ်အစား အမျိုးမျိုး၏ ပုံတွေကို ယှဉ်ပြထားသလို ဖြစ်နေသည်။ အသက် ၂၀ အရွယ်က ပွင့်ဖတ်တွေအပြည့်နှင့် နုနဲ့လှပနေသည့် နေကြာပန်းကလေးနှင့် တူလှသည်။ ထိုနေကြာပန်းကလေးမျိုး ဗန်ဂိုး၏ ပန်းချီကားထဲတွင် ရှိသည်။ ၃၀ အရွယ်၊ ၄၀ အရွယ်နှင့် နှိုင်းရလောက်အောင် နေကြာပန်းတွေလည်း ပန်းချီကားထဲတွင် ရှိနေသည်။ ပွင့်ဖတ်တွေ တစ်ချပ်မှ မရှိတော့သော နေကြာစေ့များ စုစည်းနေသည့် အမည်းရောင်လွှမ်းနေသော ဝိုင်းဝိုင်းကြီးကလည်း တစ်ချိန်က လှပသော နေကြာပန်းကလေးတစ်ပွင့်ဆိုတာ သေချာပါသည်။ ထိုပုံကိုလည်း ပန်းချီကားထဲတွင် တွေ့နေရသည်။ နေဒဏ်၊ လေဒဏ်၊ လောကဓံတွေကို ရင်ဆိုင်ဖြတ်သန်းလာခဲ့ရသည့် ရင့်ကျက်တည်ကြည်သောအလှကို ထိုမည်းမည်းဝိုင်းဝိုင်းကြီးဆီမှာ ရှာဖွေတွေ့ရှိသည်။ သူ့ဆီမှာ အဝါရောင်နှင့်တူသော အရာ မည်သည့်နေရာတွင်မှ ရှာမတွေ့တော့။ နုပျိုခြင်းသည် ဤနယ်ကိုယ်ရောင်ဖျောက်တတ်သတဲ့လား။

*

အသုံးမဝင်တော့သော ပြက္ခဒိန်တွေကို အချိန်ရလျှင်ရသလို တစ်စောင်ပြီးတစ်စောင် ကိုယ် လှန်လှောကြည့်ချင်မိသည်။ ထိုပြက္ခဒိန်များထဲတွင် ကိုယ်မကြည့်ချင်သော ရက်စွဲများလည်း ရှိသည်။ ခပ်မြန်မြန်လှန်လှော၍ ကျော်ပစ်လိုက်သည်။ သို့သော်လည်း ထိုရက်စွဲများထဲမှ အရိပ်တို့သည် နှလုံးသားထဲတွင် စူးနစ်ဝင်ရောက်လျက် စွဲထင်နေသေးသည်။ မတွေးချင်သော်လည်း မြင်ယောင်လျက်သား ရှိနေသည်။ မုန်းတီးနာကြည်းခဲ့သော နာမည်အချို့ကို အိပ်မက်ထဲတွင်ပင် မမေ့မလျော့ရှိနေသေးသည်။ ဖြစ်ချင်တိုင်းမဖြစ်သည့် လောကကြီးပေပ။ ထိုသဘောတရားတွေကို ပြက္ခဒိန်ဟောင်းထဲမှာလည်း ရှာဖွေတွေ့ရှိနိုင်သည်။ ပျော်စရာ၊ မောစရာ၊ ရင်ခုန်စရာတွေ ပျက်ပြယ်ခဲ့ပြီဆိုသော်လည်း စဉ်းစားမိတိုင်း ပျော်မောရင်ခုန်မှုတို့ ဖြစ်တည်လာတတ်သေးသည်။

သည်တစ်ခါတော့ ကိုယ် ခဏခဏ ပြန်မမက်ဖြစ်သော အိပ်မက်တို့အကြောင်း ခဏလေး မက်ပြချင်သည်။ ထိုသူတို့သည် ကိုယ့်ကို ဒုက္ခပေးခဲ့သူများမဟုတ်ဘဲ ကိုယ်ကသာ သူတို့ကို ဒုက္ခပေးခဲ့ခြင်းဖြစ်သည်။ သူတို့သည် ကိုယ်၏ ပယ်မဲများဖြစ်ခဲ့ကြသည်။ ကိုယ့်နောက်တကောက်ကောက်လိုက်ခြင်း၊ ကိုယ့်အတန်းဘေး ကော်ရစ်တာမှာရပ်ပြီး စာသင်နေသော ကိုယ့်ကို လာကြည့်ခြင်း၊ ကိုယ်အဆောင်ပြန်လျှင်ဘေးနားမှလိုက်ပြီး စကားတွေ တတွတ်တွတ် ပြောခြင်း အမှုတို့ကို ကျူးလွန်ခဲ့သူများ ဖြစ်ပါ၏။ ကိုယ် အလွန်စိတ်ရှုပ်ခဲ့သည်။ ကိုယ်ပျော်သော ကျောင်းသို့အလာ သူတို့မျက်နှာ မြင်လိုက်ရလျှင် ကိုယ့်အတွက် အလွန်ကျက်သရေ တုံးသွားတတ်သည်။ ကိုယ်က တောင်ငူဆောင်ခြံဝင်းရှေ့လမ်းမှ အဓိပတိလမ်းမဘက် ကူးကာ အဓိပတိလမ်းအတိုင်းဆက်လျှောက်သည်။ စစ်ကိုင်းလမ်း (တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်နှင့် အင်းဝဆောင်ရှေ့လမ်း) ရောက်လျှင် ကွေ့ပြီး အင်းလျားလမ်းကို

ကျော်ဖြတ်ကာ ကိုယ်နေသည့် 'သဇင်ဆောင်' ဆီ ပြန်နေကျဖြစ်သည်။

တစ်နေ့မှာ သူသည် တောင်ငူဆောင်ခြံဝင်းရှေ့ အုတ်ခုံတွင် စောင့်နေသည်။ ထိုအုတ်ခုံလေးနောက်မှ အုတ်တိုင်မှာလည်း သမိုင်းဝင်သော ရက်စွဲများရှိသည်။ စက်မှုတက္ကသိုလ်တွင် ဖုန်းမော် ကျဆုံးပြီးနောက် စာကပ်ခြင်းခံရသော အုတ်တိုင်ဖြစ်သည်။ 'သူငယ်ချင်းတို့ရေ...ငါတို့ စက်မှုကျောင်းသားတွေရဲ့ သွေးကတော့ မြေခခဲ့ပြီကွာ...' ဆိုသော စာသားကို တစ်ခါတည်း ဖတ်မိရုံနှင့် ရင်ထဲမှာ မှတ်မိနေဆဲဖြစ်သည်။ ၁၉၈၈၊ မတ်လ။ နလုံးသွေးတွေ ပွက်ပွက်ဆူသော ကာလဆိုတာ မှတ်မိရသည်။ ထိုအချိန်မတိုင်ခင် နှစ်လလောက်အလိုမှာ သူ ကိုယ့်နောက် လိုက်လာခြင်းဖြစ်သည်။ ၇၅ ကျပ်တန်၊ ၃၅ ကျပ်တန်၊ ၂၅ ကျပ်တန်၊ ၁၅ ကျပ်တန်တို့ကို သိမ်းခါနီး အချိန်ကာလဖြစ်သည်။

ကိုယ်ပြန်သည့်လမ်းအတိုင်း ကိုယ့်ဘေးမှ သူပါလာသည်။ သူ့ပုံက ပိန်ကိုင်းကိုင်း၊ နဂိုကောက်ဖြစ်ဟန်တူသော ဆံပင်တွေက အနည်းငယ်ရှည်နေသဖြင့် ပွရောင်းရောင်း ဖြစ်နေသည်။ စကားသံမှာလည်း နူးညံ့သည်။ ရိုင်းစိုင်းသော အပြုအမူလည်း မရှိ။ စကားသံ တိုးတိုးသက်သာနှင့် ကိုယ့်အကြောင်းတွေကို မေးနေသည်။ "ရည်းစားရှိသလား" တဲ့။ ပြီးတော့ သူ့အကြောင်းတွေ ပြောသည်။ ဗဟန်းမှာနေတာ၊ ကားဝပ်ရှော့ လုပ်တာ၊ တတိယနှစ် ရူပဗေဒကျောင်းသားဖြစ်တာ။ ကိုယ်ဘယ်လောက် ရိုင်းသလဲဆိုရင် သူ့ကို စကားတစ်ခွန်းမှ ပြန်မပြောမိတာ မှတ်မိနေသည်။ လွယ်အိတ်ကြိုးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး သူနှင့်ဝေးအောင် လမ်းတစ်ဖက်စွန်းသို့ တိုးကပ်လျှောက်နေမိသည်။ အင်းဝဆောင်ရှေ့ ရောက်တော့ မိုးက သဲသဲမဲမဲ ရွာချသည်။ ကိုယ် ထီးဖွင့်ဆောင်းသည်။ သူ့မှာ ထီးမပါပေ။ ဖျတ်ခနဲ လှည့်ကြည့်မိသည်။ သူ့မျက်နှာပေါ်မှာ မိုးရေစက်တွေ စီးကျနေသည်။ သူ့ပါးစပ်ထဲကို မိုးရေတွေ ဝင်ကုန်၍

ထွေးထုတ်နေတာကို မြင်သည်။ သူကလည်း ဖွဲမလျှော့သောလူမျိုးဖြစ်ဟန်တူသည်။ အဆောင်ခြံဝင်းရှေ့အထိ လိုက်လာသည်။ တစ်ကိုယ်လုံးမိုးရေတွေ တုတ်တုတ်ရွဲပြီး သူ ပြန်လှည့်သွားတာကိုတော့ ကိုယ် ခပ်ကြာကြာလေး လှည့်ကြည့်ဖြစ်သည်။

ထီးဆောင်းပေးလိုက်ရမလား။ သူများတွေက အတွဲလို့ထင်သွားရင် ဘယ့်နှယ်လုပ်မလဲ ဟူသော ဒွိဟစိတ်ဖြစ်ခဲ့ရသည်။ သနားသလိုလိုတော့ ဖြစ်မိသား။ သို့သော် ဤကား အချစ်မဟုတ်။ ကိုယ်သိသည်။ သူသည် နောက်ပိုင်းတွင် အဆောင်လမ်းထိပ်မှ စောင့်တော့သည်။ 'ကျောင်းသွားကျောင်းပြန် အချိန်မှန်အမြဲ စောင့်လို့ကြည့်သည်' ဟူသော သီချင်းစာသားအတိုင်းပင်။ ကိုယ် အ,လိုက်တာ။ ကိုယ်က သူ့ကို ကိုယ့်အဆောင် ခေါ်ပြလိုက်သလို ဖြစ်သွားတာကိုး။

နောက်ထပ် ပြက္ခဒိန်ဟောင်းတစ်ခု၏ ရက်စွဲများတွင် ကုန်ထုတ်ဓာတုဗေဒကျောင်းသားတစ်ယောက်၏ နာမည်ရှိနေသည်။ သူ့နာမည်မှာ 'မိုး' ပါသည်။ သူနှင့် စတွေ့သည့်နေရာက တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှာဖြစ်သည်။ အဆောင်အခန်းကျဉ်းလေးထဲ စာကျက်ရသည်မှာ အိပ်ရာကို မြင်နေရသဖြင့် အိပ်ချင်စိတ်က ပို၍ အလေးသာသွားတတ်သောကြောင့် စာကြည့်တိုက်ထဲမှ စာကြည့်ခုံများမှာ စာကြည့်ရန် လာခဲ့ခြင်းဖြစ်သည်။ စာကြည့်တိုက်မှ စာကြည့်ခုံများက မျက်နှာမူရာ ရှေ့တည့်တည့်နှင့် ဘေးတစ်ဖက်တစ်ချက်စီတွင် ကာရံထားသောကြောင့် သူတစ်ပါး ကိုယ့်ကို မမြင်နိုင်ပေ။ မှောက်အိပ်နေရင်လည်း ရသည်။ ထိုတွက်ကိန်းနှင့် သွားမိခြင်းပါ။ ဟိုရောက်တော့ ကိုယ်လိုလူတွေ အများကြီး။ ထိုအထဲတွင် 'သူ' ပါသည်။ လူပုံက ပိန်ပိန်ရှည်ရှည် ခပ်ချောချောပင်။ သို့သော် ကြီးကျယ်သည်။ လူကို အင်္ဂလိပ်လို စကားလာ

ပြောသည်။ 'ဘိုရူး'...။ ကိုယ့်စိတ်ထဲမှာ ကင်ပွန်းတပ်လိုက်မိသည်။ ကိုယ် စာကောင်းကောင်းမကျက်ရ။ နှင်ထုတ်ရသည်။ ထိုအချိန်က ရိုးမ ရိပ်သာထဲက အပြင်ဆောင်တစ်ခုမှာ ကိုယ်နေသည်။ အဆောင်နာမည် က 'စိုးယုခိုင်'။ တတိယနှစ် ဂုဏ်ထူးတန်းတွင် ၁၉၈၈ အရေးအခင်း ကြီး ဖြစ်သွားသောကြောင့် ကျောင်း သုံးနှစ်ပိတ်ပြီး ၁၉၉၁ ကျမှ တတိယ နှစ် ဂုဏ်ထူးတန်းစာမေးပွဲကို ဆက်ဖြေရသည်။ ထိုစာမေးပွဲအတွက် စာကျက်နေခြင်းဖြစ်သည်။

သူက သိပ္ပံကျောင်းသားဖြစ်၍ လက်တွေ့နှင့် အတွက်အချက်များ သိခဲ့မည်။ ကိုယ်က ဝိဇ္ဇာကျောင်းသူဖြစ်၍ ကျက်မှတ်ရမည့် စာတွေရှိ သည်။ ကိုယ့်သူငယ်ချင်း ထွေးက စာကြည့်တိုက်မှာ စာသွားကျက် သဖြင့် 'ကိုယ်ရံတော်' တစ်ယောက်ရသည်ဟု ခနဲ့သည်။ သူငယ်ချင်း တွေကို ဖောက်သည်ချသည်။ ကိုယ့်မှာ ရယ်ကျဲကျဲလုပ်နေလိုက်ရသည်။

သူက အနုပညာ ဝါသနာပါပုံရသည်။ ရှေးဟောင်းရုပ်ရှင်ကားတွေ အကြောင်းလည်း ပြောသည်။ ကိုယ့်ကိုလည်း မေးသည်။ သူမေးသမျှ ကိုယ် တစ်ခုမျှမသိ။ စာမေးပွဲဖြေပြီးသောအခါ ကိုယ်က နေ့လယ်ပိုင်း ၁ နာရီမှ ၄ နာရီအထိ ဖြေရမည်။ သူဖြေရမည့် အချိန်မှာလည်း ကိုယ် တို့နှင့်အတူတူပဲ ဖြစ်သည်။ သူက စာမေးပွဲကို အချိန်စေ့အောင်မဖြေဘဲ စောထွက်လာပုံရသည်။ လေးနာရီမထိုးခင် ကိုယ်ဖြေသည့် မန္တလေး ဆောင်အောက်ထပ် ကော်ရစ်တာကို ရောက်လာသည်။ ကိုယ့်ကို မြင် နိုင်သည့် ပြတင်းပေါက်ဘေးတွင် လူရိပ်ပြတော့သည်။ သူက သိပ္ပံ ဆောင်တွေဘက်မှာ ဖြေရသူဖြစ်သည်။

ကိုယ်တို့ မြန်မာစာမေဂျာတွေက မေးခွန်းရပြီးကတည်းက မနား တမ်း ရေးပါမှ ၄ နာရီထိုးလျှင် ပြီးသည်။ အပုဒ်စေ့ဖြေနိုင်လျှင် အချိန် နှင့် ကွက်တိဖြစ်မည်။ တစ်ပုဒ်ကို နာရီဝက်သာ အချိန်ရသည်။ အချိန်

စေ့၍ ပြီးအောင် ရပ်လိုက်ရခြင်းသာဖြစ်သည်။ ကိုယ့်အတွေးအခေါ် အယူအဆတွေကို အချိန်ရရင် ရသလောက် ရေးနိုင်သည်။ ရေးရလွန်းသဖြင့် လက်ခလယ်ထိပ်မှာ အသားမာဘုသီးပင်ထွက်သည်။ သူက ကိုယ်စာမေးပွဲဖြေနေသည်ကိုပင် ငေးစိုက်ကြည့်နေသေးသည်။ ကိုယ် ကြောက်ရသည့် သူငယ်ချင်းကလည်း အခန်းထဲက ထွက်လာပြီ။ သူငယ်ချင်း နှစ်ယောက်သား အိမ်သာသွားမည်ဟုဆိုကာ သူ့ကို မလိမ့်တပတ်လုပ်၍ ထွက်ပြေးလာခဲ့သည်။ သူကတော့ မျှော်နေမှာ သေချာသည်။ ကိုယ်တို့ ဘယ်လောက်ဆိုးလိုက်သလဲ။

ခုချိန်မှာ စဉ်းစားကြည့်တော့ ကိုယ့်ကိုယ်ကိုယ် အမြင်ကတ်မိသည်။ မုန်းတီးစက်ဆုပ်မိသည်။ သူက ကိုယ့်ကို အပြစ်မတင်ရှာပေ။ နောက်နေ့မှာလည်း မန္တလေးဆောင်သို့ ရောက်လာပြန်သည်။ သည်တစ်ခါတော့ အိမ်သာသွားမည်ဟု အကြောင်းပြ၍ မဖြစ်တော့။ သူ ကိုယ်တို့သူငယ်ချင်းနှစ်ယောက်နောက်သို့ လိုက်လာသည်။ ကိုယ့်သူငယ်ချင်းကိုလည်း ပြုံးပြ၍ မျက်နှာချိုသွေးနေသည်။ သူငယ်ချင်းက မပြတ်သားသည့် ကိုယ့်ကို ဒေါသထွက်နေသည်။ "ကြိုက်လျှင် လိုက်သွား" ဟု အော်သည်။ သူက သူငယ်ချင်းကို ပြန်လွှတ်လိုက်ပြီး ကိုယ့်ကို သူ့နောက်လိုက်စေချင်သည်။ သူငယ်ချင်းက –

"ကျွန်မဘာသာ ကျွန်မပြန်မှာ...သူက ကျွန်မနောက် လိုက်လာတာ" ဟုဆိုကာ သူ့ကို မျက်စောင်းထိုးသည်။

ထိုစဉ်က သူငယ်ချင်းတွေ ငြိုငြင်မည်ကို ကိုယ် မလိုလားခဲ့ပေ။ သူငယ်ချင်းတစ်အုပ်ကြီးနှင့် ဟေးလားဝါးလားလုပ်ကာ လွတ်လပ်ပျော်ပါးနေရလျှင် ကိုယ်ကျေနပ်သည်။ ရည်းစားထားပြီး နှစ်ယောက်တည်း သွားရမှာက ပျော်စရာမကောင်းဟုထင်သည်။ ကိုယ်တို့၏ ပညာရေးလမ်းကြောင်းမှာ ကျွန်းတွေခံနေသလား မသိပေ။ မဟာဝိဇ္ဇာတန်း

စတက်ရမည့်နေ့မှာပင် ဒေါ်အောင်ဆန်းစုကြည် ငြိမ်းချမ်းရေး နိုဘယ်ဆု ရသည့်အတွက် ကျောင်းသားများက ခွပ်ဒေါင်းအလံများကိုင်ကာ စုဝေး စုရုံးကြသည်။ ထုံးစံအတိုင်း အစိုးရက ကျောင်းသားများ လှုပ်ရှားမှု တစ်ခုလုပ်တိုင်း ကျောင်းများကို ပိတ်ပစ်ခြင်းဖြင့် ဖြေရှင်းသည်။ အကန့် အသတ်မရှိ ကျောင်းတွေ ပိတ်လိုက်သဖြင့် ကိုယ်တို့ ကွဲကွာသွားကြရ ပြန်သည်။

ကျောင်းများဆက်ဖွင့်လျှင် ဖွဲ့ကောင်းသော သူနှင့်ကိုယ် ငြိသွားနိုင် သည်ဟု သူငယ်ချင်းတွေက သုံးသပ်ကြသည်။ တွေ့ဆုံကြုံကွဲဆိုတာ ဓမ္မတာ ဖြစ်ရိုးဖြစ်စဉ်ပဲလေ။ ၃ လလောက် ကျောင်းပိတ်ပြီး ကျောင်းပြန် ဖွင့်သည့်နေ့မှာ သူ ရောက်လာသေးသည်။ သူ့သံယောဇဉ်က မသေး ဟု ခံစားမိသော်လည်း ကျောင်းစာတွေကများ၊ မိသားစုမှာ လူလား မမြောက်သေးသော မောင်၊ ညီမငယ်လေးများက ရှိသေးသောကြောင့် ကိုယ် ရည်းစားမထားဖြစ်။

အချစ်ဆိုတာ ဘာလဲ ကိုယ်မသိ။ ဖွဲ့ကောင်းသူကို ချစ်ရသလား...၊ ကိုယ် ဝေခွဲမရ။ သူငယ်ချင်းတစ်ယောက်ကတော့ ဖူးစာဆိုတာ ‘ဦးရာ’ ဟု ဆိုသည်။ ကိုယ်တို့ ဖူးစာမပါတာလည်း ဖြစ်နိုင်သည်။ သူကလည်း ကျောင်းပြီးသွားပြီဖြစ်၍ ကျောင်းသို့ နေ့စဉ်မလာနိုင်။ အစကတည်းက ရည်မှန်းချက်ကြီးသူမို့ သူ့ရည်မှန်းချက်ကို အကောင်အထည်ဖော်နေ တာလည်း ဖြစ်နိုင်သည်။ မှန်းစရာကောင်းပြီး ကိုယ့်ဘက်ကိုသာကြည့် သော ကိုယ့်ကို နာကြည်းသွားတာလည်း ဖြစ်နိုင်သည်။ ခုချိန်မှာ ပြန် စဉ်းစားကြည့်မိတော့ ကိုယ်ဟာ တော်တော်စိတ်ပျက်စရာကောင်းခဲ့မှန်း သုံးသပ်မိသည်။ လူကောင်းလူတော်များနှင့် မတန်တာလည်း ဖြစ်နိုင် သည်။

မဟာဝိဇ္ဇာကျမ်းပြုနေသည့်နှစ်တွေမှာ ကိုယ်နှင့်သူ မြို့ထဲမှာ ပြန်ဆုံ

သည်။ သူ ကိုယ့်ကို လိုက်ခေါ်သည်။ သူက ကိုယ့်နာမည်ကို 'ညို' ဟု တစ်လုံးတည်း အဖျားဆွတ်ခေါ်တတ်သည်။ သူက ချည့်လမ်းညွှန် 'မစ္စတာမိုး' ဖြစ်နေချေပြီ။ ကိုယ့်ကို သူ့လိပ်စာကတ်ပေးသည်။ သူ့ရုံးခန်းလိပ်စာပါသည်။ ကိုယ် ယူလာခဲ့သည်။ မဆက်သွယ်ဖြစ်။ ဖုန်းကလေးတစ်ချက်မျှပင် မဆက်ဖြစ်။ ကိုယ်သိမ်းထားသည်။ သိမ်းရင်းသိမ်းရင်း ပျောက်သွားသည်။ ကိုယ့်ပစ္စည်းတို့ ပျောက်ရသွားရခြင်းမှာ အသိမ်းလွန်၍ဖြစ်သည်။ သူ့လိပ်စာကတ်ကလေးကို ဘယ်မှာသိမ်းထားမှန်း လုံးဝမသိတော့။ များပြားလှသော ဘဝပေးအလုပ်တာဝန် ဝတ္တရားများကြားမှာ ရုန်းကန်လှုပ်ရှားရင်း ကိုယ် အသက်တွေကြီးခဲ့ရပြီ။ ခုချိန်မှာ ပြန်တွေ့ကြရင်လည်း သူရော ကိုယ်ရော မှတ်မိနိုင်ကြလိမ့်မည် မဟုတ်ပေ။

ကိုယ် မဟာဝိဇ္ဇာ နောက်ဆုံးနှစ် ရေးဖြေစာမေးပွဲ မဖြေခင်မှာ လူကြီးတစ်ယောက်က ကိုယ့်ကို မေတ္တာရှိကြောင်း စာရေးသည်။ ကိုယ့်အသိတစ်ယောက်ကတစ်ဆင့် ပေးသည်။ သူက ကိုယ့်ထက် အသက် ၁၀ နှစ်လောက် ကြီးသည်။ သူက လူကို ပန်းလေးတစ်ပွင့်လို အရိပ်တကြည့်ကြည့်နှင့်နေသည်။ လိုအပ်တာ ဖြည့်ဆည်းပေးသည်။

စာမေးပွဲဖြေမည့် ကိုယ့်အတွက် အဝေးတစ်နေရာမှ ဘောလ်ပင်များပို့ပေးသည်။ သူ ရန်ကုန်ရောက်နေလျှင် စာကျက်နေသည့်ကိုယ့်အတွက် စားဖို့မုန့်တွေ ဝယ်လာပြီး ကိုယ်တိုင်လာပို့သည်။ ကိုယ့်မောင်လေး၊ ညီမလေးများကို ကိုယ်နှင့်အတူတွဲ၍ သူပါ တာဝန်ယူချင်သည်ဟု ဆိုသည်။ ကိုယ် ဘာလိုသလဲ၊ မရရအောင် စီမံပေးသည်။ စာအုပ်လိုလျှင်လည်း ရအောင်ရှာပေးသည်။ ကိုယ်က အခွင့်အရေးပေးတိုင်း ယူတတ်သူမဟုတ်တော့ ခက်သည်။ သံသရာကြွေးတင်မည်ကို ကိုယ်

အကြောက်ဆုံး။ ကိုယ်မချစ်သူကို ညာမစားချင်။ ကိုယ်က ထွက်ပြေးမည့် ဝါဒကို ကျင့်သုံးသည်၊ သူတို့နှင့်ဝေးရာ ပြေးသည်။ မပေးနိုင်သော အရာအတွက် မျှော်လင့်ချက်မပေးချင်ပါ။ သူက မိန်းမတစ်ယောက်ကို လက်ထပ်လိုက်သည်။ သို့သော်လည်း ကိုယ်က လိုအပ်လျှင် ကူညီဖို့ သူ အသင့်ရှိကြောင်း သိသည်။ ရံဖန်ရံခါ ဖုန်းဆက်သည်။ ကိုယ်က တော့ တစ်ခါမှ စ,မဆက်ပေ။ ကိုယ် အေးအေးနေချင်သည်။ သူတို့တွေ ကိုယ့်အပေါ် မည်သည့်မကောင်းမှုမျှ မကျူးလွန်ခဲ့ကြ။ လူ့ဘဝကြီးမှာ လိုချင်တိုင်း မရတတ်ကြသည့်သဘောကို ပြက္ခဒိန်ဟောင်းအချို့၏ ရက်စွဲများက သက်သေထူခဲ့ပေပြီ။

ကိုယ်လိုချင်ခဲ့သည့် အရာတစ်ခုကလည်း ကိုယ့်အတွက် ဝေးနေဆဲပါ။ သူတို့လို ကိုယ်လည်း ခံစားဖူးပါသည်။ ပေးနေသူထံမှ မယူလို၊ ခေါင်းခါငြင်းသည်။ လိုချင်၍ တောင်းသူကလည်း ကိုယ့်ကို မမြင်ဘဲ ဖြစ်နေသည်။ သူ့ကို မျှော်လင့်ရင်း ကိုယ့်နေ့ရက်တွေ ကုန်ဆုံးခဲ့ပြီ။ သူဟာ ဘယ်သူလဲ...၊ ဘယ်ကလဲ...၊ ဘာလုပ်လဲ ကိုယ် မပြောချင်တော့။ ခဏခဏ တွေးရဖန်များသဖြင့် သူ့အကြောင်း မစဉ်းစားချင်တော့ပေ။ သူ့ကို ကိုယ်မေ့ချင်သည်။ သူ နေရာတစ်ခုမှာ ရှိနေသည်။ ကိုယ့်အကြောင်းကိုလည်း သူသိသည်။ သူလည်း တစ်ယောက်တည်း၊ ကိုယ်လည်း တစ်ယောက်တည်း။ သို့သော် ကိုယ်တို့နှစ်ဦး ပေါင်းစည်းဖို့ မဖြစ်နိုင်တော့။ သူက ထွေးပြီးသားတံတွေးကို ပြန်မျိုချင်သည်ဆိုလျှင် ပင်ကိုက အာပုပ်စော်နံ၍ ထိုပါးစပ်တွင်း ပြန်မဝင်လိုတော့။

ကိုယ်လိုချင်တာတွေ အများကြီး ဆုံးရှုံးဖူးသည်။ နောက်ထပ်ဆုံးရှုံးမှု တစ်ခုအတွက် ကိုယ်မငိုလိုတော့။ ကိုယ့်မှာ မျက်ရည်မရှိတော့။ အများ အမြင်မှာတော့ ကိုယ်တို့နှစ်ဦး အေးအေးလူလူ ပေါင်းဖက်နိုင်ကြသည် ဟု ယူဆနေကြသည်။ ကိုယ်တို့နှစ်ဦးကြားက ကြီးမားသည့် အတား

အဆီးကြီးကို သူတို့မှ မမြင်ကြတာ။ ကိုယ်နှင့် သူသာသိသည့် အတား အဆီးကြီးက အခိုင်အမာ အခန့်အထည်။ နောင်ဘဝဆက်တိုင်းမှာ သူနှင့် မဆုံလိုပါဟုသာ ကိုယ်ဆိုချင်သည်။ ကိုယ်ဟာ လိုချင်တာမရလျှင် တစ်သက်လုံး မယူလိုတော့သူဖြစ်သည်။ ကိုယ့်ကြောင့် အချိန်ကုန်ခဲ့ရသူ များအတွက်လည်း ကိုယ် အလွန်စိတ်မကောင်း ဖြစ်ရပါသည်။ ကိုယ် မည်သူ့ကိုမျှ မျှော်လင့်ချက် မပေးခဲ့ဖူးပါ။ ထွက်ပြေးခဲ့သည့် အပြစ်တစ်ခု သာ ကိုယ့်မှာရှိပါသည်။

ပြက္ခဒိန်ဟောင်းများထဲက ရက်စွဲအချို့ဆီ ကိုယ် အလည်အပတ် ရောက်ရှိခိုက် မက်ခဲ့သော အိပ်မက်လေးမှာလည်း ပြီးဆုံးသွားခဲ့ပါပြီ။ အိပ်မက်ဆိုတာ တကယ်မှ မဟုတ်ဘဲလေ။ တို့ဆိုင်းတွေဝေခြင်းတစ်ခု ဆိုတာ နားလည်ထားပါသော်လည်း...။

သူတို့အချစ်၊ သူတို့ဘဝ စာအုပ်–မှ

■

## ကြေးရည်သောက်တဲ့ည

▶ မျိုးငြိမ်းဆွေ

ပူလောင်တဲ့အဆောင်ရဲ့ အခန်းကျဉ်းလေးထဲကနေ အပြင်ကို ထွက်လိုက်တော့ အေးစိမ့်တဲ့ ပတ်ဝန်းကျင်က ဆီးကြိုလိုက်တာ များကွယ်။ ကြည့်စမ်းပါဦး။ တစ်လောကလုံး ဩကာသရော သတ္တဝါပါ အိပ်စက်နေကြတယ် ထင်ပါရဲ့။ သစ်ပင်တွေ၊ အိမ်တွေကလည်း အရိပ်မည်းကြီးတွေနဲ့။ ဘေးအိမ်က ရေနံချေးသုတ်ထားတဲ့ သစ်သားနံရံပေါ်မှာ လေးဆယ်ဝပ် မီးလုံးဝါဝါတစ်လုံးပဲ လင်းနေတော့ အလင်းအဝါနဲ့ အမှောင်အနက်တွေပဲ အရောင်ရှိရဲ့။

ညမွှေးပန်းရနံ့လေးက ညဦးပိုင်းက ရလိုက်သေးတယ်၊ အခုတော့ ပြန်လည် အိပ်စက်သွားကြပြန်ပြီ။ အုန်းပင်၊ သရက်ပင်၊ ကွမ်းသီးပင်တွေကလည်း မည်းနက်နက် တချို့ရယ်၊ အဝါရောင်မီးလုံးကြောင့် ဝါတာတာတချို့ရယ်၊ သိပ်မြင့်တဲ့ အုန်းလက်တွေအောက်ဘက် မျက်နှာပြင်တစ်ခြမ်းက အဝါရောင်အလင်းနဲ့ တစ်ခြမ်းက မည်းမှောင်နေတာရယ်၊ ခပ်သေးသေး အုန်းပင်ပေါက်စရဲ့ ထောင်မတ်နေတဲ့ အုန်းလက်ကို အလင်းရောင်ဝင်ပြီး ညအမှောင်ရဲ့ နောက်ခံမှာ ထင်းနေတာ

ရယ်၊ ပြီးတော့ ဒီညမှာ စကြားရတဲ့ မိုးပေါက်ကျသံ တဖြောက်ဖြောက် ရယ်၊ တိတ်ဆိတ်နေတဲ့ ညရဲ့ အိပ်စက်မှုရယ်ကဖြင့် ငါ့အခန်းထဲမှာ ချိတ်ထားတဲ့ 'ဟင်နရီ ရူးဆိုး' ရဲ့ တောကြီးထဲက 'မြွေအလမ္မာယ် ဆရာမ' ပန်းချီကားကို ကြည့်နေရသလိုပါပဲ။

ဘယ်က မျက်စိလည်လာမှန်းမသိတဲ့ အချိန်အခါမဲ့ မိုးကလည်း ပြင်းပြင်းထန်ထန် မဟုတ်ပေမဲ့ မိုးစက်တွေမှန်း သိအောင်တော့ ဖြောက်... ဖြောက်... ဖြောက်နဲ့ သွပ်မိုးပေါ်၊ သစ်ရွက်ပေါ် ကျဆင်းနေ ပါရဲ့။ 'ရူးဆိုး' ရဲ့ ပန်းချီကားထဲမှာတော့ အလမ္မာယ်ဆရာနားမှာ မြွေ တွေ လာနေလိုက်ကြတာ လည်ပင်းမှာရော၊ သစ်ကိုင်းပေါ်မှာရော၊ မြက် တောထဲမှာရောပါပဲ။ ငါ့နားမှာတော့ ခြင်တွေပဲ တဝီဝီနဲ့ ရှိနေကြရဲ့။ ရူးဆိုးရဲ့ တောကြီးလောက် မနက်ပေမဲ့ ငါ့ရှေ့က သစ်ပင်တွေကလည်း ထူထပ်ပါတယ်။ သူ့ပန်းချီကားထဲမှာ တောကြီးရဲ့ မာယာတွေ ပြည့်နေ သလို ငါ့ရဲ့ ဟောဒီညမှာလည်း မာယာတွေပြည့်နှက်လို့ပေါ့လေ။ ပျောက်ကွယ်သွားတဲ့ ညဦးပိုင်းက ညမွှေးပန်းရနံ့လေးရယ်၊ မှေးမှိန် သွားတဲ့ ကြယ်ကလေးတွေရယ်၊ တစ်ကောင်တည်း အော်နေတဲ့ ပုရစ် ကလေးရယ်၊ သစ္စာပျက်သွားတဲ့ လူတစ်ယောက်ရယ်ဟာ ဟောဒီညရဲ့ မာယာတွေပေါ့။ သူငယ်ချင်း မိတ္တီလာကိုဖူးဝေ ပြောသလို မြွေတစ် ကောင်လို ခွေနေတဲ့ ညရဲ့လေလည်း ပါတာပေါ့လေ။

ဟင်နရီရူးဆိုးရဲ့ ပန်းချီကားထဲမှာတော့ လမင်းကြီးက ဝင်းဝင်း ဝါလို့။ သစ်ပင်တွေမှာ ဝင်းနေတဲ့ အလင်းရောင် ဝါဝါတွေကလည်း လမင်းကြီးရဲ့ အရောင်တွေပေါ့။ ငယ်ငယ်တုန်းက ကျောင်းသင်ခန်းစာ ကဗျာတစ်ပုဒ်ထဲကလို ရွှေစက် ရွှေပြောက် ရွှေရည်တွေ သောက်နေ လိုက်ကြတာ။ ငါ့ညရဲ့ သစ်ပင်တွေကတော့ လျှပ်စစ်မီး ဝါကျင့်ကျင့် အရောင်တွေ ဝင်နေတော့ ကြေးဝါရောင်တွေပဲ တောက်နေလေရဲ့။

ကြေးစက် ကြေးပြောက် ကြေးရည် သောက်နေကြတာပေါ့။ လဆန်း ညတစ်ညဆိုတော့ ဟောဒီလို သန်းခေါင်ကျော်တော့ လကလည်း ဘယ်မှာ သွားအိပ်နေတယ် မသိပါဘူး။ ငါ့မျက်စိမြင်ကွင်းထဲမှာ မတွေ့တော့ဘူး။ ပျောက်နေပြီ။

မိုးစက်တွေကျတာ ပိုပြီး စိပ်လာသလိုပဲ။ ကြောင်တစ်ကောင် အော်နေပြန်ပြီ။ ကလေးငယ်တစ်ယောက်ရဲ့ ငိုသံနဲ့တူအောင် ကြောင်တွေကို ဘယ်သူကများ သင်ပေးခဲ့သလဲ မသိဘူး။ ကျားဆရာ ကြောင်တဲ့။ ကြောင်ရဲ့ဆရာကရော။ နည်းနည်းလေး ချမ်းစိမ့်စိမ့်ဖြစ်လာပြီ။ မိုးစက်တွေ ပိုကျလာပြီး ချမ်းလာတာ မိုးလင်းခါနီးလို့များလား မသိဘူး။ ချမ်းအေးလာတာနဲ့အမျှ ငါ့ရှေ့က သစ်ပင်တွေက ပိုပိုပြီး တောနက်လာနေပြီ။ ဟောဒီအခန်းမှာ နေခွင့်ရမယ့် အချိန်လေးကလည်း မကြာခင် ကုန်ဆုံးသွားတော့မှာပေါ့။

မနက်ဖြန် ဟောဒီအဆောင်ကနေ အားလုံး စွန့်ခွာရမယ်။ ဒီအဆောင်လေးမှာ ဒီည နောက်ဆုံးအိပ်စက်ခွင့် ရကြခြင်းပါပဲ။ လူတစ်ယောက် သစ္စာပျက်လိုက်တာနဲ့ လူတစ်စုဟာ ကစဥ့်ကလျား လွင့်စဥ်သွားရတဲ့အဖြစ်ကို ခံစားနေကြတယ်။ ညီအစ်ကိုလို ချစ်ခင်မှုတွေနဲ့ အေးအတူ ပူအမျှ နေထိုင်လာခဲ့ကြတဲ့ ငါတို့ချည်း နေခဲ့တုန်းက ဘာပြဿနာမှ မပေါ်ပေါက်ခဲ့ပါဘူး။ ဒီဇာတ်လမ်းရဲ့ဇာတ်လိုက် ဟောဒီအဆောင်ကို ရောက်လာတာက စတာပါပဲ။ ဘယ်နေ့လဲလို့တော့ မမှတ်မိဘူး။ သူ့အခန်းဝမှာ တိုင်းရင်းသားနာမည်လိုလို တစ်ခုက မြေဖြူနဲ့ရေးထားတာကိုတော့ သတိပြုမိရဲ့။ ရိုးရိုးသားသား မျက်နှာပေးမျိုးနဲ့ပါပဲ။ အဆောင်ပိုင်ရှင်ဆီက ကြားရပြန်တော့ စာရေးဆရာ၊ လုံးချင်းဝတ္ထု ရေးမလို့၊ သူ့အစ်ကိုက ထုတ်ဝေသူ။ တံခါးက နာမည်က သူ့ကလောင်နာမည်တဲ့။ ငါတော့ ကြားလည်း မကြားဖူးတဲ့ နာမည်ရယ်၊

မဂ္ဂဇင်းဝတ္ထုတိုလည်း ဒီနှာမည်နဲ့ မဖတ်ဖူးတာရယ်ကြောင့် လုံးချင်းဝတ္ထု ရေးမလို့ဆိုတော့ ငါ့အဖို့တော့ တော်တော် ထူးဆန်းနေမိတယ်။ ဘာပဲပြောပြော တစ်မိုးအောက်မှာ အတူနေသူတွေဆိုတော့ ကြာတော့လည်း ရင်းနှီးကြတာပေါ့လေ။ အထူးသဖြင့် သူက စာအုပ်လေးဘာလေး ဖတ်တယ်။ အနုပညာ ဝါသနာပါတယ်ဆိုပြီး ငါတို့အခန်းနဲ့ကတော့ အရင်းနှီးဆုံးပေါ့။ "ပန်းပုဆရာရယ်၊ ဂစ်တာသမားရယ်၊ ငါရယ်" စုနေတဲ့ အခန်းထဲက "ဗုဒ္ဓ၏ အဆုံးအမအောက်၌ နေထိုင်ကြသော ဆင်၊ မျောက်၊ ခါ ညီနောင်သုံးဦး" ဆိုတဲ့ စာတန်းကို ဖတ်ပြီး သူက မေးတယ်။ "ကျွန်တော်ကတော့ ဘာလဲဗျာ" ဆိုတော့ ငါက အမှတ်တမဲ့ပါပဲ၊ "ကျားပေါ့" လို့ပြောလိုက်တယ်။

နောင်တော့လည်း သူဟာ တကယ်ပဲ ကျားတစ်ကောင် ဖြစ်နေခဲ့တာပါပဲ။ တစ်ရက်မှာ သူ့အခန်းဖော် အင်္ကျီပျောက်တယ်။ အဆောင်မှာ အင်္ကျီပျောက်တယ်ဆိုတာ ရေထဲ 'ခဲလုံး' ကျတာလောက်တောင် မထူးဆန်းတာမို့ "ဟုတ်လား" ဆိုတာလောက်ပါပဲ။ နောက်တော့ ရက်ခြားဆိုသလိုပါပဲ။ ဂျီတီအိုင်ဆင်း ကန်ထရိုက်နှစ်ယောက်က ပုဆိုးတွေပျောက်တယ်။ မန္တလေးက ကုန်ဝယ်တဲ့ ကိုယ်စားလှယ် အင်္ကျီပျောက်တယ်။ ရူပဗေဒကျောင်းသား အင်္ကျီတွေပျောက်တယ်။ ငါတို့အဖို့တော့ ဘာမျှ မထူးဆန်းပါဘူး။ တို့အခန်းလည်း ခိုးလှည့်ပါဦးလို့တောင် အော်အော်နေလိုက်သေးရဲ့။ တစ်ရက်ကျတော့ ငါတို့အခန်း အခိုးခံလိုက်ရတယ်။ ဒါပေမဲ့ မိုးကုတ်က အလည်လာတဲ့ သူငယ်ချင်းအင်္ကျီပဲ ပါသွားတယ်။ အကုန်တော့ မဟုတ်ပါဘူး။ နှစ်ထည်ပဲဆိုတော့ သူကလည်း ပြုံးပြုံးပါပဲ။ ယူပါစေတဲ့။ ဒါပေမဲ့ အခန်းထဲမှာထားရင်း ပျောက်သွားတာဆိုတော့ အဆောင်ပိုင်ရှင်လည်း စိတ်ညစ်သွားတယ်။ ပျောက်တဲ့ပစ္စည်းတွေက သူတို့ဟာ ဒီအဆောင်က လူတစ်ယောက်ရဲ့ ယူဆောင်

ခြင်းကို ခံရတာပါလို့ ညွှန်ပြသွားကြရဲ့။ တစ်ဆောင်လုံး နည်းနည်းတော့ လှုပ်ခတ်သွားကြတယ်။

မကြာပါဘူး။ တစ်ပတ်မပြည့်ခင်မှာတင် ထိခိုက်လောက်အောင် ဒုတိယအကြိမ် အခိုးခံလိုက်ရပြန်တယ်။ ငါတို့က အလှည့်ကျ ပြီးသွားပြီ ထင်နေတာ။ ကျားတွေဟာ သူတို့သားကောင်ကို နောက်နေ့မှာ လာစားတတ်သေးကြောင်းကို လက်တွေ့ပြလိုက်တာ ထင်ပါရဲ့။ ပန်းပု ဆရာကတော့ပြောတယ်။ ဒီတစ်ခါ ခိုးသူအပြစ် မဟုတ်တော့ဘူး။ ငါတို့အပြစ်တဲ့။ ဟုတ်ပါတယ်။ ငါတို့က အခြားခန်းတွေလို အော်ကျယ် အော်ကျယ် မလုပ်ပါဘူး။ ဒီတစ်ခါမိရင် ရိုက်မယ်၊ နှက်မယ်၊ တွေ့မယ် လို့လည်း မကြိမ်းမောင်းပါဘူး။ ခံလိုက်ရပြန်ပြီလို့ သတင်းပေးရုံလောက် ပါ။ ဒါပေမဲ့ အိပ်ရာဘေး ခေါင်းအုံးအောက်မှာ ထားတာတွေ ပျောက် သွားတယ်ဆိုတော့ မုဆိုးတွေ ပြောသလိုဆို စွတ်ကြောင်းကြီးက ထင်း လို့။ မြေလျှိုး မိုးပျံခြင်းကလွဲရင် အခန်းထဲ ဝင်ယူမှရတာ။ ဒီအခန်းထဲ ဝင်တာ၊ ထွက်တာကလည်း အဲဒီ ဇာတ်လိုက်တစ်ယောက်တည်း။ ဘယ်နား ဘာရှိ သိတာလည်း သူပဲ။ အဆောင်ပိုင်ရှင်က စပြီး တစ် ဆောင်လုံး ရိပ်မိနေကြတယ်။ အဆောင်ပိုင်ရှင်က စိတ်ဓာတ်ကျသွားပြီး တစ်ခါမှ မခေါ်ဖူးတဲ့ အစည်းအဝေး ခေါ်တယ်။ ရပ်ကွက်ကလည်း သိကုန်ပြီတဲ့။ အဆောင် နာမည်ပျက်တယ်။ ဒီတစ်ခါ ပစ္စည်းပျောက် ရင် အဆောင်ကို ပိတ်မယ်လို့ ကြေညာတယ်။

အဆောင်ပိုင်ရှင် လင်မယားက ငယ်ငယ်ပဲ။ သဘောကောင်း တယ်။ အားလုံးနဲ့ အဆင်ပြေတယ်။ ကိုယ့်အိမ်လိုပဲ။ လခမပေးလည်း ငါးလခြောက်လ နေလိုက်တာပဲ။ ရေကို ကုန်နိုင်ရဲ့ သောက်ပါတို့၊ အိမ် သာတက်ပြီးလျှင် တံခါးပိတ်ပါတို့၊ ဆယ်နာရီထိုးလျှင် မီးပိတ်ပါတို့ စာတွေလည်း ရေးမထားပါဘူး။ အထူးသဖြင့် တို့အခန်းကိုတော့ သည်း

အခံဆုံးပါပဲ။ ပန်းပုဆရာက ပြပွဲတင်ဖို့ ရက်နီးရင် တဒေါက်ဒေါက်နဲ့ ကျောက်ဆစ်တဲ့အသံ၊ ကိုဦးရဲ့ ဂစ်တာစကေးလ် ကျင့်သံတွေကို အဆောင်သားတွေနဲ့အတူ ပိုင်ရှင်လင်မယားကလည်း ကောင်းကောင်းကြီး အောင့်နိုင်ထားတယ်။ ဒီတော့ ငါတို့အပါအဝင် အားလုံး ဒီအဆောင်ကလေးကို စွန့်လွှတ်ရမှာ ကြောက်တယ်။ ဒါကြောင့်ပဲ ဓာတ်လိုက်ကို နောက်တစ်ခါ ထပ်မလုပ်ပါစေနဲ့လို့ အိပ်ရာဝင်တိုင်း ငါတို့အားလုံး မေတ္တာပို့ရတယ်။

ဒါပေမဲ့ ဓာတ်လိုက် သစ္စာပျက်သွားတယ်။

ငါတို့ရဲ့ စေတနာ၊ မေတ္တာတွေအပေါ် အေးဆေးနေတတ်တဲ့ ဆင်၊ မျောက်၊ ခါတို့ရဲ့ သဘောကောင်းမှုအပေါ် အနိုင်ကျင့်ပြီး တတိယအကြိမ်မြောက် ခိုးလိုက်တယ်။ နောက်ဆုံးပစ်မှတ်က ငါဖြစ်နေတော့တယ်။ သူ အခင်ဆုံးက ငါတဲ့။ ဒါတော့ ဟုတ်ပါတယ်။ ဒါကြောင့်လည်း ငါ့ကို နောက်ဆုံးမှ ခိုးခြင်းနဲ့ သူ့ရဲ့ခင်မင်မှုကို ပြလိုက်တာထင်ပါရဲ့။ ငါ့ပစ္စည်းတွေကို ဒီလိုရှောင်နေလို့လည်း ဘယ်သူ ခိုးတယ်ဆိုတာ အားလုံးထက် ကြိုပြီး ငါသိနေနှင့်တာပေါ့။

တစ်ရက်ကျတော့ ငါတို့ ဆင်၊ မျောက်၊ ခါ သုံးကောင် နေမြင့်မှ အိပ်ရာက ထပြီး အဆောင်က ထွက်တယ်။ အဲဒီအချိန်မှာ ဓာတ်လိုက်က မရှိပါဘူး။ ကိုဦးက ခိုးသူကို အတိအကျ သိချင်နေတယ်။ သူက ဘာသာပြန် စပိုင်ဝတ္ထုတွေ အဖတ်များတော့ မနက် အဆောင်ကထွက်ရင် တစ်ပေါက်တည်းသော ငါတို့ အခန်းတံခါး အောက်ခြေမှာ 'ဆယ်လိုတိပ်' အကြည်လေးတွေ စီပြီး ကပ်တယ်။ ပြန်လာရင် အဲဒါကိုကြည့်ပြီးမှ တံခါးဖွင့်တယ်။ ရက်နှစ်ဆယ်လောက် အကြာအထိ 'တိပ်' လေးတွေက ပြန်လာရင် ကပ်လျက်ပါပဲ။ 'တိပ်' ဖိုး ဆယ့်ငါးကျပ်လောက်ကုန်တာပဲ အဖတ်တင်တယ်။ ဘာပစ္စည်းမှလည်း မပျောက်ပါဘူး။

အဲဒီရက်ကတော့ ငါတို့ ပြန်အလာမှာ ကပ်ထားခဲ့တဲ့ 'တိပ်' အကြည်စ လေးတွေက ကွာနေပြီ။ ဆဋ္ဌမအာရုံတွင် မကပါဘူး။ နဝမရော၊ ဒသမ အာရုံတွေ အရပါ အဝတ်အစားတွေ အခိုးခံရပြီလို့ ကြိုသိလိုက်ရတယ်။

အတိအကျပါပဲ။ ငါ့အိပ်ရာအောက်ကို လှန်ကြည့်တော့ အမေ ဝယ်ပေးသွားတဲ့ သေနတ်သုံးလက်တံဆိပ်နဲ့ အင်္ကျီလေးထည်က မရှိ တော့ဘူး။ အမေဝယ်သွားပေးတဲ့ အင်္ကျီတွေဆိုတော့ ငါ့ဒေါသ လွတ် ထွက်သွားတယ်။ ဆူဆူညံညံပဲ အခိုးခံရကြောင်း ပြောဆိုမိတော့ တစ် ဆောင်လုံးနဲ့ အဆောင်ပိုင်ရှင်ပါ သိသွားတယ်။ ငါကလည်း ဒီတစ်ခါ နောက်ဆုံးအကြိမ်ပါလားဆိုတာ ရုတ်တရက် မေ့သွားတော့ အဲဒီညမှာပဲ အဆောင်အစည်းအဝေးခေါ်တယ်။ တစ်လ နေခွင့်ပေးပြီး အဆောင် ပိတ်လိုက်ပြီလို့ ပိုင်ရှင်က ဝမ်းနည်းစွာနဲ့ပဲ ကြေညာလိုက်တယ်။ တကယ်တော့ အဆောင်ပိုင်ရှင်က မပိတ်ချင်ပါဘူး။ မခိုးတော့အောင် ဖိအားပေးလိုက်တာပဲ။ ဒါပေမဲ့ ဇာတ်လိုက်က ဇာတ်တူသား စားလိုက် တယ်။ ဟသ်ာကိုးသောင်းတော့ မပျက်ပါဘူး။ လူကိုးယောက် ကစဉ့် ကလျား ဖြစ်ရတော့မယ်။ အဲဒီ နောက်ဆုံး အစည်းအဝေးမှာ အားလုံးရဲ့ မျက်လုံးတွေက သူ့ဆီမှာ။ အဆောင်ပိုင်ရှင်က သူ့ကို စိုက်ကြည့်ပြီး အားလုံးကို အခွင့်အရေးတစ်ခု ကြေညာပေးတယ်။

"သိကြတဲ့အတိုင်းပဲ။ ခိုးတဲ့သူဟာ ခင်ဗျားတို့ထဲကပဲ။ အဲဒီတော့ အားလုံး ဒုက္ခမရောက်ရအောင် ပစ္စည်းတွေကို ယူမိတဲ့သူဟာ ကိုယ့် ကိုယ်ကိုယ် ဝန်ခံလိုက်ပါ။ ဒါမှမဟုတ် အလိုက်တသိ အဆောင်က ထွက်သွားလိုက်ပါ။ အဆောင်ကို မပိတ်ဘဲ ဆက်ထားပေးပါ့မယ်" လို့ တစ်လအတွင်း ဝန်ခံနိုင်ခွင့်နဲ့ ထွက်သွားခွင့် ပေးလိုက်တယ်။

ဒါပေမဲ့ ဟောဒီ နောက်ဆုံးညအထိ ဝန်မခံပါဘူး။ ထွက်လည်း ထွက်မသွားပါဘူး။ အားလုံး စိတ်ဆင်းရဲနေတယ်။ မနက်ဖြန်ဆို

အဆောင်က ထွက်ကြရမယ်။ အခန်းအားလုံး မီးပိတ်ထားပေမဲ့ မအိပ်ကြသေးပါဘူး။ ဟောဒီညကို သက်ပြင်းတွေနဲ့ တည်ဆောက်နေကြတယ်။ အဆောင်ပိုင်ရှင်က အဲဒီဓာတ်လိုက်မပါဘဲ ကျန်တဲ့သူတွေကို ပြောတယ်။ "ငါ သူ့ကို ဖြောင့်ပဲ ဖွင့်ပြောပြီး ထွက်ခိုင်းလိုက်မယ်" တဲ့။ ကျန်တဲ့ အဆောင်သားတွေက သဘောတူကြတယ်။ ငါတို့ ဆင်၊ မျောက်၊ ခါက ဒီလို မလုပ်စေချင်ဘူး။ သူ ဘယ်လောက်ရိုင်းရိုင်း လူတစ်ယောက်ရဲ့ ဂုဏ်သိက္ခာနဲ့ လူသားတစ်ယောက်ဖြစ်တယ်ဆိုတဲ့ အချက်ကို လေးစားတယ်။ အဆောင်နေသူအချင်းချင်း၊ အဆောင်လခ မှန်မှန်ပေးနိုင်သူ အချင်းချင်း လက်ဆုပ်လက်ကိုင် မမိဘဲနဲ့ ခင်ဗျား အကျီတွေခိုးတယ် မဟုတ်လားလို့ လုံးဝ မမေးနိုင်ဘူး။ ဒါကြောင့် အဆောင်ပိုင်ရှင် ဦးဆောင်ပြီး ကိုးယောက် မဲခွဲတယ်။ ဖြောင့်ပဲ မဲပေးကြတော့ ဆင်၊ မျောက်၊ ခါ ရယ်၊ ရုံးလုလင် ကိုစံရွှေရယ်၊ ရူပဗေဒ ကျောင်းသားရယ်က သူ့ဘက်က လိုက်တယ်။ ကိုးယောက်မှာ ငါးယောက်က ကာကွယ်တော့ ဓာတ်လိုက် ကံကောင်းပြန်တယ်။ မန္တလေးက ကုန်အဝယ်တော်က ပြောတယ်။ "ခင်ဗျားတို့ ဆင်၊ မျောက်၊ ခါကတော့ အနုပညာသမားတွေဆိုတော့ ခပ်ကြောင်ကြောင်မို့ ထားပါတော့ဗျာ။ ခွင့်လွှတ်ပါတယ်။ ဟိုနှစ်ယောက်က တော်တော် သဘောကောင်းနေကြတယ်။ ဒီကောင် မထွက်ရင် တစ်ဆောင်လုံး ထွက်ရတော့မှာ။ ကိုစံရွှေ၊ ခင်ဗျားကို ဘယ်အဆောင်ကမှ ငှားမှာ မဟုတ်ဘူး" တဲ့။ နောက်ဆုံး အားလုံးက ငါ့ကို တောင်းဆိုကြတယ်။ မင်းနဲ့အရင်းနှီးဆုံးမို့ မင်းနည်းမင်းဟန်နဲ့ နောက်ဆုံးတစ်ကြိမ်တော့ ဒီကောင့်ကို ဝန်ခံခိုင်းကြည့်ရမယ်တဲ့။ ရှစ်ယောက် တစ်ယောက်ဆိုတော့ ငါက လိုက်လျောလိုက်ရတယ်။

ငါက မဟောသဓာ မဟုတ်ပါဘူး။ မဟောသဓာလိုလည်း

အများရှေ့မှာ တရားမစီရင်ပါဘူး။ တစ်ရက်၊ ညမိုးချုပ်ချုပ်မှာ သူက မခေါ်ရဲလို့ စကားမပြောကြတဲ့ ကြားကနေ အင်းလျားကန်ပေါင်ပေါ်ကို ခေါ်ပြီး မေးတယ်။ ရှင်းရှင်းပါပဲ။ "ကဲ… ခင်ဗျားနဲ့ ကျွန်တော်နဲ့ ဘာမှ ပြောစရာ မလိုဘူး။ ရက်စ် အော် နိုး တစ်လုံးသာ ဖြေတော့" လို့ဆိုတော့ "နိုး" တဲ့။ ဒါတွင် မပြီးသေးဘူး။ မျက်ရည်တလည်လည်နဲ့ စကားတွေ ရှည်နေသေးတာ။ ငါက သိနှင့်နေပြီးသားပဲ။ တော်ပြီ၊ ဘာမျှ ပြောမနေ ပါနဲ့ဆိုပြီး အဆောင်သားတွေကိုတော့ "နိုး" တစ်လုံးပဲ ပြန်ပြောခဲ့ရ တယ်။

အဆောင်ရဲ့ ပဋ္ဌမအကြိမ်၊ ငါတို့အခန်းရဲ့ ပထမအကြိမ် အခိုးခံ ရတုန်းက ညှော်သည်ပစ္စည်းတွေကို လုပ်တယ်။ အကုန်ယူနိုင်ရက်နဲ့ နှစ်ထည်ပဲယူတယ်။ ဒုတိယအကြိမ်မှာ ငါ့ပစ္စည်းတွေချန်ပြီး မျောက်နဲ့ ခါရဲ့ပစ္စည်း နည်းနည်းယူတယ်။ တတိယအကြိမ် နောက်ဆုံးကျမှ ငါ့ ပစ္စည်းတွေကို ခေါင်းအုံးအောက်ကနေ ယူသွားတာ။ ပြီးတော့ ဟောဒီ တစ်ဆောင်လုံး ငါကလွဲရင် အဲဒီ ဓာတ်လိုက်တစ်ယောက်ပဲသိတဲ့ ငါ့ရဲ့ လက်စွပ်ပါးပါးလေးတစ်ကွင်း။ "အာရှတိုက်ရဲ့ အလင်းရောင်" စာအုပ် ကို ဖုံးထားတဲ့ အဖုံးကြားထဲမှာ ထည့်ထားတဲ့ အဲဒီလက်စွပ်လေးကို ယူသွားတာ။ မျောက်နဲ့ခါတောင် ငါက အသိမပေးရဲဘူး။ ဒါကိုသိရင် တန်အောင် အရိုက်ခံရလောက်တယ်။ သူသိပ်ပြီး ချစ်ခင်ပါတယ်ဆိုတဲ့ ငါ့ကို နောက်ဆုံးကျမှ အိတ်နဲ့ လွယ်သွားတော့တာကိုး။

အဆောင်မှာ ပစ္စည်းတွေ စပျောက်တုန်းက ငါတို့က သူ့ကို အဆောင်မှာ အနေများလို့ သော့အပ်ထားခဲ့တာ။ ငါတို့အခန်း အခိုးမခံ ရခင်လေးမှာပဲ သော့ပြန်အပ်သွားခဲ့တယ်။ ငါတို့အခန်း ဒုတိယအကြိမ် ပျောက်ပြီး တစ်ပတ်လောက်နေတော့ တစ်ညမှာ ဓာတ်လိုက်တစ် ယောက် အရက်အတော်မူးပြီး ပြန်လာတယ်။ တစ်ဆောင်လုံး အိပ်နေ

ကြပြီ။ ငါတစ်ယောက်ပဲ အိပ်မပျော်ဘဲ ကျန်နေတာ။ အလဲလဲ အပြိုပြိုနဲ့ အခန်းထဲဝင်သံတွေ ကြားရပြီး မကြာခင် ဟောက်သံတွေ ကြားလာရ တော့ အဆောင်တံခါးကို ငါပဲ ပိတ်ရတော့မှာပါလေဆိုပြီး မီးဖွင့်၊ အပြင် ကို ထွက်လိုက်တော့ သူ့အခန်းမှာ တံခါးဖွင့်ပြီး သော့ခလောက်ကို ဖြုတ်ယူမသွားဘူး။ သော့တံကလည်း တန်းလန်းပဲ။ တစ်ချောင်းတည်း ရှိတဲ့ သော့တံက နှစ်ချောင်းဖြစ်နေတယ်။ အပ်ချိတ်ထဲမှာ ထည့်တွဲ ထားတဲ့ အပိုသော့တံက လမ်းဘေး ကုလားဆိုင်မှာ ထပ်လုပ်ထားတာ မျိုးဆိုတော့ ငါလည်း ရုတ်တရက်ပဲ ဘယ်အရာက စေ့ဆော်တယ် မသိ ပါဘူး။ ငါ့အခန်းက သော့ခလောက်ကို ယူပိတ်ပြီး သူ့ရဲ့ပိုနေတဲ့သော့ နဲ့ အသာလေး ဖွင့်ကြည့်လိုက်တော့ ဘုရားရေ အလွယ်တကူပါပဲလား။ အဲဒီတစ်ညလုံး သူ့ရဲ့ ပက်စက်မှုအပေါ် အံ့သြပြီး အိပ်လို့မပျော်ခဲ့ဘူး။ သူ့ဆီ သော့အပ်ထားတုန်းက အပြင်ကိုယူပြီး သော့တူ ထပ်လုပ်ထားခဲ့ တာကိုး။ ဒါကြောင့် တတိယအကြိမ်ဟာ မဝေးတော့ဘူးဆိုတာ သိရက် နဲ့ မလုပ်လောက်တော့ပါဘူးလို့ တွေးရင်း ခံကြည့်လိုက်ရတာပါပဲ။ နောက်နေ့တွေကျတော့ သော့တံက တစ်ချောင်းတည်း ပြန်ဖြစ်သွား ရော။ ငါ ဘယ်သူ့မှ ဒီနေ့ထိ ပြောမပြဖြစ်ခဲ့ပါဘူး။ ဒါပေမဲ့ ငါ့ရဲ့ အားနာမှု၊ ညီမျှစေချင်မှုတွေက ဘာမျှ အထောက်အကူ မပြုလိုက်ဘူး။ ငါတို့ရဲ့ ခင်မင်မှု၊ တန်ဖိုးထားမှု၊ သစ္စာရှိမှု၊ ဘာသာတူချင်း နားလည်မှု တွေကို သူက စတေးပစ်လိုက်တာပါပဲ။

တကယ်တော့ ဒါဟာ ခိုးမှု မဟုတ်ပါဘူး။ အကြီးအကျယ် သစ္စာပျက်မှုပါပဲ။ ငါတို့ကလည်း ဘာလို့များ တခြားသူတွေလို ဒါဟာ ခိုးမှုပဲ။ ခံရသူပီပီ ဒေါသနဲ့ တုံ့ပြန်ရမှာပဲလို့များ ဘာကြောင့် ဖြောင့် ဖြောင့်တန်းတန်း မတွေးနိုင်ရတာလဲလို့ မသိတော့ပါဘူး။ ဘာပဲပြော ပြော လူတစ်ယောက် သစ္စာပျက်လိုက်တာနဲ့ လူတစ်စု ဒုက္ခရောက်ရ

တော့မယ်။ မနက်ဖြန်မနက် ဟောဒီ အဆောင်ကနေ အားလုံး ထွက်ခွာကြရတော့မယ်။ ထူးဆန်းတယ်။ ဓာတ်လိုက်အပါအဝင် ဆယ်ယောက်စလုံး နောက်ဆုံးညအထိ ဟောဒီအဆောင်ကို ဖက်တွယ်နေကြတုန်းပဲ။ ဒါပေမဲ့ ကောင်းကောင်း အိပ်ပျော်နေတာကတော့ ဓာတ်လိုက်တစ်ယောက်ပါပဲ။ တစ်ရက်ထက် တစ်ရက် ညစ်နွမ်းပြီး အရောင်တွေ မှိန်မှိန်လာတဲ့ သူ့မျက်နှာရယ်၊ ကြေမွစုတ်ပြတ်နေတဲ့ သူ့ရဲ့သိက္ခာရယ်ကို ဖက်တွယ်ထားရင်းပေါ့လေ။

ညကလည်း ပိုလို့ပိုလို့ နက်ရှိုင်းလာနေတယ်။ မကြာခင် ငါတို့ ဆင်၊ မျောက်၊ ခါလည်း ခဏ ခွဲနေကြရဦးတော့မယ်။ ငါတို့ ထွက်ခွာသွားတဲ့အခါ ဟောဒီ အဆောင်လေးက ငါ့အတွက် သမိုင်းဟောင်းတစ်ခုကို လက်ဆောင်ပေးလိုက်တော့မှာပါ။ ငါရော ဟောဒီအဆောင်လေးမှာ ဘာတွေ တိုးတက်ခဲ့သလဲ။ ဘာတွေ ဆုံးရှုံးခဲ့လဲ။ ငါတို့မြို့ ပြန်တုန်းက ရိုက်လာခဲ့တဲ့ အင်းဝခေတ် နံရံပန်းချီတွေ မှိုတက်ပြီး ပျက်စီးသွားခဲ့တယ်။ ဝတ္ထုတိုနှစ်ပုဒ် မဂ္ဂဇင်းထဲပါဖူးတယ်။ ဘာသာပြန်စာအုပ်တွေ ဖတ်ရင်း တပ်ကြပ်ကြီး စတိုင်းနားနဲ့ ရင်းနှီးခဲ့ဖူးတယ်။ လင်းယုန်တွေနဲ့အတူ မြေကို ဆင်းသက်ခဲ့ဖူးတယ်။ ဒတ်(စ်)ပစ်နဲ့အတူ ပင်လယ်ကြမ်းပြင်အောက်ခြေကို လိုက်ဖူးတယ်။ အဲဒီဝတ္ထုတွေနဲ့ မိတ်ဆက်ပေးတဲ့ ကိုဦးဆီကနေ 'မတ် နော်ဖလာ' ရဲ့ ဂစ်တာစကေးလ်နှစ်ခုကို ချောချောမွတ်မွတ် တီးနိုင်ခဲ့တယ်။ အင်္ကျီအဝတ်အစားတွေ ပျောက်ဖူးတယ်။ အင်းလျားကန်ပေါင်ပေါ်မှာ လက်တစ်ကမ်းက လွဲလို့ ဘာမျှ မမြင်ရအောင် နှင်းတွေကျတာ နှစ်ခါ ကြုံဖူးတယ်။ ပုဂ္ဂလိက အလုပ်နှစ်ခု ပြောင်းလုပ်ဖူးတယ်။ အလုပ်စာမေးပွဲ တစ်ကြိမ် ဖြေဖူးတယ်။ အခန်းသော့ သုံးခါတိတိ ဖျက်ရဖူးတယ်။ သူ့ကိုယ်သူ 'ရှိဒင်' နဲ့ 'မိုက်ကယ်အိန်ဂျယ်လို' ဝင်စားတယ်ပြောတဲ့ ပန်းပုဆရာဆီကနေ စူဠဝဂ္ဂပါဠိတော်

နှစ်ပိုဒ် ရဖူးတယ်။ သိပ်ချစ်တဲ့ မွေးစားအမေနဲ့ သိပ်ချစ်တဲ့ ရည်းစား ကြားမှာ လွဲမှားစွာ ကြားညပ်နေရတဲ့ ကာလတွေကို လက်ထဲ ဆုပ်ကိုင် ရဖူးတယ်။

အဆောင်ပိုင်ရှင် လင်မယားကတော့ မနက်ဖြန်မနက်မှာ ကန့် လန့်ကာတစ်ချပ်ကို ချလိုက်တော့မယ်။ မနက်ခင်း အလင်းတွေ လာနေ ပြီလို့ ထင်တယ်။ နေရစ်ခဲ့ပေဦးတော့ ပန်းပုဆရာ ခါ့ငှက်ကြီးပြောတဲ့ 'ကြာသပတေး၊ သောကြာ၊ ရာဟု' ဆောင်ကလေးရေ။ နေရစ်ခဲ့ပေဦး တော့ ဂစ်တာသမား မျောက်ကြီးပြောတဲ့ 'ဆို၊ လာ၊ ဒိုး' အဆောင် ကလေးရေ။ နေရစ်ခဲ့ပေဦးတော့ အိမ်နံပါတ် ၅၆၈၊ အဆောင်လေးနဲ့ သစ္စာပျက်တဲ့ လူတစ်ယောက်ရေ။

"နေရစ်ခဲ့ပေဦးတော့ ကြေးရည်သောက်တဲ့ ညကလေးရေ"

ပန်းဝေသီမဂ္ဂဇင်း၊ ဧပြီ၊ ၁၉၉၆။

■



ကမာရွတ်လှည်းတန်းနှင့် အနီးတစ်ဝိုက်



▶ တော်တီဆွေ

## ထမင်းဖြူ သုံးရာဖိုး

▸ မိုးကျော်သူ

ထမင်းဖြူ သုံးရာဖိုး
ဆိုင်ရှင်က မော့မကြည့်ဘူး
အန်တီ ထမင်းဖြူ သုံးရာဖိုးလောက်
မကြားဘူး ထင်တယ်

ကျောပေးထားတဲ့ ကားဟွန်းသံပဲ
ငါ့ကိုများ မမြင်ရဘူးလား
ငါဟာ တမန်တော်များလား
ငါ ဘယ်သူ့အိပ်မက်ထဲ ရောက်နေတာလဲ

ဒီမယ်... အန်တီ
ထမင်းဖြူသုံးရာဖိုးဆီ ဘယ်ကား စီးရမှာလဲ
ကျွန်တော် လေယာဉ်ပျံများ ပျက်ကျနေတာလားဗျာ
လည်မှန်းမသိဘဲ လည်နေတဲ့ ကမ္ဘာပဲ

ဂူအောင်းလူသားတွေဟာ
ဂူနံရံတွေမှာ ပုံတွေ ရေးခြစ်ထားခဲ့ကြတယ်

ဖိုထဲက ဆွဲထုတ်ထားတဲ့ ခရမ်းသီးမီးဖုတ်တစ်လုံးလို
အထပ်ထပ် အထောင်းခံထားရတဲ့
ငါးခြောက်ထောင်း တစ်ပွဲလို
ငါ သိဖူးတဲ့ ငါ စီးဖူးတဲ့

ငါ့အူနံရံတွေမှာ ဆူညံနေတဲ့
ထမင်းဖြူ သုံးရာဖိုး ကဗျာ။။

၁၂-၁-၁၉။

ရှစ်လုံးထိုးကဗျာများစာအုပ်–မှ

## ဖြတ်သွားတဲ့ကားထဲက ကျွန်တော်

▸ မိုးကျော်သူ

မြေ တာ်ပါပြီ နေပါတော့ သုံးဘီး
ပြောရအောင်
ခင်ဗျားကော်လာက ဘယ်လောက်ကြီးလို့လဲ

ဖလဲဘောင်းဘီ သိလား
ဖီးဂျက်ကက်ကြီးတွေကို လက်မောင်းအထိ လိပ်တင်လို့
ဘလိုင်းထီးဆိုင်
အစီခံစီးကရက်
လက်ရွေးစင်ကော်ဖီ ရှုဖူးလား

ဂစ်တာလာတီးတဲ့ ညတွေ
အကြိမ်တစ်ထောင် ကျော်ပြီလေ
ငြိမ်းချမ်းရေးနှင်းဆီ သိလား

သမိုင်းလမ်းဆုံဆိုတာ
စာကပ်ထားတာ မဟုတ်ဘူး
(ဘဝဆိုတာ
ရွှေ့လျားမှု ဘယ်လောက်သား ယူမှာလဲ
ခင်ဗျားကို ခုတ်ပိုင်းပေးလိုက်တာပါပဲ)

ခင်ဗျား ဝယ်ချင်တာလည်း
ဝယ်လို့ မရဘူးလေ
ခင်ဗျား အသားက
ဘယ်လောက် ထူလို့လဲ။ ။

၁၈-၁၁-၂၀၁၇။

ရှစ်လုံးထိုးကဗျာများစာအုပ်–မှ